www.burmeseclassic.com

# မနောမဟိဒ္ဓိ

## ဒဿကျော်စွာ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် – ၅၀၀၅၆၁၃၀၅၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၅၀၁၁၇၃၁၀၁၀

ထုတ်ဝေသူ – ဦးဝင်းသူရလွင်
(အိပ်မက်အသစ်စာပေ)
၃၈ (၃ လွှာ)၊ ၁၅၃–လမ်း။
တာမွေမြို့နယ်။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် – ဦးဇော်မြင့်ဝင်း၊
(ကာလာရှန်ပုံနှိပ်တိုက်)
၁၈၄ (ဘီ)၊ ၃၁ လမ်း (အထက်)
ပန်းဘဲတန်းမြို့နယ်။

မျက်နှာဖုံးဒီဇိုင်း – Dattha Giri

ပုံနှိပ်ခြင်း – ပထမအကြိမ်
နိုဝင်ဘာလ၊ ၂၀၁၀ ခုနှစ်

အုပ်ရေ – ၁၀၀၀

တန်ဖိုး – ၁၆၀၀ ကျပ်

၈၉၅ . ၈၃
ဒဿကျော်စွာ
မနောမယဣဒ္ဓိ/ ဒဿကျော်စွာ ၊ – ရန်ကုန်
အိပ်မက်အသစ် ၊ ၂၀၁၀။
၁၆၈– စာ၊ ၁၂'× ၁၈ . ၅ စင်တီမီတာ။
(၁) မနောမယဣဒ္ဓိ


[illegible] ထွက်ရှိပြီးစာအုပ်များ


၉။ မိုးရာသီပတ်ပျိုး — တာရာမင်းဝေ၊ ဝေမှူးသွင်
၁၀။ ကမ်းဝေးလှောင်အိမ် — သစ္စာနီ၊ မင်းဆိုက်စိုးစန်
၁၁။ မှကြိုတစ်ဦးဖော်ဖာလှဒါအရသာ — ဝေမှူးသွင်
၁၂။ ကြက်ခြေခတ်နှစ်ခု — တာရာမင်းဝေ၊ ဝေမှူးသွင်
၁၃။ မင်းလူ...ဝေမှူးသွင်...L မင်းပြည့်မွန် — မင်းလူ၊ ဝေမှူးသွင်၊ L မင်းပြည့်မွန်
၁၄။ တစ်ဝက်တစ်ပျက်ည — မင်းဆိုက်စိုးစန်၊ L မင်းပြည့်မွန်
၁၅။ ငှက်ဆိုးတွန်ချိန် — သတိုးဇေတ
၁၆။ စောင့်နေသူ — သတိုးဇေတ
၁၇။ ညည့်နက်သန်းခေါင်ခွေးတစ်ဟောင် — သတိုးဇေတ
၁၈။ ဂျစ်ပစီသင်ခန်းစာ — လင်းညို့သွေး
၂၀။ မိစ္ဆာမျက်ရည် — ဒေဝလကျော်
၂၁။ စွဲလမ်းခြင်းခရီးသည် — သတိုးဇေတ
၂၂။ မာယာကစားပွဲ — လင်းညို့သွေး
၂၃။ အပြာရောင်မှတ်ဉာဏ်အပိုင်းအစများ — ဝေမှူးသွင်
၂၄။ ချစ်သူရှာ — လူနေ
၂၅။ အမှောင်ကြောက်သူ — သတိုးဇေတ၊ ဒေဝလကျော်
၂၆။ ညည်းတွားရှိုက်တဲ့ဖုံသံ — သတိုးဇေတ
၂၇။ ဦးချင်ကြီး — ဒီဗွကျော်စွာ
၂၈။ ပန်းဝင်စား — ဝေမှူးသွင်
၂၉။ ခေးရယ် — လူနေ
၃၀။ ကလေးအတွေး Essay — မင်းဆိုက်စိုးစန်
၃၁။ ကိန္နရာပြည်သို့ အလည်ရောက်သူ — ဒီဗွကျော်စွာ
၃၂။ ဘာဆိုလားပဲ — လူနေ
၃၃။ ခေါင်းညိတ်ပြေးတဲ့ အရိပ်ကလေး — ဝေမှူးသွင်
၃၄။ လိပ်ပြာခွံတဲ့ည — ဒဿကျော်စွာ
၃၅။ စေညွှန်ရာကြမ္မာဆိုး — သတိုးဇေတ
၃၆။ 25 — လူနေ
၃၇။ နှင်းဆီရောင်မှန်တိုင်း — ဝေမှူးသွင်
၃၈။ အလင်းအမှောင်ကကြိုး — ဝေမှူးသွင်
၃၉။ မိုနိုပိုလီ — လူနေ
၄၀။ ဆင်ဝင်စားတဲ့လူ — ဒတ္တကျော်စွာ
၄၁။ လမိုက်ညခေါ်သံ — ဒဿကျော်စွာ
၄၂။ သွေးနကွတ်ရှင် — ဒတ္တကျော်စွာ
၄၃။ အချိုမြစ် — လူနေ
၄၄။ နတ်သမီးအဆောင် — လူနေ
၄၅။ ဝိဘတ်ကြမ္မာ — ဒဿကျော်စွာ
၄၆။ ဘူတာကြီး — လူနေ
၄၇။ သက်ပျောက်သစ်ပင် — ဒဿကျော်စွာ
၄၈။ စွယ်နီဆင်ရိုင်း — သတိုးဇေတ
၄၉။ နဂါးခံတွင်းခရီးသည် — ဒတ္တကျော်စွာ
၅၀။ တတိယမျက်လုံးရှင် — ဒဿကျော်စွာ
၅၁။ ပါဆယ် — လူနေ
၅၂။ ခေါင်း..ခေါင်း..ခြေတစ်ချောင်း — သတိုးဇေတ
၅၃။ မနောမယဣဒ္ဓိ — ဒဿကျော်စွာ


ဆက်လက်ထွက်ရှိမည့်စာအုပ်များ


၅၄။ မိန်းမရှာစွာ — လူနေ

www.burmeseclassic.com

Eainmakathit presents

# ဒဃကျော်စွာ

## မနောမယိဒ္ဓိ

Eainmakathit

38 (3rd-fl), 153rd Lane, Tamwe Ts, Yangon.

095112428, 551403

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

မောင်ဇော်အတွက် ပထမဆုံး အံ့သြစရာကို စတင်တွေ့ရသည်မှာ အသက် ၆ နှစ်သား အရွယ်က ဖြစ်လေသည်။

အချိန်က နေဝင်ရီတာရော မှောင်စပျိုးနေပေပြီ။

"သားရေ မောင်ဇော် လမ်းထိပ်ကုန်စုံဆိုင်မှာ ရေနံဆီသွားဝယ်ပေးပါဦး"

အမေသည် ရေနံဆီမီးအိမ်ကို ထွန်းမည်ပြုပြီးမှ ရေနံဆီကုန်နေမှန်းသိ၍ သူ့အား လှမ်းပြောလာ၏။

အိမ်ရှေ့ရှိ ကြိမ်ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်နေသော အဖေ့ကို ခြေဆုပ်လက်နယ် ပြုပေးနေသော မောင်ဇော်သည် အမေ့ခေါ်သံကြား၍ နေရာမှ လူးလဲထလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ကလဲကွာ ရေနံဆီကုန်နေမှန်းသိရင် အစကတည်းက ကြိုကြိုတင်တင် မဝယ်ထားဘူး"

အဖေက အပြစ်တင်သောလေသံဖြင့် အမေ့ကို လှမ်းပြောၡ၏။

"အို… ကျုပ်လည်း ရေနံဆီကုန်နေတာ မကြည့်မိလို့ပေါ့တော်"

အမေက မျက်စောင်းခဲကာ ကြည့်ရင်းမှ ..

"ချီးပါခါနီးမှ ချီးထုတ်ခန်းရှာတယ်၊ စောစောစီးစီး ကြိုကြိုတင်တင် ဝယ်ထားမယ်မရှိဘူး"

ဟု ပွစိပွစိ ရေရွတ်နေ၏။

မောင်ဇော်သည် နောက်ဖေးထရံထောင့်တွင် ထောင်ထားသော ရေနံဆီပုံးကို သွားယူလိုက်၏။

"ဆယ်ပြားဖိုးပဲ ဝယ်နော် သား"

အမေက အထက်ဆင်ကြားထဲတွင် လိပ်ထားသော အကြွေစေ့ကိုပေးရင်း ပြော၏။ မောင်ဇော်သည် အမေ့ဆီမှ ပိုက်ဆံအကြွေကို လှမ်းယူပြီး ထွက်လာခဲ့၏။

အမေက ဆေးတံကို မီးရဲကနဲနေအောင် ရှိုက်ဖွာရင်း မောင်ဇော်ကို ငေးနေလေ၏။

အိမ်ပြင်တွင် မှောင်ရှုပ်နေလေပြီ။ အိမ်ရှေ့တံခါးပေါက်က



ထွက်လိုက်တာနှင့် မောင်ဇော်သည် ခါတ်လိုက်ခံရသူတစ်ယောက်လို တုန်ခနဲ ဖြစ်သွားလေ၏။ ရုတ်တရက် အားနည်းသွားသည် ထင်၏။ မေ့လဲတော့မလို ဖြစ်သွားလေသည်။

မှုံးမှေ့လုလုအချိန် ဝိုးတဝါးအာရုံတွင် မြင်လိုက်သည်က အလွန်ကြီးမားလှသည့် လင်းပသော သဏ္ဌာန်ကြီးတစ်ခု။ ဝတ်ရုံဖြူဖြူကြီးဝတ်ပြီး ဖြုန်းဆို ရှေ့မှပေါ်လာ၏။

ဆတ်ခနဲ လန့်ဖြန့်ကာ တုန်ယင်သွားသော်လည်း မရဲတရဲ စိတ်ဖြင့် ထိုအရာကို ကြည့်နေမိသည်။

မြင်ကွင်းသည် မှုန်ဝါးဝါးရှိနေရာမှ တဖြည်းဖြည်း ပိုပီပြင်လာ၏။ လူ အရပ်နှစ်ပြန်လောက်ရှိမည့် အဝတ်ဖြူဖြူကြီးနှင့် လူမည်းမည်းကြီး။ သူ့အားငုံ့မိုးကြည့်နေသည်။

ကြက်သီးတဖျန်းဖျန်းထကာ ခေါင်းနပန်းတွေကြီးလျက် ကြောက်ရွံ့တုန်လှုပ်စွာ အကြောင်သား ငေးနေမိသည်။

"ငါ့သား"

ဝတ်ရုံဖြူနှင့် လူမည်းကြီးထံမှ စူးရှလိုက်ကွဲသော အသံကြီး ထွက်ပေါ်လာ၏။

မောင်ဇော်သည် တုန်ကနဲ ဖြစ်သွား၏။

"မင်းအနာဂတ်အတွက် အထက်က ငါ့ကိုလွှတ်လိုက်လို့

www.burmeseclassic.com

www.burmeseclassic.com



လာရတာ၊ ဘုန်းကြီးကျောင်းမှာနေပါ၊ ဘုရားတရား၊ သံဃာကို ကြည်ညိုလေးစားပါ၊ ဘာသာတရား ကိုင်းရှိုင်းပါ”

အသံကို ပီပီသသကြီး ကြားလိုက်ရပြီးနောက် မြင်ကွင်းရှေ့တွင် အဖြူရောင် အငွေ့တန်းကြီးလိုဖြစ်သွားကာ တစ်စတစ်စ မှိန်ကာ ပျောက်ကွယ်သွားလေ၏။

မောင်ဇော်သည် ကြက်သေသေလျက် ကျန်ရစ်ခဲ့လေ၏။ ထို့နောက် တဆက်တည်းပင် သူလည်း တုံးကနဲ လဲကျသွားလေတော့သည်။

“အမယ်လေးတော်… လုပ်ကြပါဦး”

အမေ၏ အလန့်တကြား အော်သည့်အသံကို နားစွန်နားဖျားကြားလိုက်မိပြီး သူ့ခန္ဓာကိုယ်နှင့် မြေကြီးအပ်မိလိုက်သည်ကို နောက်ဆုံးသိလိုက်ရလေတော့သည်။

* * *

သူသတိပြန်ရလာလာချင်း ကြားမိသည်မှာ ဘုရားစာရွတ်သံတွေကိုဖြစ်၏။ သူ့အနားတွင် ဝိုင်းအုံပြီး ဘုရားစာရွတ်ဖတ်သရဇ္ဈာယ်နေကြတာ။

တချက် တချက် သူ့မျက်နှာပေါ်သို့ ရေစက်တွေနှင့် လာလာတောက်တတ်၏။



အေးစက်စက် ရေ၏ အထိအတွေ့ကြောင့် သူတွန့်ခနဲဖြစ်သွားကာ မျက်တောင်များကို ပုတ်ခတ် ပုတ်ခတ်လုပ်မိ၏။

“ဟဲ့… မိကြည် နင့်သား မျက်တောင်တွေလှုပ်လာပြီ”

ဒါ… အိမ်ဘေးက ဘကြီးထွန်းရင်၏ အသံ။

“သား သတိရလာပြီ ကိုဘသန်းရေ”

ဝမ်းသာအားရ ပြောလိုက်သော အမေ့အသံပါ။

မောင်ဇော်သည် မျက်လုံးများကို အားယူ၍ ဖွင့်လိုက်၏။ ဆီမီးရောင်သည် မျက်လုံးထဲ စူးခနဲဝင်လာ၏။

ဦးဆုံး သတိပြုမိသည်မှာ အိမ်ရှေ့ခန်း ဘုရားစင်ရှေ့တွင် ခင်းထားသည့် ဖျာစုတ်လေးတစ်ချပ်ပေါ်မှာ သူလှဲလို့။ သူ့ဘေးတွင် စိုးရိမ်ထိတ်လန့်နေသော မျက်နှာထားများဖြင့် ဝိုင်းကြည့်နေသော သူများ။ အဖေနှင့်အမေ ပြီးတော့ အိမ်ဘေးက ဘကြီးထွန်းရင်နှင့် ကြီးအုန်းမြ။

“လူလေး သတိရလာပြီလား”

ဘကြီးထွန်းရင်က မေးတော့မှ သူဘာတွေ ဖြစ်ခဲ့သည်ကို ချက်ချင်း ပြန်မှတ်မိသွားသည်။

“အမေ… အမေ”

အိပ်ရာမှ ကုန်းရုန်းထထိုင်ပြီး သူခေါ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



“သား… ဘာဖြစ်လို့လဲဟင်”

“အဖေတို့ ရှိတယ်လေ သားရဲ့”

“ဝတ်ရုံဖြူဖြူနဲ့ လူမည်းမည်းကြီး သားတွေ့ခဲ့တယ်”

“ဟင်… ဘာတွေပြောနေတာလဲ သားရဲ့”

အမေက နားမလည်ဟန်ဖြင့် မေးသည်။

မောင်ဇော်က သူမြင်ခဲ့ ကြားခဲ့သမျှတွေကို ပြန်ပြော၏။

အားလုံးက ငြိမ်ပြီး နားထောင်နေကြသည်။ မောင်ဇော်၏ စကားဆုံးတော့ ဘကြီးထွန်းရင်က တအံ့တသြ မှတ်ချက်ချ၏။

“ဒီကလေးကို ပုဂ္ဂိုလ်စောင့်တယ်နဲ့ တူတယ်”

ပုဂ္ဂိုလ်စောင့်တယ် ဟူသော စကားသည် မောင်ဇော် နားထဲတွင် အဆန်းဖြစ်သွား၏။ ဘာကို ဆိုလိုမှန်း သူသေချာမသိ။

“ဟဲ့ ဘသန်းနဲ့ မိကြည် နင်တို့သားကို ဘုန်းကြီးကျောင်း ပို့ဖို့ ပုဂ္ဂိုလ်တွေက သတိပေးလိုက်တာပဲ”

အဖေက ဘကြီးထွန်းရင်၏ စကားကို ခေါင်းညိတ်ကာ ထောက်ခံလိုက်၏။

“ကျုပ်တော်တို့လည်း သားလေးကို ဘုန်းကြီးကျောင်းပို့ မလို့ပါပဲ၊ သူက ဘုန်းကြီးကျောင်း မနေချင်ဘူးလို့ ငြင်းနေတာနဲ့ မပို့ဖြစ်တာ”



“အေး… ခု မပို့လို့ မရတော့ဘူး၊ ပို့ရမယ် မင်းတို့ကလေးကို အလိုမလိုက်နဲ့၊ ကျောင်းနေတဲ့အရွယ်မှာ ကျောင်းနေရမှာပေါ့၊ မောင်ဇော်… မင်း ဘုန်းကြီးကျောင်းမှာ စာသင်မယ် မဟုတ်လား”

ဘကြီးထွန်းရင်က အဖေတို့ကို ပြောနေရင်းမှ မောင်ဇော်ကို လှမ်းမေးလိုက်သည်။

“ဟုတ်ကဲ့”

မောင်ဇော်က ခေါင်းကိုအသာအယာညိတ်ရင်း ဖြေလိုက်၏။

“ကဲ… ဒါဆို မနက်ဖြန်ပဲ ဘုန်းကြီးကျောင်းကို သွားအပ်ကြကွာ၊ ကြားလား ဘသန်းနဲ့ မိကြည်”

အဖေနဲ့ အမေက ပြိုင်တူ ခေါင်းညိတ်ပြ၏။ ပြီးနောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

နောက်နေ့ မနက်မှာပဲ မောင်ဇော်၏ အဖေနှင့် အမေသည် ရွာဦး ဘုန်းတော်ကြီးကျောင်း၌ မောင်ဇော်ကို သွားအပ်တော့၏။

ကျောက်သင်ပုန်း၊ ကျောက်တံတို့ကို ထည့်ထားသော လွယ်အိတ်သစ်ကလေး လွယ်ထားရသဖြင့် မောင်ဇော်သည် ဘုန်းကြီးကျောင်း၌ စာသင်ရမည်ကို အလိုလိုပျော်နေမိသည်။

အဖေနှင့် အမေ၏ လက်ကိုတဖက်တချက်စီဆွဲ၍ အတက်ကြွဆုံး ခြေလှမ်းများဖြင့် ဘုန်းကြီးကျောင်းဆီသို့ ဦးတည်လာ၏။ ကျောင်းရောက်တော့ ကျောင်းထိုင်ဆရာတော်က တရားထိုင်နေသည်နှင့် တိုး၍ သူတို့ တအောင့်ကြာလောက်တဲ့အထိ စောင့်နေရသေးသည်။



ခဏကြာတော့မှ ဆရာတော်သည် တရားထိုင်ဖြုတ်ကာ သူတို့ဘက် လှည့်လာ၏။

"ဟဲ့… ဒါက ဘယ်သူတွေတုန်း"

မျက်မှောင်ကြုတ်ကာ ကြည့်ရင်းမှ ဆရာတော်က မေး၏။

"မောင်ဘသန်းနဲ့ မိကြည်ကြည်တို့ပါ ဘုရား"

အဖေက ဆရာတော်ကို ပြန်လျှောက်လိုက်၏။

"ရွာတောင်ပိုင်းက ဘသန်းတို့လားဟဲ့"

"တင်ပါ့ ဘုရား"

ဆရာတော်သည် သူတို့ရှေ့တွင် တင်ပျဉ်ခွေထိုင်ချလိုက်ပြီး တစ်ယောက်ချင်းစီ၏ မျက်နှာကို စေ့စေ့ကြည့်၏။

"ဟဲ့… ဒါလေးက နင်တို့ သားလေးဟဲ့"

"တင်ပါ့ဘုရား… သူ့ကို ဆရာတော်ကျောင်းမှာ အပ်ချင်လို့ပါ ဘုရား"

အဖေက ဆရာတော်ကို တစ်ခါတည်း လျှောက်လိုက်၏။ မောင်ဇော်သည် လက်အုပ်ကလေးချီထားလျက်မှ ဆရာတော်ကို တစ်လှည့် အဖေ့ကိုတစ်လှည့် မျက်လုံးပေကလပ် ပေကလပ်နှင့် လိုက်ကြည့်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်အရွယ် ရောက်ပြီတုန်း"

ဆရာတော်က အဖေ့ကို ဦးတည်၍ မေးသည်။

"ခြောက်နှစ်ရှိပါပြီ ဘုရား"

ဆရာတော်သည် မျက်မှောင်ကြုတ်လိုက်သည်။ ပြီး အလိုမကျဟန်ဖြင့် မိန့်၏။

"ဟဲ့... ခြောက်နှစ်တောင်ရှိနေပြီ ဟုတ်လား၊ ဘာလို့ ခုအရွယ်မှ လာအပ်ကြတာလဲ၊ တခြားကလေးတွေဆိုရင် လေးနှစ်ငါးနှစ် လောက်ကတည်းက လာအပ်ကြတာ"

ဆရာတော်က အပြစ်တင်သလို လေသံဖြင့်ပြောတော့ အဖေသည် အပြောရခက်စွာ ဟင်းကနဲ အရှက်ပြေ တစ်ချက်ရယ်လိုက်သည်။

"တင်ပါဘုရား... တပည့်တော်တို့လည်း သားလေးကို ဘုန်းဘုန်းဆီမှာ လာအပ်မလို့ပါပဲဘုရား၊ သူက ကျောင်းမနေချင်ဘူးလို့ ဖွတ်ငြင်းနေတာနဲ့ မအပ်ဖြစ်ရတာပါ ဘုရား"

"အောင်မာ... မင်းက ဘာလို့ ကျောင်းမနေချင်ရတာလဲကွယ်"

ဆရာတော်က မောင်ဇော်ကို လှည့်မေး၏။ ဆရာတော်အသံသည် အနည်းငယ် မာသွားသဖြင့် မောင်ဇော်သည် ပြန်မပြောရဲဘဲ ခေါင်းကို အသာငုံ့ထားလိုက်သည်။



ရွာဦးကျောင်း ဆရာတော်ဆိုတာ တစ်ရွာလုံး ဖိန့်ဖိန့်တုန်အောင် ကြောက်ရတဲ့ ကိုယ်တော်ပါ။

သူက လိုက်လိုက်လျောလျော အားနာပါးနာ လုပ်တတ်တာမဟုတ်ဘူး။ စိတ်မထင်ရင် မထင်သလို ပြောချတတ်တာ။ ဘုန်းကြီးကျောင်းသားတွေဆိုလည်း စာမရရင်၊ အမြင်မတော်တာတွေ့ရင် ကြိမ်လုံးနဲ့ ဆော်ပစ်တတ်တဲ့ ဆရာတော်အကြောင်းကို သိထားတော့ မောင်ဇော်သည် ဘုန်းကြီးကျောင်း၌ စာသင်ရမည်ကို ခပ်တွန့်တွန့်ဖြစ်နေမိသည်။

ဆရာတော်ကို အမှန်အတိုင်း ဖွင့်ပြောလိုက်လျှင် ထပြီးနားရင်းအုပ်မှာ မြင်ယောင်နေသေးတော့သည်။ ထို့ကြောင့် ဆရာတော်အမေးကို ပြန်မပြောရဲဘဲ ခပ်ကုပ်ကုပ်ငြိမ်နေမိသည်။

"သားက အဖေအမေတွေနဲ့ မခွဲနိုင်လို့တဲ့၊ ကျောင်းမှာစာသင်ရင် မိဘတွေနဲ့ခွဲရမှာ စိုးလို့တဲ့လေ"

အမေက အပြုံးလေးနှင့် ဖာဖာထေးထေး ဝင်ပြောလိုက်၏။

"အောင်မာ... ဒင်းက တနယ်တကျေးမှာ သွားသင်ရတာမှမဟုတ်တာ ကိုယ့်ရွာက ဘုန်းကြီးကျောင်းမှာ သင်ရတာကို

www.burmeseclassic.com

www.burmeseclassic.com



ဘာမိဘတွေနဲ့ မခွဲနိုင်ဘူးလဲ၊ ဘာမှမဟုတ်ဘူး ဒင်း သက်သက် အပျင်းတစ်နေတာ''

ဆရာတော်သည် မောင်ဇော်ကို မျက်လုံးစွေကြည့်ကာ လှည့်မာန်၏။ မောင်ဇော် တုန့်ခနဲ ဖြစ်သွားသည်။ ခုနေ သူ့ခန္ဓာကိုယ်သည် အမှုန့်ဖြစ်ကာ ပျောက်ကွယ်သွားရင် ဘယ်လောက်ကောင်းလိုက်မလဲ ဟု ကြောက်ကြောက်လန့်လန့်နှင့် တွေးမိသည်။

ဆရာတော် မျက်နှာကိုလည်း မကြည့်ရဲ။ အမေ့နားသို့ တိုးကာ ကိုယ်ကိုယို့ကာ ကွယ်နေမိသည်။ အဖေနှင့် အမေက သူ့ကိုပြုံးစစနှင့် ကြည့်နေ၏။

''ဟဲ့ ဒကာလေး…ငါ့ကျောင်းမှာနေရင် အပျင်းတစ်လို့ မရဘူးနော်၊ ကြိုးကြိုးစားစားနဲ့ စာသင်ရမယ် ကြားလား''

မောင်ဇော် မျက်လုံးဝင့်ကြည့်သည်။ အမေက သူ့ကို တံတောင်ဆစ်နှင့် မသိမသာ လှမ်းတို့ရင်း …

''တင်ပါ့ဘုရားလို့ ပြောလိုက်လေ သား''

ဟု ခပ်တိုးတိုး သတိပေး၏။ မောင်ဇော်သည် ကပျာကယာ လက်အုပ်ချီလိုက်သည်။

''တင်ပါ့ ဘုရား''

သူ့အသံက တိုးတိုးတိမ်တိမ်။ ဆရာတော်သည် မျက်နှာ



ထားတင်းတင်းကြီးနဲ့ လှမ်းကြည့်ကာ ဘာမှ ထပ်မမိန့်တော့။

မောင်ဇော်သည် ရင်တထိတ်ထိတ်၊ ယောင်ယောင်မှားမှားဖြင့် ကပျာကယာ ဦးချလိုက်မိလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

စည်းကမ်းသေဝပ်ပိပြားသော ဆရာတော်၏ လက်အောက်တွင် နေရသဖြင့် မောင်ဇော်သည် အပိုးကျိုးလာခဲ့သည်။ ကျောင်းကိုလည်း တစ်ရက်မှ မပျက်စေပဲ မှန်မှန်တက်သည်။ တစ်နေ့သင်သမျှစာကို မှန်မှန်ကျက်သည်။ ကြိုးလည်းကြိုးစား၏။

အားလုံးသော ကျောင်းသားများထဲတွင် အတော်ဆုံးဖြစ်လာခဲ့၍ ဆရာတော်၏ အရေးပေးမှုကို ခံလာရ၏။ အရင်လို မဝံ့မရဲတာမျိုးလည်း မရှိတော့။ သွက်သွက်လက်လက် ထက်ထက်မြက်မြက်ဖြင့် ကျောင်းနေပျော်၍ စာတော်သော သူတစ်ယောက်ဖြစ်လာခဲ့လေတော့သည်။



ဆရာတော်၏ ဆိုဆုံးမမှုဖြင့် သူသည် ဘာသာတရား ကိုင်းရှိုင်း၍ လိမ္မာယဉ်ကျေးသော သူတစ်ယောက်ဖြစ်ခဲ့ပေပြီ။

"ဘုရားကိုပဲ ဖြစ်ဖြစ်၊ ဘုန်းကြီးရဟန်းကိုပဲဖြစ်ဖြစ်၊ လူကြီးမိဘ ဆရာသမားကိုပဲဖြစ်ဖြစ် ကန်တော့တဲ့အခါ လက်အုပ်ချီပြီး ဦးသုံးကြိမ်ချလိုက်ရုံနဲ့ ပြီးရောမထင်နဲ့၊ တကယ်က ထိခြင်းငါးပါးနဲ့ စနစ်တကျ ရှိခိုးကန်တော့တတ်ဖို့ လိုတယ်"

ဆရာတော်သည် ရှိခိုးကန်တော့ခြင်းဆိုင်ရာ နည်းစနစ်များကို လက်တွေ့ ကိုယ်တိုင်ကိုယ်ကျ သင်ပေးတတ်ရုံမျှမက ကျောင်းသားတစ်ယောက်ခြင်းစီကိုလည်း ရှိခိုးကန်တော့ ပုံမှန်မမှန်ကြည့်၍ မှားလျှင် ခေါင်းကို ဒေါက်ခနဲမြည်အောင် ခေါက်တတ်လေ၏။

"ပထမဦးဆုံး ဆောင့်ကြောင့်ထိုင်ရမယ်၊ ဒူးနှစ်ဖက်ကို စေ့ထားရမယ်၊ တံတောင်ကို ဒူးနှစ်ဖက်နဲ့ထိပြီး လက်အုပ်ချီရမယ်၊ လက်အုပ်ချီရာမှာလည်း လက်ချောင်းတွေ ကားကားကြီးမဟုတ်ဘူး ကြာဖူးကလေးတွေလို လက်ချောင်းတွေကို စေ့ပြီး စုထားရမယ်၊ လက်အုပ်ချီထားတဲ့ လက်နှစ်ဖက်ဟာ နဖူးမှာထိနေရမယ်၊ သည်လို အနေထားမှန်ပြီဆိုတော့မှ လက်ဝါးကို ကြမ်းပြင်ပေါ်ချ၊ ပြီးတော့ ဒူးနှစ်ဖက်ကို ကြမ်းပြင်ပေါ်ချ၊ ဦးခေါင်းကိုညွတ်ပြီး ကြမ်းပြင်နဲ့ထိအောင် ပြား

www.burmeseclassic.com

www.burmeseclassic.com



ပြားဝပ်ချ ကဲ··· ဟောဒီလိုလေး ဟုတ်ပလား”

ဆရာတော်က ရှေ့မှ လက်တွေ့လုပ်ပြသည်။ မောင်ဇော်တို့ ဘုန်းကြီးကျောင်းသားတွေက နောက်မှ ညီညီညာညာ လိုက်လုပ်ရ၏။

နှုတ်အမူအယာ၊ ကိုယ်အမူအယာ လိမ္မာယဉ်ကျေးသူတစ်ယောက်ဖြစ်အောင်၊ စာကြိုးစားချင်စိတ်ရှိအောင်၊ သွက်သွက်လက်လက် ထက်ထက်မြက်မြက် လုပ်ရဲကိုင်ရဲရှိအောင် ဆရာတော်က စနစ်တကျ လေ့ကျင့်သင်ကြားပေး၍ မောင်ဇော်သည် အရင်ကနှင့်မတူပဲ အများကြီး ခြားနားခဲ့ရပြီ။

ဆရာတော်၏ ဆုံးမသွန်သင် လမ်းညွှန်မှုအောက်၌ ထက်မြက်ပျော်ရွှင်သော ကလေးတစ်ယောက် ဖြစ်လာခဲ့လေတော့၏။

## အခန်း (၄)

“ဆရာတော်ဘုရား တပည့်တော်ကို ခေါ်တယ်ဆိုလို့”

မောင်ဇော်သည် လက်အုပ်ချီကာ ခပ်ယို့ယို့ဝင်ထိုင်ရင်း ဆရာတော်ကို တိုးတိုးလျှောက်လိုက်၏။

ဆရာတော်သည် အိပ်ရာထက်တွင် တစောင်းလေးလှဲကာ ကျိန်းနေရာမှ သူ့အသံကြောင့် ခပ်ဖြည်းဖြည်းလှည့်လာ၏။

မျက်တွင်းများက ခပ်ကျကျ။ နှုတ်ခမ်းများက ဖြူဖတ်ဖြူရော်နှင့် အရင်က တင်းမာပြည့်ဖြိုးခဲ့သော ခန္ဓာကိုယ်သည် ယခုတော့ အရိုးပေါ် အရေတင်မျှသာ။ ဆရာတော်သည် အပြင်းအထန် နာမကျန်း ဖြစ်နေ၏။

www.burmeseclassic.com

မီးဇာကုန် ဆီခမ်းချိန့်သို့ ရောက်လုရောက်ခင်။ အရောင်ကင်းမဲ့လုပြီဖြစ်သော မျက်ဝန်းများဖြင့် မောင်ဇော်ကို အားယူ၍ ကြည့်သည်။

"ဒကာ မောင်ဇော်"

"ဘုရား"

မောင်ဇော်က ခပ်လောလောထူးလိုက်၏။

"ဘုန်းဘုန်း မင်းကိုခေါ်တာ ပြောစရာရှိလို့ကွဲ့"

"မိန့်တော်မူပါ ဘုရား"

ဆရာတော်သည် တရှိုးရှိုးဖြင့် အသံမြည်အောင် အသက်ကို ခပ်ပြင်းပြင်းရှူလိုက်သည်။ ရင်ဘတ်သည် ဖားဖိုကြီးလို ဖောင်းလိုက်ပိန်လိုက်နှင့် ဖြစ်နေ၏။ အတန်ကြာမှ ဆရာတော်က စကားဆက်၏။

"ဘုန်းဘုန်းပြောမှာ တခြားအကြောင်း မဟုတ်ဘူးကွဲ့၊ ဒကာပထမဆုံး ဘုန်းဘုန်းကျောင်းကို ရောက်လာတဲ့နေ့က ဘုန်းဘုန်းမက်တဲ့ အိမ်မက်အကြောင်းကို ပြောပြချင်လို့ပဲ"

မောင်ဇော် အံ့သြသွားရသည်။ အထူးအဆန်းလည်း ဖြစ်သွားလေ၏။ ဆရာတော်သည် သူ့ကို အရေးတကြီး ခေါ်ရသည့် အကြောင်းရင်းက အိပ်မက်အကြောင်း ပြောမလို့ဆိုပါလား။

ဘယ်လိုအိပ်မက်မျိုးမို့လို့လဲဟု မဖြစ်ညစ်ကျယ် ဦးနှောက်လေးနှင့် တမျှော်တခေါ် ဖြန့်တွေးနေမိ၏။



"အဲဒီညမှာပဲ ဘုန်းဘုန်း အိပ်မက်မက်တယ်၊ အိပ်မက်ထဲမှာ ဘုန်းဘုန်းကို လူတစ်ယောက်က လာလျှောက်တယ်၊ တစ်ခေါင်းလုံး ဆွတ်ဆွတ်ဖြူနေတဲ့ အဖိုးကြီးတစ်ယောက်ပေါ့"

ဆရာတော်သည် မောသွားဟန်ဖြင့် အသက်ကို ခပ်ပြင်းပြင်းရှူလိုက်၏။ တအောင့်ကြာ အမောပြေပြီးတော့မှ စကားပြန်ဆက်သည်။

"အဲဒီအဖိုးကြီးကပြောတယ်၊ ဒကာလေးဟာ နှောင်တစ်ချိန်မှာ ထူးခြားလာမည့် ကလေးတဲ့ ဒါကြောင့် ဆရာတော်က သေသေချာချာ ပြုစုသွန်သင်ပေးပါတဲ့လေ"

မောင်ဇော် ထိတ်ခနဲ ဖြစ်သွားသည်။ မျက်လုံးထဲ သူမြင်ခဲ့သည့် ဝတ်ရုံဖြူနှင့် လူမည်းကြီးကို ပြန်မြင်ယောင်၏။

သူများလား။ ဟုတ်နိုင်သည်။

"ဒကာ မောင်ဇော်"

"ဘုရား"

"ဒကာဟာ ထက်ထက်မြက်မြက်လည်း ရှိတယ်၊ လိမ္မာရေးခြားလည်းရှိတယ်၊ တစ်ချိန်မှာ ထူးချွန်နိုင်မဲ့ ကလေးဆိုတာ ဘုန်းဘုန်းရိပ်မိပါတယ်၊ ဒါကြောင့် ကြိုးစားပါ။ ဘုန်းဘုန်းတစ်ခုမှာချင်တာက ငါဟာ တော်တာပဲ။ ငါလုပ်ရင်ရမှာပဲ

www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ စိတ်ကြီးဝင်ပြီး အရာရာကို ပေါ့ပေါ့လျော့လျော့ မလုပ်မိပါစေနဲ့ ကြားရဲ့လား''

''တင်ပါ့ ဘုရား''

''အိမ်း… အိမ်း သွားချေတော့ ကပ္ပိယကြီးကို ဘုန်းဘုန်းဆီကို လွှတ်ပေးလိုက် သွား… သွား''

ဆရာတော်သည် ပြောရင်း ချောင်းတဟွပ်ဟွပ်ဆိုး၏။ သူက ဘာလုပ်ပေးလို့ လုပ်ရမှန်းမသိဘဲ ယောင်ချာချာဖြစ်နေမိသည်။ ဆရာတော်က ချောင်းဆိုးရင်းမှ

''ကဲ… သွားချေတော့ ကပ္ပိယကြီးကိုသာ ခေါ်ပေးစမ်းပါကွယ်''

ဟု ဆိုသဖြင့် မောင်ဇော်လည်း ကမူးကမန်းဦးချ၍ ဆရာတော်နားမှ အပြေးထွက်လာမိခဲ့လေတော့သည်။

## အခန်း (၅)

၁၁ နှစ်သားအရွယ်တွင် မောင်ဇော်ဘဝထဲသို့ ကံဆိုးမှုအပေါင်း အလုံးအရင်းနှင့် ဝင်ရောက်လာလေ၏။ ကလေးသာသာအရွယ်သာ ရှိသေးသော သူ့အတွက် ကံကြမ္မာ၏ ထိုးနှက်ချက်များက မလူးသာ မလွန့်သာရှိလှသည်။

ပထမ ကြည်ညိုလေးစားရသော ဆရာတော်ဘုရား အပြင်းအထန် နာမကျန်းဖြစ်ကာ ပျံလွန်တော်မူသည်။ သိပ်မကြာခင်မှာပင် သူ၏မိဘနှစ်ပါးစလုံးလည်း ရှေ့ဆင့်နောက်ဆင့် ဆိုသလို ဆုံးပါးသွားခဲ့ကြသည်။

ဆွေမရှိမျိုးမရှိ တစ်ကောင်ကြွက် တစ်မျက်နှာဖြစ်ရသော သူ့ဘဝကို ရပ်ရွာလူကြီးများ၏ ကူညီထောက်ပံ့မှုဖြင့် အသက်ဆက်ခဲ့

www.burmeseclassic.com

www.burmeseclassic.com



ရဓါ၏။ ဘုန်းကြီးကျောင်းတွင် ကျောင်းသားအဖြစ် လုပ်ကိုင်ရင်း မျက်စိသူငယ် နားသူငယ်နှင့် ယောင်ချာချာ ဖြစ်ခဲ့ရလေ၏။

ဒီဘဝတွင် နေမပျော်ပိုက်တော့ပြီ။ ချစ်ခင်တွယ်တာစရာ မိဘနှစ်ပါးလည်း မရှိတော့။ အားကိုးစရာ ဆရာတော်ဘုရားကလည်း ပျံလွန်တော်မူသွားပြီဆိုတော့ ဒီအရပ်မှာနေရသည်မှာ စိတ်မချမ်းမြေ့မှုတွေကိုသာ ပွေ့ပိုက်ထားရသဖြင့် ဘယ်မှာနေပျော်မှာယ် ရှိပါတော့မည်နည်း။

တစ်နေ့ တစ်နေ့ ဘုန်းကြီးကျောင်းမှာ ဝေယျာဝစ္စတွေလုပ်လိုက် ရွာထဲကလူတွေ ခိုင်းစရာရှိလျှင် ခေါ်ခိုင်း၍ လိုက်လုပ်လိုက်နှင့် ငြီးငွေ့ဖွယ်ကောင်းသည့် နေ့တွေနှင့်သာ ရင်ဆိုင်နေရသည်။

ငြီးငွေ့စရာ အဖြစ်အပျက်တွေနှင့် မပျော်ပိုက်မှုများကြား၌ သူမနေချင်တော့။

တစ်ခုခုမလုပ်ရင် မဖြစ်တော့ဘူးဟူ၍ လှည့်ပတ်ကြံဖန်ကြည့်ရင်းက သူ့ခေါင်းထဲ ရုတ်တရက် အတွေးတစ်ခု ဝင်လာသည်။ ဒီက ထွက်သွားရင် ကောင်းမှာပဲဟူသော အတွေး။

ဒီရပ်ကနေ ထွက်သွားခဲ့ရင် သူ့အတွက် အပြောင်းအလဲတစ်ခုခု ဖြစ်လာမှာပဲဟု သူမျှော်လင့်မိသည်။



ထိုသို့ တွေးမိလိုက်တာနှင့် သူ့ စိတ်တွေ အလိုလိုတက်ကြွလာသည်။ သတ္တိတွေ အလိုလိုရှိလာ၏။

“ဘာပဲဖြစ်ဖြစ်ကွာ ငါ ဒီကထွက်သွားတော့မယ်”

ဟု သူ့ကိုသူ အားပေးရင်း စိတ်တက်ကြွစွာ ကြွေးကြော်လိုက်မိလေ၏။

* * *

တကယ်ပင် စိတ်ပိုင်းဖြတ်ခဲ့မိသည့်အတိုင်း ဘယ်သူမှ မသိအောင် သူထွက်လာခဲ့သည်။ သူ့အိတ်ထဲတွင် ပိုက်ဆံ (၁၀)ပြားသာပါသည်။ ‘ဘယ်ရောက်ရောက်၊ ဘယ်ပေါက်ပေါက် ဘာဖြစ်ဖြစ်ကွာ’ ဟု လောကကြီးကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်လိုက်မည်ဟူသော သတ္တိသွေးတွေ ခန္ဓာကိုယ်ထဲ အပြည့်အလျှမ်း။

အတက်ကြွဆုံး ခွန်အားနှင့် ရဲရဲဝံ့ဝံ့ ခြေလှမ်းတွေက အရာရာကို ရင်ဆိုင်ဖို့ အသင့်ရှိနေခဲ့ပြီ။

မောင်ဇော်သည် ရွာပြင်ရှိ ရထားဘူတာရုံသို့ လျှောက်လာခဲ့၏။ ထိုမှ ကြုံရာ ဓါတ်ရထားပေါ်သို့ တက်လိုက်လာသည်။ လူချောင်သော တွဲတစ်တွဲရှိ ဖင်ထိုင်ခုံအောက်သို့ဝင်ပြီး အိပ်ပျော်လျှက် လိုက်ပါလာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ချာတိတ်"

သူ့ကို ပုတ်နိုးကာ ခေါ်လိုက်သော အသံကြောင့် သူလန့်နိုးလာသည်။ ကြည့်လိုက်တော့ ရထားလက်မှတ်စစ်သူ ဖြစ်နေ၏။

ဒိန်းခနဲ ရင်ထိတ်သွားသည်။ သူ့မှာ လက်မှတ်မှမပါတာ။

"ချာတိတ် မင်းလက်မှတ်ကော"

ရထားလက်မှတ်စစ်က ခပ်တည်တည်ဖြင့်မေး၏။ သူ့မျက်ဝန်းများသည် မယုံသင်္ကာဟန်အပြည့်။

ဒုက္ခပါပဲ သူ့မှာလက်မှတ်မှ မရှိတာ ဘယ်လိုလုပ်ရပါ့မလဲဟု အစဉ်းစားရကြပ်ကာ ဇောချွေးတွေပင် ပြန်လာသည်။

"ဟော့ မင်းမှာ လက်မှတ်ကော ပါရဲ့လား"

လက်မှတ်စစ်က စိတ်မရှည်သလို ထပ်မေး၏။

မောင်ဇော် ခန္ဓာကိုယ်လေး ဆတ်ခနဲတုန်သွား၏။ ကြောက်လန့်တုန်လှုပ်စိတ်ဖြင့် ထူပူနေမိသည်။ ဦးနှောက်ထဲတွင် ဘာလုပ်ရင်ကောင်းမလဲဟူသော အတွေးက အဆက်မပြတ် ရိုက်ခတ်နေ၏။

နောက်ဆုံး ကြံရာမရဖြစ်ကာ သူ့လွယ်အိတ်လေးထဲမှ တစ်စုံတစ်ခုကို ထုတ်ယူလိုက်သည်။ သတင်းစာစက္ကူ အပိုင်းအပြတ်ကလေးပင် ဖြစ်သည်။

တုန်တုန်ရီရီဖြင့် လက်မှတ်စစ်ကိုလှမ်းပေးလိုက်သည်။



လက်မှတ်စစ် လှမ်းယူလိုက်သည့်ခဏ သူ့စိတ်ထဲမှာ ထပ်ခါတလဲလဲ ရေရွတ်နေမိတာ တစ်ခုတည်း။

"အဲဒီစက္ကူစုတ်ကို လက်မှတ်လို့ထင်ပါစေ၊ လက်မှတ်လို့ထင်ကွာ"

စိတ်ထဲမှ တအားကြုံးပြီး အော်ဟစ်ပြောနေမိသည်။ နားထင်သွေးကြောတွေ တဒိတ်ဒိတ်နှင့် အခုန်မြန်လာသည်။ သူအော်ဟစ်ရေရွတ်နေသော အသံသည် သူ့ခန္ဓာကိုယ်အတွင်း၌ ပဲ့တင်ထပ်မျှ မြည်ဟီးနေလေ၏။

အံ့သြစရာကောင်းလှစွာပင် လက်မှတ်စစ်သည် သူပေးလိုက်သည့် စက္ကူစုတ်ကိုယူ၍ စေ့စေ့ကြည့်ကာ စက္ကူပေါ်တွင် လက်မှတ်ထိုးလိုက်သည်။ ပြီးနောက် သူ့ကို လက်မှတ်ပြန်ပေး၏။

သူ့မျက်နှာသည် ဘာမှမပြောင်းလဲ ပုံမှန်လုပ်ရိုးလုပ်စဉ်တစ်ခုကို လုပ်နေသည့်နှယ်။

"မင်းမှာ လက်မှတ်ရှိရဲ့သားနဲ့ ဘာဖြစ်လို့ ခုံအောက်မှာ ဝင်နေရတာလဲကွာ နောက်နှစ်ရာရီဆို ရန်ကုန်ရောက်တော့မယ်၊ ထထ ခုံပေါ်တက်ထိုင်"

ဟု လက်မှတ်စစ်က ပြောသည်။ မောင်ဇော်သည် အံ့သြ

www.burmeseclassic.com



မှင်သက်ရင်း ကြောင်အမ်းအမ်းကြည့်နေမိရာမှ ယောင်ယောင်ကန်းကန်းဖြင့် ခေါင်းညိတ်ပြလိုက်သည်။

လွတ်နေသော ထိုင်ခုံပေါ်တွင် ယောင်နနဖြင့် သူတက်ထိုင်လိုက်၏။

လက်မှတ်စစ်သည် သူ့ကိုပြုံးပြကာ လှည့်ထွက်သွား၏။ တခြားခုံတွေကို လိုက်စစ်နေသည့် တစ်ချိန်လုံး လက်မှတ်စစ်ကို ထိတ်တဲထိတ်လန့်လန့်ဖြင့် လိုက်ကြည့်နေမိသည်။

ဘယ်အချိန်များ သူ့ဆီပြန်လာပြီး ပြောလေမလဲပေါ့။ စိတ်ထဲမှလည်း သူမသိပါစေနဲ့လို့ ကြိတ်ကာဆုတောင်းနေမိသည်။

လက်မှတ်စစ်သည် မောင်ဇော်ထိုင်နေသည့်အတွဲမှ နောက်တစ်တွဲသို့ ကူးသွားသည်။

ထိုအချိန်ထိ သူမှာ မယုံရဲသေး။ ဘယ်တော့များ ပြန်ရောက်လာဦးမလဲဟု ထိတ်လန့်နေတုန်း။

သူ့ကိုယ်သူလည်း အံ့သြမိရသည်။ သတင်းစာစက္ကူ အပိုင်းအပြတ်ကလေးကို လက်မှတ်လို့ လက်မှတ်စစ်က ဘာကြောင့်ထင်သွားရတာတဲ့လဲ။ သူ ဆုတောင်းပြည့်ခဲ့၍လား ဒါမှမဟုတ်

သူ မတွေးတတ်တော့။



မကြာမီ ရန်ကုန်ဘူတာကြီးသို့ ဆိုက်ရောက်လာခဲ့ရ၏။ ထိုအထိ လက်မှတ်စစ် ပြန်ရောက်မလာသောအခါမှ မောင်ဇော်တစ်ယောက် သက်ပြင်းကို ရှဲရှဲကြီးချလိုက်မိတော့၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

မောင်ဇော်သည် ရန်ကုန်မြို့သို့ ယောင်လည်လည်ဖြင့် ရောက်လာခဲ့ရပြီ။ သူ့ခြေထောက်များ ဦးတည်ရာအတိုင်း သွား၏။

မြင်မြင်လေရာ ထူးဆန်းအံ့သြဖွယ်တွေနှင့်သာ ပြည့်နှက်လို့နေသည်။ လူနေအိမ် တိုက်တာကြီးများ ဥဒဟို သွားလာလှုပ်ရှားနေကြသော လူများဖြင့် ပျားပန်းခက်မျှ စည်ကားနေသော မြို့တော်၏ မြင်ကွင်းသည် သူ့အတွက် အဆန်းတကြယ် ရင်သပ်ရှုမောဖွယ်ရာများတည်း။

ကြည့်စမ်းပါဦး လမ်းကြီးတွေကလည်း ဖြူးလို့ ရှာလယ်လမ်းမနဲ့များ ကွာလိုက်တာ။ တိုက်အိမ်ကြီးတွေဆို အမြင့်ကြီးပဲ သူ့မှာ ဇက်တသျောင်းဖြစ်သည်အထိ ခဏခဏ မော့ကြည့်နေမိတာ။



သူသည် တွေတွေငေးငေးဖြင့် ဦးတည်ရာလျှောက်လာမိသည်။ လမ်းကြို့လမ်းကြားတွေထဲလည်း ဝင်သည်။ တံတားတွေပေါ်လည်း ဖြတ်ကျော်ခဲ့သည်။

အထူးအဆန်းတွေကိုမြင်ရတော့ သူ့စိတ်ထဲ ပျော်သလိုလို။ လျှောက်လာရင်းနှင့် တဖြည်းဖြည်း သူမောလာ၏။ တကိုယ်လုံးလည်း ချွေးတွေနစ်နေပြီ။ ဗိုက်ကလဲ ဆာလှပြီ။

သူ့ရုပ်အင်္ကျီ အိပ်ကပ်လေးထဲ ငုံ့ကြည့်မိသည်။ ၁၀ပြားတန် အကြွေစေ့လေးတစ်စေ့သာ ရှိနေသည်။ ဒါလေးနှင့် သူဘာကိုဝယ်စားရမလဲ။ သူရောက်နေတာက လမ်းချိုးလေးတစ်ခုထဲမှာ။ ဘေးဘီဝဲယာမှာလည်း ဘယ်မုန့်သည်၊ ဘာမုန့်ဆိုင်မှ မရှိချေ။

ရေလည်းငတ်လိုက်တာ။ အာခေါင်ကိုခြောက်နေတာပဲ။ တကယ်တော့ သူ့စိတ်ကူးနှင့် လက်တွေ့ကာ များစွာခြားနားလေပြီ။ စားစရာမရှိ နေစရာမရှိတဲ့ သူစိမ်းအရပ်မှာ သူ ဘယ်လိုရှေ့ဆက်စခန်းသွားရတော့မလဲ။

အရင်ဦးဆုံး တည်ခိုးဖို့ ဘုန်းကြီးကျောင်း တစ်ကျောင်းမှာ ဝင်ပြီး လျှောက်ရမှာပဲဟု တွေးမိသည်။ ဘုန်းကြီးကျောင်းဆိုတာလည်း ဘယ်အရပ် ဘယ်နားမှာရှိမှန်း မသိ။ မှန်းသမ်းရမ်းသမ်းပြီး ရှာရတော့မှာပဲ။ တွေ့တဲ့လူကို မေးမြန်းဖို့ကလည်း သူ နှုတ်ကမရဲ။

www.burmeseclassic.com

www.burmeseclassic.com



မောင်ဇော်သည် အားငယ်စိတ်တွေ ဝင်လာသည်။ စိတ်ဓါတ် အကြီးအကျယ် ကျလျက်ရှိနေ၏။ ငိုချင်စိတ်ကို အားတင်းပြီး ထိန်းထားရသည် ခုလို ထွက်လာခဲ့မိတာ မှားလေပြီလားမသိ။

နောင်တရစိတ်တွေလည်း တဖွားဖွားပေါ်လာ၏။ စိတ်ပျက်လက်ပျက်ဖြင့် ဆက်လျှောက်လာမိသည်။ လမ်းဆားတစ်နေရာတွင် ရေအိုးစင်ကလေးကို တွေ့ရတော့ ထိတ်ခနဲ ဝမ်းသာသွား၏။ ထိုနေရာသို့ အပြေးသွားကာ ရေကိုခပ်၍ အငမ်းမရ သောက်မိသည်။

ရေသောက်ပြီးတော့မှ အနည်းငယ် အမောပြေသွားတော့သည်။ ရေအိုးစင်လေးသည် အရိပ်ကောင်းသော သစ်ပင်အောက်တွင် ဆောက်လုပ်ထားသည်ဖြစ်ရာ မောင်ဇော်သည် ရေသောက်ပြီးသည်နှင့် သစ်ပင်ကြီးကိုမှီရင်း ထိုင်နေမိသည်။ မျက်လုံးများက ဟိုငေး ဒီငေးဖြင့်။

ခပ်လှမ်းလှမ်းတွင် လူတစ်ယောက် လျှောက်လာနေသည်ကို တွေ့လိုက်ရ၏။ အကျႌနှင့် ဘောင်းဘီမှာ ထက်အောက် အရောင်ဆင်တူနှင့် လူကြီးတစ်ယောက် အိတ်ကြီးတစ်အိတ်ကိုလည်း လွယ်ထားသေးသည်။

နေသည် ကျဲကျဲတောက် ပူနေသည်။ ပြင်းလွန်းသော နေရှိန်ကြောင့် လူကြီးသည် မျက်မှောင်ကို တအားကြုတ်ကာ ငိုက်စိုက်ငိုက်စိုက်နှင့် လျှောက်လာသည်။ လျှောက်လာရင်း တုန့်ခနဲရပ်သွား



၏။ သူ့ခေါင်းကို လက်နှစ်ဖက်နှင့် အုပ်ကိုင်လိုက်သည်။ ပြီးတော့ ခန္ဓာကိုယ်တချက် ယိုင်ခနဲဖြစ်သွား၏။

မောင်ဇော်သည် လူကြီးအတွက် စိတ်ပူသွားကာ နေရာမှ အမြန်ထ၍ ပြေးသွားလိုက်၏။

"ဦးလေးကြီး ဘာဖြစ်လို့လဲ ဟင်"

လူကြီးက မျက်လုံး ခပ်ဖြည်းဖြည်းဖွင့်၍ သူ့ကိုကြည့်သည်။

"ဦးလေး ခေါင်းမူးသွားလို့ပါကွယ်"

"ဟာ... ဒါဆိုလာ လာဦးလေး ဟိုနေရိပ်ထဲမှာ သွားနေရအောင်"

မောင်ဇော်က လူကြီးကို ဖေးဖေးမမ ကူတွဲ၍ သစ်ပင်ရိပ်အောက်သို့ ခေါ်လာလိုက်၏။ သစ်ပင်ကြီးကို ခပ်ဖြည်းဖြည်းမှီထိုင်စေလိုက်သည်။ ပြီးနောက် အလိုက်တသိပင် ရေတစ်ခွက်ခပ်၍ တိုက်လိုက်၏။

"အေး... သာဓုပါကွယ်"

ဟု လူကြီးက ရေခွက်ကို လှမ်းယူရင်း ပြော၏။ ရေသောက်ပြီးတော့မှ သူကပြော၏။

"ဟိုရှေ့နားက အိမ်ကိုစာသွားပို့မလို့လေ၊ အဲဒါ ဘယ်လိုက ဘယ်လို ဖြစ်တယ်မသိပါဘူး ခေါင်းထဲမူးနောက်နောက်နဲ့

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာတာ၊ ငါ့တူကူညီတာ ကျေးဇူးပါပဲကွာ''

''ဪ… ဦးလေး… ဟိုရှေ့နားကအိမ်ကို စာသွားပို့မလို့ဆို ကျွန်တော်သွားပို့ပေးမယ်လေ ပေး…၊ ဦးလေးခေါင်းမူးနေတာ ဒီမှာ ခဏနားနေလိုက်ပေါ့''

မောင်ဖော်က ကူညီပေးလိုဟန်ဖြင့် ပြောလိုက်ရာ လူကြီးက ခဏမျှစဉ်းစားသလို တွေးနေပြီးနောက် မောင်ဖော်ကို မျက်လုံးမှေးပြီး သေချာစွာကြည့်သည်။ ထို့နောက် ရယ်လိုက်ပြီး

''အေးကွာ… ဒါဆိုလဲ သွားပို့ပေးပါဦး ငါ့တူရယ်၊ ဟိုရှေ့နားက အိမ်ပြာလေးနော်… ရော့ ဒီမှာစာ''

လူကြီးက လွယ်အိတ်ထဲမှ စာအိတ်ကလေး ထုတ်ပေးသည် မောင်ဖော်က ယူပြီး လူကြီးပြောသည့် အိမ်အပြာလေးဆီ ပြေးလာလိုက်၏။

တအောင့်ကြာတော့ မောင်ဖော် ပြန်ရောက်လာသည်။

''အိမ်ရှင်က စာပို့သမားကြီး မလာဘူးလားလို့ မေးနေတယ်၊ ကျွန်တော်က ပါလာပါတယ်၊ ဟိုနားလေးမှာ ခေါင်းမူးလို့ ခဏနားနေတယ်လို့ ပြောမှ ယုံသွားတော့တယ်၊ ကျွန်တော် သူ့ကို လာနှောက်နေတယ်လို့ ထင်ပုံရတယ် ဦးလေးရေ''

မောင်ဖော်က ရယ်ရယ်မောမောဖြင့် ပြန်ပြော၏။ လူကြီးက



သူ့ကို ပြုံးကာစိုက်ကြည့်နေ၏။

''ဦးလေးက စာပို့သမားကြီးကိုး ကျွန်တော်က သိမှ မသိဘဲကိုး၊ အိမ်ရှင်ကမေးတော့ ကျွန်တော်နည်းနည်း အူကြောင်ကြောင်ဖြစ်သွားသေးတယ်''

လူကြီးက အံ့သြသွားပုံရကာ သူ့ကို ပြန်မေး၏။

''မင်းက ဒီမှာနေတာမဟုတ်ဘူးလား''

''မဟုတ်ဘူး… ကျွန်တော်က ဟိုအဝေးကြီးကလာတာ''

မောင်ဖော်သည် လူကြီးကို သူ့အကြောင်းအလုံးစုံ ဖွင့်ပြောပြလိုက်၏။ သူ့စကားဆုံးသောအခါ လူကြီးက သူ့ကို ကရုဏာဒေါသဖြင့် အပြစ်တင်စကားဆိုသည်။

''ကလေးရယ်… ဘာဖြစ်လို့ တစ်ယောက်တည်း ထွက်လာခဲ့ရတာလဲကွာ၊ မင်းထင်သလို လောကကြီးမှာ ပျော်စရာအတိပြည့်နေတာမျိုးမဟုတ်ဘူးကွ၊ မင်းလိုကလေးတစ်ယောက်အတွက် ဘဝတစ်ခုကို တစ်ယောက်တည်း အကူညီမပါပဲ တည်ဆောက်ဖို့ဆိုတာ ဘယ်လွယ်ပါ့မလဲကွယ်''

''ဟုတ်ပါတယ်… ဦးလေး… ကျွန်တော်လျှောက်ရမယ့် လမ်းမှာ အခက်အခဲတွေရှိမယ်ဆိုတာ သိပါတယ် ဒါပေမယ့် ကျွန်တော်ရွာကို မပြန်ချင်ဘူး ဦးလေးရယ်''

www.burmeseclassic.com

www.burmeseclassic.com



မောင်ဇော်သည် နှမ်းလျစွာဆိုလိုက်သည်။ ရွာမှထွက်လာခဲ့ပြီးကတည်းက ရွာကိုမပြန်တော့ဘူးဟု သူဆုံးဖြတ်ထားခဲ့သည်။ သူတွေ့ကြုံရမည့် အနာဂတ်မှာ ဘယ်လိုအခက်အခဲတွေပဲ ရှိပါစေ ရင်ဆိုင်လိုက်မည်ဟူသော သတ္တိသွေးက သူ့ရင်မှာ အပြည့်ရှိနှင့်ပြီးသား။

"ဩော်… ကလေးရယ် ဒါဆို မင်းဘာဆက်လုပ်မယ် စိတ်ကူးလဲ"

ရုတ်တရက် သူ နှုတ်ဆိတ်သွားသည်။ ပြီးမှ မပွင့်တပွင့် ဆိုလိုက်၏။

"လောလောဆယ်တော့ ဒီည ကျောချစရာ တစ်နေရာရဖို့ အတွက် ဘုန်းကြီးကျောင်းကိုပဲ အကူအညီတောင်းရတော့မှာပေါ့"

လူကြီးက သက်ပြင်းကို မှုဉ်းမှုဉ်းချလိုက်၏။ မောင်ဇော်ကို ခပ်စွေစွေကြည့်ကာ တစ်ခုခုကို စဉ်းစားနေဟန်ဖြင့် ငြိမ်သက်နေလေ၏။ ပြီးနောက် တစ်စုံတစ်ရာကို ဆုံးဖြတ်ချက်ချလိုက်ဟန်ဖြင့် မောင်ဇော်ပုခုံးကို ခပ်ဖွဖွပုတ်ကာ ပြောလိုက်၏။

"ကိုင်း… မင်း ဘယ်မှသွားမနေနဲ့တော့ ငါနဲ့လိုက်ခဲ့ကွာ ငါ့အိမ်မှာ လိုက်နေ ငါက တစ်ကိုယ်ရေ တစ်ကာယသမားကွ"



မောင်ဇော် မျက်လုံးလေး လက်ခနဲတောက်သွား၏။ အံ့အားသင့်သွားဟန်ဖြင့် ကြောင်အမ်းအမ်းကြည့်သည်။

"ဦးလေး တကယ်ပြောတာလားဟင်"

ထစ်ထစ်ငေ့ါငေ့ါဖြင့် မယုံနိုင်စွာ ထပ်မေးသည်။

"တကယ်ပေါ့ကွ ကဲ… ကြာတယ်ကွာ မင်း ငါနဲ့သာလိုက်ခဲ့ပေတော့ ထကွာထ"

မောင်ဇော် ဝမ်းသာပျော်ရွှင်စွာ ဖျပ်ကနဲ ထလိုက်သည်။ လူကြီးက သူ့ လက်ကလေးကို မြဲမြဲဆုပ်ကိုင်လိုက်သည်။

ထို့နောက် သူ့ အနာဂတ်သစ်အတွက် ပုံဖော်ဖန်တီးပေးမည့် လူကြီးခေါ်ရာဆီသို့ ရဲရင့်တက်ကြွသော ခြေလှမ်းများဖြင့် ယုံကြည်ကိုးစားလိုက်ပါခဲ့လေတော့၏။

www.burmeseclassic.com

## အခန်း (၇)

လောကသစ်ကို ကျင်လည်ဖြတ်သန်းဖို့ရာ မောင်ဖော် ပိုင်ဆိုင်ခဲ့ရသည့် ဘဝက စာပို့သမားလေး တစ်ယောက်အဖြစ်နှင့်သာ။

သူ၏ မွေးစားဖခင်လို့ ဆိုရမည့် လူကြီးက နေထိုင်မကောင်းဖြစ်ကာ အိပ်ရာထဲလဲနေ၏။ သူ့နေရာတွင် မောင်ဖော်က အစားထိုးဝင်လုပ်ပေးရင်း ဒီဘဝသို့ ရောက်ခဲ့ရတာဖြစ်သည်။

ဘာပဲဖြစ်ဖြစ် မောင်ဖော်က ဒီအလုပ်ကို ဘုရားပေးသောအလုပ် သိကြားပေးသော အလုပ်နှယ် တခုတ်တရနှင့် မြတ်မြတ်နိုးနိုးလုပ်သည်။

လူ့ဘဝဆိုတာ ပင်ပန်းဆင်းရဲသောဘဝ၊ ရုန်းကန်လှုပ်ရှားရသော ဘဝဆိုတာ အလိုလို အပြည့်အဝနားလည်ပြီးသား။ ကြိုးစား



ရုန်းကန်နိုင်မှ တိုးတက်မယ်ဆိုသော အခြေခံအသိကို ဘဝပေး အခြေအနေအရ သူသိလာခဲ့ရပြီ။

ခုဆို သူ့အသက် ၁၄ နှစ်ပြည့်ခဲ့ပြီးပြီ။ လူကြီးတစ်ပိုင်းပင်ဖြစ်နေပြီ မဟုတ်လား။ အရင်လို ကလေးအသိ ကလေးဉာဏ်မျိုးဖြင့် ပေါ့ပေါ့ဆဆ နေထိုင်လို့ရနိုင်တော့မည်မဟုတ်။ ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်တည်နိုင်ဖို့ အားသွန်ခွန်စိုက် ကြိုးစားရုန်းကန်ရတော့မည်။ ဒါကို သူ နားလည်သည်။ ထို့ကြောင့်လည်း အလုပ်ကို ကြိုးကြိုးစားစားနှင့် လုပ်သည်။

စာပို့ရတဲ့အလုပ်ဆိုတာ တကယ်တော့ လွယ်တာမဟုတ်ပေ။ တစ်မြို့လုံး ခြေတိုအောင် လျှောက်ရသည်။ လမ်းကြိုလမ်းကြား အိမ်ကြို အိမ်ကြားမကျန် တစ်လမ်းဝင် တစ်လမ်းထွက်နှင့် ဖတ်ဖတ်မော အောင် ပင်ပန်းလှသည်။

တခါတလေ ထမင်းစားချိန်ကျော်သွား၍ အဆာလွန်တာမျိုးလည်း ရှိသည်။

အခုလည်း မြို့ဆင်ခြေဖုံးတစ်ခုသို့ ပါဆယ်တစ်ခု လာပို့တာ ခပ်သွက်သွက်လျှောက်နေရင်း ဗိုက်ထဲတွင် အောင့်လာမှ သတိရသည်။ မောင်ဖော် ထမင်းမစားရသေး။ စာပို့ပြီးမှ စားမည်ဟု ရည်ရွယ်ထားရာ ယခုလတ်တလော ပါဆယ်ထုပ်ပို့ဖို့ ထွက်ခွာလာ၍ စားဖို့ရာ သတိပင်မရလိုက်။

www.burmeseclassic.com

www.burmeseclassic.com



ဗိုက်ထဲက ပိုးမျိုးရှစ်ဆယ်ကား ထကြွအော်ဟစ်နေကြချေပြီ။ ဆာလွန်း၍ လူက ကတုန်ကယင်ဖြစ်နေသည်။ ခေါင်းထဲမှာလည်း တရိပ်ရိပ်နှင့် ရေလည်းဆာလိုက်တာ။ အနီးအနားမှာလည်း သောက်စရာရေအိုးစင်လေးပင်မရှိ။

အစာမရှိသဖြင့် လူက အားပျက်ခွေယိုင်ချင်နေပြီ။ ဒီကြားထဲ နေကလည်း ကျစ်ကျစ်တောက်ပူနေသေးတော့သည်။

မောင်ဇော်သည် နေကလဲပူ၊ ဗိုက်ကလဲဆာလှသဖြင့် အားအင်ကုန်ခမ်းကာ ဘယ်လိုမှ မဟန်နိုင်တော့ပဲ သတိလစ်ကာ လဲကျသွားလေတော့သည်။

* * *

"ရေ… ရေပေးပါ"

သူသတိရလာလာချင်း သူ့အနားတွင် လူတစ်ယောက်ရှိနေသည်ကို သတိပြုမိလိုက်သဖြင့် သူက ရေကို အငမ်းမရတောင်းမိသည်။

ရေဆာလွန်း၍ သူ့ရင်တစ်ခုလုံး မီးလိုပူနေ၏။ အာခေါင်တွေလည်း ခြောက်သွေ့ကာ အက်ကွဲနေ၏။

တစ်စုံတစ်ယောက်က သူ့ကို ဦးခေါင်းမှဆွဲမကာ နှုတ်ခမ်းဖျားများတွင် ရေဘူးကိုတေ့ကာတိုက်သည်။



ရေဘူးကို ဆွဲယူ၍ တငွပ်ငွပ်ဖြင့် မော့သောက်ချလိုက်မိသည်။

"သတိရလာပြီလား ကောင်လေး"

အသံကြားတော့မှ နံဘေးမှလူကို ကြည့်မိသည်။ ကာကီရောင် ယူနီဖောင်းဝတ်စုံနှင့် ပုလိပ်တစ်ဦးပါလား။

"ဟုတ်ကဲ့"

မောင်ဇော်သည် ထိုလူ၏ ရင်ခွင်ထဲမှထွက်ကာ ခပ်မတ်မတ်ထိုင်ရင်း ပတ်ဝန်းကျင်ကို အကဲခတ်မိသည်။ စောစောက သူသတိလစ်လဲကျသွားရာနေရာနှင့် မလှမ်းမကမ်း လမ်းဘေးသစ်ပင်အောက်တွင် သူရောက်နေသည်။

ခပ်လှမ်းလှမ်းတွင် ရထားလုံးတစ်စီး ရပ်ထားတာတွေ့ရသည်။

"မင်းလဲကျနေတာတွေ့လို့ ဆင်းကြည့်တော့ သတိလစ်နေတာ တွေ့ရတော့တာပဲ၊ အဲဒါနဲ့ ငါလည်း ဒီသစ်ပင်အောက်ကို ရွှေ့ပြီး အခြေအနေစောင့်ကြည့်နေတာ"

ပုလိပ်ကြီးက ရှင်းပြသည်။

"ဟုတ်တယ်၊ ကျွန်တော် အဆာလွန်ပြီး အားပျက်သွားတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်… မင်း ဒီအချိန်ထိ ဘာမှမစားရသေးဘူးလား နေ့လည် ၃နာရီတောင် ရှိနေပြီကွ"

ဟု ပုလိပ်ကြီးက အလန့်တကြားဆိုလိုက်၏။

"ဟုတ်ကဲ့ ကျွန်တော် ဘာမှမစားရသေးဘူး၊ ဒီပါဆယ်ထုပ်လေး ဟိုရပ်ကွက်ထဲ သွားပေးမလို့ လောလောနဲ့လာလိုက်တာ ဘာမှတောင် မစားဖြစ်သေးပါဘူးဗျာ"

"သြော်… မင်းက အတော်အလုပ်ကြိုးစားတဲ့ ပို့(စ်)မန်းပဲကိုး"

"ကျွန်တော့်ကို ခုလိုကူညီတဲ့အတွက် ဆရာကို ကျေးဇူးတင်ပါတယ်ဗျာ၊ တကယ်ပါ"

မောင်ဇော်က လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်လွန်းစွာပြောမိသည်။ လူကြီးက ခပ်ပြုံးပြုံးဖြင့်သာ သူ့ကိုကြည့်နေ၏။

"အင်း… ဒီနေ့ ငါ့အဖို့ ကုသိုလ်ထူးတယ်ကွ၊ လမ်းမှာ သတိလစ်လဲကျနေတဲ့မင်းကို ကူညီခွင့်ရတယ်၊ ကဲကွာ… ကူညီလက်စနဲ့ တခါတည်း ကူညီလိုက်ပါမယ်၊ မင်းပါဆယ်သွားပို့ရမှာ ဟိုရပ်ကွက်ထဲမှာ မဟုတ်လား၊ လာ ငါ့ရထားလုံးနဲ့လိုက်ပို့မယ်၊ ပြီးရင် မင်းကို ဆိုင်တစ်ဆိုင်မှာ ထမင်းကျွေးမယ်"



သဘောကောင်းပုံရသော ပုလိပ်ကြီးက သူ့ကိုတကယ်ပင် ဂရုဏာသက်သွားဟန်ဖြင့် စေတနာပါပါပြော၏။ မောင်ဇော်က အားတုံ့အားနာဖြစ်ကာ အလန့်တကြား ငြင်းမိသည်။

"ဟာရပါတယ်… ဆရာရယ် နေပါစေ ဆရာအတွက် ခရီးဖင့်နေပါဦးမယ်"

"မရပါဘူး မင်းကို ငါက မြင်မြင်ချင်း ခင်သွားလို့ ကူညီချင်တာ၊ ငါက စေတနာနဲ့ပါ"

"ဆရာရဲ့ စေတနာကို နားလည်ပါတယ် ဒါပေမယ့်"

"ဒါပေမဲ့တွေ ဘာတွေလုပ်မနေနဲ့ ငါ့စေတနာကို အသိအမှတ်ပြုရင် အခုရထားလုံးပေါ်တက်"

ပုလိပ်ကြီး၏ ရထားလုံးပေါ်သို့ အားတုံ့အားနာဖြင့် လိုက်ပါလာခဲ့သည်။

ထိုနေ့က စိတ်သဘောထားကောင်းမွန်၍ ကူညီတတ်သော ပုလိပ်ကြီးနှင့် ခင်မင်ခွင့်ရခဲ့လေ၏။

www.burmeseclassic.com

## အခန်း (၈)

မကြာမီပင် ကံကြမ္မာ အလှည့်အပြောင်းတစ်ခု မောင်ဇော်ဘဝ ကို ရိုက်ခတ်လာပြန်၏။

မောင်ဇော်ကို ကျွေးမွေးစောင့်ရှောက်ထားသော စာပို့သမား ကြီး ရုတ်တရက် နှလုံးရောဂါဖြင့် သေဆုံးသွားခဲ့သည်။ စာပို့သမား ကြီးနေထိုင်မကောင်း ဖြစ်တဲ့အခိုက် နားလည်မှုနှင့် ဝင်လုပ်ခဲ့သော စာပို့အလုပ်လေးလဲ အလိုလိုပြုတ်သွားတော့သည်။

အလုပ်လက်မဲ့ ဘဝတွင် နေရစရာမဲ့လည်း ဖြစ်ရတော့မည်။ သူတို့ငှားရမ်းနေထိုင်သည့် အိမ်လေးလဲ နှစ်ပြည့်၍ မကြာမီပြန်အပ် ရတော့မည်။ ရှေ့ဘာဆက်လုပ်ရမည်ကို မောင်ဇော် မတွေးတတ်တော့။ စိတ်ဓာတ်အကြီးအကျယ်ကျလျက်သာ ရှိနေတော့သည်။



"ကိုဇော်"

အိမ်တိုင်ကိုမှီကာ ငူငူကြီးထိုင်နေသော မောင်ဇော်သည် ခေါ်သံကြားမှ အလန့်တကြား ကြည့်မိသည်။

"ဪ… လူအေး လာလေ"

လူအေးသည် သူနှင့်သက်တူရွက်တူလောက်သာ ရှိမည်။ ခေါင်းရင်းအိမ်တွင် နေသည်။

"ဘာတွေစဉ်းစားနေတာလဲ ကိုဇော်ရ"

လူအေးက တရင်းတနှီး ပုခုံးပုတ်၍မေး၏။

"ဒီလိုပါပဲကွာ… ငါ့ဘဝရှေ့ရေးအတွက် ဘာလုပ်ရင် ကောင်းမလဲလို့ ထိုင်စဉ်းစားနေတာ"

မောင်ဇော်က သက်ပြင်းကို ခပ်လေးလေးချလိုက်သည်။ အိမ်ရှေ့က ရေစည်ပိုင်းပြတ်ထဲတွင် ပေါလောမျောနေသော ရေခွက်က လေးကို ခပ်တွေတွေ စိုက်ကြည့်နေ၏။

"ကျွန်တော်လဲ အဲဒါပြောချင်လို့ ကိုဇော်ဆီလာတာ"

ဟု လူအေးက ဆက်ပြောတော့ မောင်ဇော် အံ့အားသင့်သွား သည်။ လူအေးကို နားမလည်ဟန်ဖြင့် မျက်လုံးပြူးကြည့်သည်။ လူအေးမျက်နှာတွင် အပြုံးရိပ် တစွန်းတစကို မြင်ရတော့ ပိုလို့ပင်အံ့ သြသွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲကွ"

"ဘုရားပွဲမှာ ဟိုနေ့ညကဝင်သွားတဲ့ ဆပ်ကပ်ပွဲကို ကိုဇော် ကြည့်ဖြစ်လိုက်လား"

မဆီမဆိုင် စကားကြောင့် မောင်ဇော် မျက်နှာရှုံ့မဲ့သွားသည်။

"မကြည့်ဖြစ်ဘူး"

ဟု ရှုတင်းတင်း ပြန်ပြောမိသည်။

"အဲဒီဆပ်ကပ်အဖွဲ့ရဲ့နာမည်က စေလိုရာတဲ့ ကိုဇော်ရ"

"နေပါဦး... မင်းပြောနေတဲ့ ဆပ်ကပ်နဲ့ ငါနဲ့ဘာဆိုင်လို့ လဲကွာ၊ ဒီမှာ စိတ်ညစ်နေရတဲ့အထဲ မင်းကတမျိုး"

မောင်ဇော် စိတ်ရှုပ်ရှုပ်ဖြင့် ဘုတောလိုက်သည်။ လူအေးက သူ့စကားကို ဗွေမယူပဲ အသိရခက်စွာပြုံးလိုက်သည်။

"ကိုဇော်ကလဲ ကျွန်တော်ပြောတာ ဆုံးအောင်နားမထောင် ပဲနဲ့ အဲဒီဆပ်ကပ်အဖွဲ့က အလုပ်သမားအလိုရှိနေတယ်တဲ့ အဲဒါ ကိုဇော်ကို ဝင်လုပ်ပါလားလို့ ပြောမလို့ဟာ"

မောင်ဇော် မျက်လုံးများ ဖျပ်ကနဲတောက်သွား၏။ အံ့အံ့ သြသြဖြင့် လူအေးကို စိုက်ကြည့်သည်။

"တကယ်လားကွ"

"တကယ်ပေါ့၊ ဟိုတစ်နေ့က ကျွန်တော် အဲဒီနား လမ်းဖြတ် လျှောက်တုန်း အဲဒီဆပ်ကပ်အဖွဲ့ထဲက လူတွေပြောနေတာ ကြားခဲ့ရတာ၊ အဲဒီဆပ်ကပ်အဖွဲ့မှာ ဝင်လုပ်ရင် နေစရိတ် စားစရိတ် အငြိမ်းပဲတဲ့ ပြီးတော့ ပွဲကြေးလဲရဦးမှာ"



လူအေးက အားတက်သရော ပြောပြ၏။

ယခုလောလောဆယ် အလုပ်လဲမရှိ နေစရာလဲ ပျောက်တော့ မှာဆိုတော့ မောင်ဇော်သည် လူအေးပြောသည့် ကိစ္စကို အရမ်းစိတ် ဝင်တစားဖြစ်သွား၏။

"အေး... ငါ စိတ်ဝင်စားတယ်ကွာ... ငါအဲဒီမှာ အလုပ် လုပ်ချင်တယ်"

"ဒါဆို... ကိုဇော်ကို အဲဒီနေရာ ကျွန်တော်လိုက်ပို့ပေး မယ်၊ ဟိုရောက်တော့ အလုပ်ရအောင်ကြိုးစားပြီး ကူပြောပေး မယ်လေ"

"ကျေးဇူးပဲကွာ လူအေးရာ ဒါဆို ခုပဲ သွားကြရအောင် နော်"

မောင်ဇော်က အလောတကြီးပြောလိုက်သည်။ သူ့အခြေအနေ က အခုဆို ခုချက်ချင်းထလုပ်မှ ရတော့မည့် အခြေအနေမဟုတ်လား။

ဇာတ်သိမ်း

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

မောင်ဖော် ကံကောင်းထောက်မစွာပင် ဆပ်ကပ်ရုံ၌ အလုပ်ရခဲ့လေ၏။

အထွေထွေလုပ်သားအဖြစ် သူလုပ်ကိုင်ပေးရသည်။ ဆပ်ကပ်အဖွဲ့ဆိုတာကလည်း တစ်နေရာထဲမှာ အခြေကျနေထိုင်သူများ မဟုတ် တစ်နယ်ပြီး တစ်နယ် တစ်ရပ်ပြီး တစ်ရပ် လှည့်လာသွားလာနေရသဖြင့်လည်း သူ့အဖို့ နယ်ပေါင်းစုံ အရပ်တကာပေါင်းစုံကို ရောက်ဖူးခဲ့ရပြီ။ အတွေ့ကြုံအသစ်ဆန်းတွေလည်း မြင်ရသိရ ထိတွေ့ခွင့်ရဖူးခဲ့ပေပြီ။

သူ့အသက် ၁၆ နှစ်တာကာလအတွင်း လောကဒဏ်၏ ထိုးနှက်ရိုက်ခတ်မှုကိုလည်း အရွယ်နှင့်မမျှအောင် အလူးအလိမ့် ခံစားရခဲ့ပြီးဖြစ်သည်။



နောက်ထပ် ဘယ်လိုဆိုးရွားသည့် အရာတွေပဲဖြစ်ဖြစ် ခက်ခဲကြမ်းတမ်းမှုတွေပဲဖြစ်ဖြစ် အရာရာကို ရင်ဆိုင်နိုင်ဖို့ ခံနိုင်ရည်အပြည့် ရှိနေခဲ့ပြီလည်း ဖြစ်၏။

သူကား အရွယ်မတိုင်မီ အတင်းအဓမ္မ ရင့်ကျက်ခဲ့ရသူလို့ သတ်မှတ်၍ရသည်။ အဓမ္မထိုးအပ်လာသည့် ထိုရင့်ကျက်မှုကို ဂုဏ်သိက္ခာရှိစွာ ရဲရင့်စွာပင် သူခံယူခဲ့သည်။

သူ့အနာဂတ်သည် ခရောင်းတောလမ်းလား ယန်းခင်းလမ်းလားဆိုတာ ဘယ်တော့မှမမျှော်ကိုး။ ဘာလမ်းဖြစ်ဖြစ် ရဲရဲကြီးနင်းလျှောက်လိုက်မည်ဟု သတ္တိသွေးတွေ အပြည့်နှင့်သူ့စိတ်ဓါတ်တွေ ရဲရဲတောက်ခဲ့လေ၏။

ဒီတစ်ခါ သူတို့ ဆပ်ကပ်အဖွဲ့ရောက်လာခဲ့သည်မှာ နယ်မြို့လေးတစ်မြို့တွင်ဖြစ်သည်။

သူတို့ဆပ်ကပ်ရုံ စတည်းချရာနေရာနှင့် မလှမ်းမကမ်းတွင် ဓါတ်နန်းတစ်ခုရှိသည်။

ထိုဓါတ်နန်းမှာ အကြားအမြင်ဆရာတစ်ယောက် ရှိနေသတဲ့။ ထိုဆရာဟောသမျှတွေ သိပ်မှန်တာပဲဟု အရမ်းနာမည်ကြီးနေသတဲ့။ ထိုသတင်းကို ကြားမိစဉ်မှာတော့ မောင်ဖော်တစ်ယောက် စပ်စုချင်စိတ်တွေ တဖွားဖွားပေါ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



ဒီသတင်း အမှန်ပဲလား။ လူတွေ ပြောနေကြသလို အဲဒီ ဆရာဆိုတဲ့ လူက တကယ်ပဲ အကြားအမြင်ရနေသလား။

သိချင်စိတ်က ပြင်းပြလာသည်။ သူတို့ ဆပ်ကပ်အဖွဲ့သား တွေထဲမှာတောင် အဲဒီဆရာဟောတာ ဘယ်လိုမှန်တဲ့အကြောင်း တအံ့ တသြ ပြောနေကြတဲ့ အသံတွေ သူနားနဲ့မဆံ့ကို ကြားနေရတာ။

တစ်နေ့တော့ သွားကိုသွားကြည့်ဦးမည်ဟု အားခဲထားမိ သည်။ သူမျှော်လင့်စောင့်စားခဲ့သောနေ့ အမှန်တကယ် ရောက်ရှိလာ၏။ အဲဒီနေ့က လုပ်ဖော်ကိုင်ဖက် သူငယ်ချင်းဖြစ်သူ ပေစီကို အဖော်စပ်၍ ဓါတ်နန်းဆီသို့ ရောက်လာခဲ့တော့သည်။

ဓါတ်နန်းတွင် လာမေးသူများဖြင့် စည်ကားလှသည်။ ဘုရား စင်ရှေ့တွင် ယောကီရောင်ဝတ်စုံကို တစ်ကိုယ်လုံး ထက်အောက်ဆင် တူဝတ်ထားသော လူကြီးတစ်ယောက် ထိုင်နေသည်။ သူ့လည်ပင်း တွင်လည်း ပုတီးကြီးတစ်ကုံးဆွဲထား၏။ ပုတီးစေ့တွေက ဂေါ်လီလုံး လောက်ရှိမည်ထင်သည်။

ထိုလူကြီးသည် မျက်လုံးကို စုံမှိတ်လျက် တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ကာ ယမ်းနေ၏။

သူဟာ အကြားအမြင်ဆရာဆိုတာပဲဟု မောင်ဇော်အတပ်သိ လိုက်သည်။ သူ့ရှေ့တွင် လူများမှာ ရိုကျိုးစွာထိုင်လျက် စိတ်ဝင်တစား



ရှုးစိုက်ကြည့်နေကြ၏။

မောင်ဇော်သည် အကြားအမြင်ဆရာ၏ အပြုအမူကိုကြည့် ရင်း စိတ်ထဲ မချင့်မရဲဖြစ်လာကာ နဘေးရှိ လူကိုခပ်တိုးတိုးမေးမိ သည်။

“သူ ဘာဖြစ်နေတာလဲဟင်”

“ဘိုးတော်ဝင်နေတာတဲ့”

“ဘိုးတော်“

မောင်ဇော်က ဘေးကလူအပြောကို သံယောင်ပြု ရေရွတ်မိ သည်။

“ဘာ ဘိုးတော်လဲ ဟင်”

“အဲဒါတော့ မသိဘူး”

ဟိုလူက ခပ်ဆတ်ဆတ်ပြန်ဖြေ၏။ ဘိုးတော်၏ဟောပြော ချက်များကို မကြားလိုက်ရမည်ကို စိုးရိမ်နေပုံရသည်။ မောင်ဇော်က ထပ်မေးချင်သေးသော်လည်း စကားမစရဲတော့။ ဘိုးတော်ဝင်ပြောနေ သော စကားတွေကိုသာ နားစွင့်လိုက်မိသည်။

“သမီးတော်ကြီးမှာ အပူသောကတွေ အတော်များတာပဲ”

“ဟုတ်ပါတယ်ရှင် ဟုတ်ပါတယ်”

ခပ်ဝဝ မိန်းမကြီးက ညှိုးငယ်စွာပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"လုပ်သမျှ ကိုင်သမျှ ကြံစည်သမျှတွေလည်း ဘာတစ်ခုမှ မအောင်မြင်ဘူးဖြစ်နေတယ်၊ စီးပွားရေး အဆင်မပြေဘူး ဒီကြားထဲ သုံးတောင်ဝတ်မိန်းမရဲ့ နှောင့်ယှက်မှုကြောင့် အိမ်ထောင်ရေးကလည်း မသာယာပြန်ဘူး မဟုတ်လား"

"အမှန်ပါပဲရှင် အမှန်ပါပဲ"

မိန်းမကြီးက ခေါင်းကို ခပ်သွက်သွက်ညိတ်ကာ တအံ့တဩ ထောက်ခံလိုက်သည်။

"သမီးတော်ကြီးကို ကူညီပါဦး ဘာလုပ်ရမလဲဆိုတာ အကြံဉာဏ်လေးများ မစပေးပါဦး ဘိုးတော်ရယ်"

မိန်းမကြီးက မျက်ရည်ဝဲဝဲ အသံတုန်တုန်ဖြင့် အသနားခံသည့် မျက်နှာပေးဖြင့် ပြောလိုက်သည်။

"အိမ်း… ဒီကိစ္စအတွက်နဲ့တော့ ဘာမှမပူနဲ့ ဘိုးတော်မမယ်၊ ငါ့သမီးတော်ကြီးရဲ့ သောကဒုက္ခတွေအားလုံး ကင်းဝေးစေရမယ် ဟုတ်ပလား"

"အားကိုးပါတယ်… ဘိုးတော်ရယ်… အားကိုးပါတယ်"

မိန်းမကြီး၏ မျက်နှာ ဝင်းသွားသည်။ ပြုံးပြုံးရယ်ရယ်ဖြစ်လာ၏။ အိတ်ထဲမှ ပိုက်ဆံအချို့ထုတ်ကာ ဘိုးတော်ရှေ့မှ ဖလားခွက်ထဲ ထည့်လိုက်သည်။



ဘိုးတော်မမယ် ဆိုပါလား။ ဘယ်လိုများ မမှာပါလိမ့်ဟု အပြေးအလွှားစဉ်းစားရင်း မောင်ဇော်က မျက်တောင်ကို တဖျပ်ဖျပ်ခတ်သည်။

ခပ်ဝဝမိန်းမကြီး၏ နံဘေးတွင် ထိုင်နေသော အဖော်ဖြစ်သူ မိန်းမက

"ဘိုးတော် မမယ်တဲ့ဟဲ့ နင့်ယောက်ျား ဟိုကောင်မကိုပစ်ပြီး နင့်ဆီပြန်လာမှာ စိတ်မပူနဲ့တော့… သိလား မကျင်တုတ်"

ဟု အသာလက်ကုတ်၍ ခပ်တိုးတိုး အားပေးလိုက်၏။

'မကျင်တုတ်' ဟူသော နာမည်ကိုကြားတော့မှ မောင်ဇော်သည် ဟိုတစ်နေ့က အဖြစ်အပျက်ကို သွားအမှတ်ရမိသည်။

တမြန်နေ့ မနက်စောစောက မြို့ဦးဘုရားလေးဆီသို့ သူရောက်လာခဲ့သည်။ ဘုရားဝတ်ပြုပြီး ဘုရားပေါ်က ပြန်ဆင်းတော့ ဘုရားစောင်းတန်းထဲမှ အသံတစ်ချို့ ပျံ့လွင့်လာ၍ မရည်ရွယ်ပါပဲ နားထောင်မိသွားသည်။

"ရှင့်ဆီကို ဟို မိန်းမ ရောက်လာလိမ့်မယ် သိလား"

မိန်းမတစ်ယောက်အသံ ခပ်တိုးတိုးကြားရ၏။

"သူ အခု မျက်ကလဲဆန်ပြာ ဖြစ်နေပြီလေ၊ စီးပွားရေးက

www.burmeseclassic.com

www.burmeseclassic.com



လည်း ချုတ်ခြုံကျနေ ယောက်ျားဖြစ်သူကလည်း ကျွန်မလက်ထဲမှာဆိုတော့ အရှုံးမီးဝိုင်းဖြစ်နေပြီပေါ့”

“သူ ငါ့ဆီကို ရောက်လာမှာ သေချာရဲ့လားဟ”

“အို… သိပ်သေချာတာပေါ့၊ မကျောင်တုတ်ဆိုတဲ့ မိန်းမကြီးဟာလေ ဗေဒင်တွေ နတ်တွေ ယုံတာမှ တဖက်စွန်းကိုရောက်နေတာတော်ရေ၊ ရှင့်ဆီကို သူ ရောက်ကိုရောက်လာမှာပါ စိတ်ချ။ ဒါနဲ့ ရှင် ကျွန်မကို လောကတ်လေးဝယ်ပေးမယ်ဆိုတာ ဘယ်တော့လဲ”

“သိပ်မကြာတော့ပါဘူးကွာ ခဏလေးပဲစောင့်ပါ ရရမှာပေါ့”

“ဟင် ပြောလိုက်ရင် ဒီလိုချည်းပဲ”

ထိုစဉ်က ထိုစကားကွဲကို အမှတ်တမဲ့ သူနားထောင်ခဲ့မိတာ။ ခုပြန်စဉ်စားကြည့်တော့မှ တရေးရေး သဘောပေါက်လာရသည်။ ဒေါ်ကျောင်တုတ်ယောက်ျားနှင့် ပတ်သတ်နေသူမှာ ဟိုနေ့က သူကြားခဲ့ရသည့် အသံရှင် မိန်းမပဲဖြစ်ရမည်။ အဲဒီမိန်းမနှင့် ပြောနေသူယောက်ျားက ဟောဒီရှေ့မှာ ထိုင်နေတဲ့ ဘိုးတော်ဆိုသူပဲ ဖြစ်ရမည်ဟု သူတာထစ်ချ တွက်ဆမိလိုက်သည်။

ကြည့်စမ်း ဒါဆို ဒီလူကြီး လိမ်နေတာပေါ့။



“ခင်ဗျားက လူလိမ်ကြီးပဲ”

မောင်ဇော်သည် ထိုလူကြီး၏ မျက်လုံးများကို စေ့စေ့ကြည့်၍ စိတ်ထဲမှ တီးတိုးပြောလိုက်မိသည်။

တစ်ကိုယ်လုံးတုန်ယင်ကာ လှုပ်ယမ်းနေသော လူကြီးသည် ရုတ်တရက် ဆတ်ခနဲတုန်သွားကာ မျက်လုံးများ ဖျပ်ကနဲ ပွင့်လာ၏။ ဘေးဘီဝဲယာသို့ ဟျာဟျာသလဲပြူးပြဲကြည့်သည်။

သူ့ပုံစံက တစ်ခုခုကို မြင်မိကြားမိ၍ အလန့်တကြား ဖြစ်သွားပုံမျိုး။

မောင်ဇော် ရယ်ချင်သွားသည်။ ဒီလူကြီး မှုယာမာယာများပြီး ဘာမဟုတ်တာတွေ ပြောဦးမှာပါလိမ့်။

“အံမယ် ဒီလူကြီး ဘာ မှုယာမာယာများပြန်တာလဲ”

စိတ်ထဲမှ အမြင်ကပ်လွန်းစွာ ပြောလိုက်မိသည်။

“အမလေး ဘာမှ မှုယာမာယာ မများပါဘူး ခင်ဗျာ၊ ကျွန်တော် ကြောက်ပါပြီ၊ ကျွန်တော့်ကို ဘယ်အထက်ပုဂ္ဂိုလ်တွေများ လမ်းညွှန်နေတာလဲ ဟင်”

လူကြီးက ဘေးပတ်ဝန်းကျင်ကို ဟျာဟျာသလဲ လိုက်ကြည့်ကာ တုန်တုန်လှုပ်လှုပ်မေးနေ၏။

မောင်ဇော် အံ့ဩသွားသည်။ သူ့စိတ်ထဲမှ ပြောသည့်စကား

www.burmeseclassic.com

www.burmeseclassic.com



များကို ဒီလူကြီး ကြားနေတာများလားဟု တွေးမိသည်။

“ဘာ အထက်ပုဂ္ဂိုလ်လဲ ဘာအထက်ပုဂ္ဂိုလ်မှမရှိဘူး ခင်ဗျား လို လိမ်စားနေတဲ့ လူတွေပဲရှိတယ်”

မောင်ဇော်က စိတ်ထဲမှ ထပ်ပြောလိုက်၏။

“အမလေး အထက်ပုဂ္ဂိုလ်မဟုတ်ဘူးလား၊ ဒါဆို အောက် ပုဂ္ဂိုလ်ပေါ့နော် ဒါဆို ကြောက်ပါတယ် ခင်ဗျာ”

အကြားအမြင်ဆရာသည် ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ပြောပြီး အရပ်လေးမျက်နှာသို့ ပျာပျာသလဲ ဦးချလိုက်၏။

လူတွေအားလုံး ကျွတ်စီကျွတ်စီနှင့် ဖြစ်ကုန်၏။ အကြားအ မြင် ဆရာ ဦးချရာနေရာသို့ လိုက်ကြည့်ကြသည်။ ဘာမှမတွေ့ကြရ သောအခါ သူတို့ရှုံ့တွန့်တွန့် ဖြစ်သွားကြ၏။ အချင်းချင်း မသိမသာ ပူး၍တိုးကပ်ထိုင်ကြသည်။

မောင်ဇော် သိလိုက်ရပြီ။ ဒီလူကြီး သူ့စိတ်ထဲမှ ပြောနေတာ ကို အမှန်တကယ်ကြားနေခြင်း ဖြစ်မည်ဟု တွေးမိကာ သူပျော်သွား သည်။ ဒီလူကြီးကို ကောင်းကောင်းဆုံးမရမည်။

“ဟေ့ ဒီမှာ အထက်ပုဂ္ဂိုလ်လည်းမဟုတ်ဘူး၊ အောက်ပုဂ္ဂိုလ် လည်းမဟုတ်ဘူး အလယ်ပုဂ္ဂိုလ်ကွ”

“ဟင်… တယ်ထူးဆန်းပါလား အလယ်ပုဂ္ဂိုလ်ရယ်လို့ တစ်ခါမှ မကြားဖူးဘူး”



အကြားအမြင်ဆရာက မျက်မှောင်တွန့်ကာ အံ့အားသင့်ဟန် ဖြင့် ရေရွတ်၏။

“အခုကြားဖူးပြီမှတ်လား၊ ဘာလဲ မင်းက ငါ့ကို မယုံဘူး လား”

မောင်ဇော်က ဖြဲခြောက်လိုက်သည်။ အကြားအမြင်ဆရာ သည် တုန်တုန်လှုပ်လှုပ် ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။

“အမလေး ယုံပါပြီဗျာ ယုံပါပြီ အပြစ်တော့မပေးပါနဲ့ အလယ်ပုဂ္ဂိုလ်ကြီးရယ်”

ပါးစပ်မှလည်း တတွတ်တွတ်တောင်းပန်ကာ တွေ့ကရာကို နဖူးနှင့်ကြမ်းပြင် ဆောင့်လုမတတ် တဒိုင်းဒိုင်း ဦးချနေ၏။

မောင်ဇော်သည် ရယ်ချင်စိတ်ကို မနည်းမျိုသိပ်ထားရသည်။ ခပ်တည်တည် ဆက်ဟောက်လိုက်၏။

“မင်းကို အပြစ်မပေးစေချင်ရင် မင်းရဲ့အတုယောင်ဓါတ် နန်းကြီးကို ဖျက်ပြီး မင်းဒီနေရာက ထွက်သွားပေတော့”

“ဟာ… အဲဒီလိုတော့ မလုပ်ပါနဲ့ခင်ဗျာ ဒါလေးဖျက်ရင် ကျွန်တော် ထမင်းအိုးကွဲသွားမှာပေါ့ မလုပ်ပါနဲ့”

“ဖျက်မလား မဖျက်ဘူးလား ငါ့ကို အာခံတယ်ပေါ့ တယ်”

ဟိုလူကြီး ဆတ်ခနဲ တုန်သွားကာ မျက်လုံးများ အရောင်တန် ပြူးကျယ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



“အမလေး မလုပ်ပါနဲ့ ကြောက်ပါတယ်”

“လာပါကွာ သွားရအောင် ဘာတွေစိတ်ရှုပ်နေလဲ မသိဘူး”

ပေစိက မောင်ဇော့်ကို လက်ကုတ်ကာ ပြောလိုက်သဖြင့် မောင်ဇော် အာရုံပျက်သွားသည်။

ပေစိကပြောပြီးပြီးချင်း လှည့်ထွက်သွားသည်။ မောင်ဇော်သည် ဆက်ပြီး ပညာပေးချင်သေးသော်လည်း ပေစိက လက်ဆွဲကာ သူ့ကို အတင်းခေါ်နေသဖြင့် မသွားချင်သွားချင်နဲ့ ထွက်လာခဲ့ရတော့သည်။

အပြင်သို့ မရောက်မီလေး နောက်သို့ လှည့်ပြန်ထပ်ကြည့်မိသည်။ ဟိုလူကြီးကတော့ အရုပ်လေးမျက်နှာကို ကြောက်ကြောက်လန့်လန့်နှင့် ဦးချနေတာတွေ့ရသည်။

“အမိုက်အမဲလေးမို့ ဗွေမယူပါနဲ့ နောက်မလုပ်တော့ပါဘူး”

ဟူသော တောင်းပန်ပြောဆိုသံများ နောက်နားဆီတွင်ပျံ့လွင့်လျက် ကျန်ရစ်ခဲ့လေတော့၏။

အပြင်ရောက်တော့မှ မောင်ဇော်သည် အားပါးတရ ရယ်ချလိုက်မိတော့သည်။



ပေစိက သူ့ကို နားမလည်ဟန်ဖြင့် စောင်းကြည့်သည်။ သူ ဘာမှ ရှင်းမပြလိုက်မိချေ။

သူပြောလို့ကော ယုံမှာမှမဟုတ်တာပဲလေ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

နောက်တစ်နေ့ မနက်ခင်း မောင်ဇော်တစ်ယောက် ဘုရားသို့ ထွက်လာရာ ဓါတ်နန်းရှေ့က အဖြတ်တွင် မြင်လိုက်ရသော မြင်ကွင်းကြောင့် ရုတ်တရက် အံ့အားသင့်သွားရသည်။

ဓါတ်နန်းဟုခေါ်သော အိမ်ကလေးသည် သော့ခတ်ထားသည်ကို တွေ့လိုက်ရသောကြောင့်ဖြစ်သည်။ အရင်က လူတရုန်းရုန်းနှင့် စည်ကားခဲ့သောနေရာ ယခုတော့ တိတ်ဆိတ်ခြောက်ကပ်စွာ တွေ့လိုက်ရ၍ သူ့အမြင်အာရုံထဲ အဆန်းဖြစ်သွားသည်။

ဘေးမှ ဖြတ်လျှောက်လာသူ မိန်းမတစ်ဦးကို မေးမိသည်။

"ဟိုလေ ဒီဓါတ်နန်းက ဘာဖြစ်လို့ ပိတ်ထားတာလဲဟင်"



"မင်း မသိသေးဘူးလား အကြားအမြင်ဆရာဆိုတဲ့လူလေ ပုဂ္ဂိုလ်တွေမောင်းထုတ်တယ်ဆိုလားပဲ ဓါတ်နန်းကိုပိတ်ပြီး ထွက်ပြေးသွားတယ်လေ"

"ဘယ်ပုဂ္ဂိုလ်က မောင်းထုတ်လိုက်တာလဲ"

"ဒါတော့ ဘယ်သိပါ့မလဲ၊ သူများတွေပြောတာတော့ အထက်ပုဂ္ဂိုလ်တွေက သူ့ကို ဒဏ်ခတ်ပြီး မောင်းထုတ်လိုက်ကြတယ်တဲ့"

"ဩော် သူဘာလုပ်မိလို့များ ဒဏ်ခတ်ကြတာလဲ မသိဘူးနော်"

မောင်ဇော်က မသိချင်ယောင်ဆောင်၍ ပြောလိုက်၏။ မိန်းမကြီးက နှုတ်ခမ်းကို ပုံပျက်ပန်းပျက်ဖြစ်သွားအောင် မဲ့ရွဲ့လိုက်ရင်း

"သူက အာရှိုးညာဖြီးဆရာပဲ... ဒါကြောင့် သူ့ကို အထက်ပုဂ္ဂိုလ်တွေ ဆုံးမလွှတ်လိုက်တာနေမှာပေါ့"

ပြောပြီး မိန်းမကြီးက ငေါ့တော့ငေါ့တော့ဖြင့် လှမ်းထွက်သွားလေ၏။ မောင်ဇော် ကြိတ်ရယ်လိုက်မိသည်။

သူပညာပေးလိုက်လို့ ဟိုလူကြီးလစ်ပြေးသွားရပြီ။ ကောင်းတယ် ဒါမှ ဒီလူကြီး နောက်တစ်ခါ လိမ်မစားရဲတော့မှာ။

သူပညာပေးလိုက်ပုံကလည်း နည်းနည်းတော့ ရယ်ရကောင်းနေ၏။ အထက်ပုဂ္ဂိုလ်တွေ ဒဏ်ခတ်လိုက်တာတဲ့။

www.burmeseclassic.com

www.burmeseclassic.com



လူတွေကြားထဲမှာ ဒီလိုပဲ သတင်းပျံ့နှံ့တာ။

ဒါပဲကောင်းပါတယ်လေ။ သူ လုပ်လိုက်တာပါလို့ လိုက်ပြောလို့ရော ဘယ်သူက ယုံမှာတဲ့လဲ။ သူ့အဖြစ်က ယုံလောက်စရာမှ မရှိတာပဲလေ။

"ဟော့ မောင်ဇော်"

တွေးတွေးငေးငေးဖြင့် လျှောက်လာစဉ် ခေါ်သံကြား၍ လှည့်ကြည့်မိတော့ မထင်မှတ်ထားသောလူကို ပြုံးခနဲ တွေ့လိုက်ရ၍ အံ့သြသွားသည်။

"ဟင်… ဆရာ"

တစ်ခါက သူသတိမေ့နေစဉ် ကူညီခဲ့ဖူးသော ပုလိပ်ကြီး။

"တူပါလို့ ကြည့်နေတာ တကယ်ပဲ မင်းဖြစ်နေတာကိုး"

ပုလိပ်ကြီးက ရယ်ရယ်မောမောဖြင့်ပြောရင်း မောင်ဇော့်အနားသို့ လျှောက်လာ၏။

"ဆရာ… ဒီကိုရောက်နေတယ်"

"အေး… ဟုတ်တယ်ကွ… ငါ ဒီနယ်မှာ တာဝန်ကျနေတယ်"

"ကျွန်တော်က အခု ဆပ်ကပ်ရုံမှာ အလုပ်ဝင်လုပ်နေတာလေ၊ ဒီနယ်မှာ ဆပ်ကပ်လာပြတာ"



"ကြည့်စမ်း မထင်မှတ်ပဲ တို့တွေဆုံပြန်ပြီ"

"ဟုတ်တယ်နော်"

"ဒါနဲ့… မင်းခုနက ဘာတွေစဉ်းစားပြီး ပြုံးနေတာလဲ၊ မင်းပြုံးပြုံးကြီးနဲ့လျှောက်လာတာကို ငါ ဟိုအဝေးကတည်းက မြင်တယ် ပြောစမ်းပါဦးကွ ဘာတွေစဉ်းစားလာတာလဲ"

မောင်ဇော် ဟက်ကနဲ တချက်ရယ်လိုက်သည်။ သူစဉ်းစားလာတာကို ပြောပြလို့ ဖြစ်ပါ့မလား။

"ကျွန်တော်ပြောရင် ဆရာ ယုံမှာမဟုတ်ပါဘူး"

ပုလိပ်ကြီးက သူ့စကားကို အံ့သြသွားဟန်ဖြင့် မျက်မှောင်တွန့်လိုက်၏။

"အံမယ် ဘာမို့လို့လဲကွ"

စိတ်ဝင်စားမှုအပြည့်အဝပါသည့် လေသံဖြင့် ပုလိပ်ကြီးက မေး၏။ မောင်ဇော်က နှုတ်ခမ်းကို တချက်ကိုက်လိုက်သည်။ ပြောရကောင်းနိုး မပြောရကောင်းနိုးနှင့် ချီတုံချတုံဖြစ်နေ၏။ နောက် ပြောတော့ရန် စိတ်ဆုံးဖြတ်လိုက်ဟန်ဖြင့်

"ဒီလိုဗျ"

ဟု အစချီကာ မောင်ဇော်သည် ဘိုးတော်ယောင်ဆောင်အား ပညာပေးလိုက်ပုံများကို အသေးစိတ် ပြောပြလိုက်မိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ပုလိပ်ကြီးသည် မောင်ဇော်ပြောပြသည့် အကြောင်းကို တအံ့တဩဖြစ်ပုံရသော်လည်း ယုံကြည်ဟန်တော့ မပြပေ။

ဒါကို မောင်ဇော် ရိပ်မိသည်။

သူပြောတာအမှန်တွေပဲမို့ ပုလိပ်ကြီးကို ယုံစေချင်လှသည်။

''မင်းဟာက ဆန်းတော့ ဆန်းတယ် ဒါပေမယ့်''

ပုလိပ်ကြီးက စကားကိုတဝက်တပျက်ရပ်လိုက်သည်။ အလုပ်မရှိ အလုပ်ရှာကာ သူ့လက်ချောင်း တုတ်တုတ်ကြီးများကို ဂလွတ်ဂလွတ်နှင့် မြည်အောင်တစ်ချောင်းရင်း ချိုးလိုက်၏။ သူ့မျက်နှာတွင် မောင်ဇော်စကားကို မယုံကြည်ဟန်တွေ အထင်းသားပေါ်နေ၏။

မောင်ဇော်သည် ပုလိပ်ကြီးယုံအောင် ဘယ်လိုပြောရင်ကောင်းမလဲဟု တွေးနေတုန်း ရုတ်တရက် လင်းကနဲဖြစ်သွားကာ ပုံရိပ်တစ်ချို့ကို စိတ်မျက်စိနှင့် လှမ်းမြင်လိုက်ရသလို အာရုံထဲ တဖျပ်ဖျပ်နှင့်ပေါ်လာ၏။

ဝမ်းသာအားရနှင့် ပုလိပ်ကြီးကို လှမ်းကြည့်မိသည်။

''ဆရာ ဒီကိုမလာခင် လမ်းမှာ မိန်းကလေးတစ်ယောက်ရဲ့ အိမ်ကို ဝင်သေးတယ်မဟုတ်လား၊ အဲဒီမိန်းကလေးက ခေါင်း မှာ နှင်းဆီပန်းတစ်ပွင့် ပန်ထားတယ်၊ ကြည်ပြာရောင်ဝတ်စုံ ကို ဝတ်ထားတယ်၊ ဆရာ သူ့ကို လက်ထပ်လိမ့်မယ် မဟုတ်လား''



ပုလိပ်ကြီး ပါးစပ်အဟောင်းသားဖြစ်သွားကာ မှင်သက်နေ၏။

''ဟာ… မင်းပြောတာ အမှန်ပဲကွ''

မောင်ဇော်ပြောတာ တကယ်ကို မှန်နေခဲ့လေ၏။ သူ အလာတုန်းက သူချစ်သူ မနှင်းဆီတို့အိမ် ဝင်ခဲ့သည်။ မနှင်းဆီသည် မောင်ဇော်ပြောသလို နှင်းဆီပန်းပန်ထား၏။ ကြည်ပြာရောင်ဝတ်စုံကို ဝတ်ဆင်ထားသည်။

နောက်ပြီး သူလက်ထပ်မည့် မိန်းကလေးဆိုတာလည်း အမှန်ဖြစ်သည်။ မနှင်းဆီတို့အိမ်နှင့် အခု သူရောက်နေသည့် နေရာက တော်တော်လေး ဝေးလှ၏။ မောင်ဇော် သူ့ကို ကြုံမြင်ထားတာတော့ မဟုတ်တန်ရာဟု တွေးမိသည်။

ဒါဆို ဒီကောင်လေးဟာ …

www.burmeseclassic.com

## အခန်း (၁၁)

ဆာဂျင်ဘဆွေသည် သူများပြောတိုင်း မျက်စိစုံမှိတ်ပြီး ယုံတတ်သူမျိုးမဟုတ်။ သူက လက်တွေ့သမား။ လက်တွေ့မမြင်ရ မကြားရဘဲ သူဘာကိုမှ မယုံကြည်တတ်ပေ။

လုပ်နေသည့် အလုပ်ကလည်း ပုလိပ်အလုပ်ဆိုတော့ ပြောတိုင်းယုံရရင်တော့ ခက်ရချည်သေးရဲ့။

ဒါကြောင့် အရာရာကို လက်တွေ့ကျကျ လေ့လာစူးစမ်းသည်။ မျက်မြင်ဒိဋ္ဌမြင်တွေ့ရတော့မှ လက်ခံယုံကြည်သူဖြစ်၏။

ခုကိစ္စမှာလည်း သူ့အတွက် ယုံရခက်ခက်ဖြစ်နေသည်။ လက်ခံချင်လောက်စရာ အကြောင်းအချက်တစ်ခုတလေလောက်နှင့် ဖွတ်မှိတ်ယုံကြည်ဖို့ရာ သူ တုံ့ဆိုင်းဆိုင်း ဖြစ်နေမိရသည်။



ဒါကြောင့်လည်း လက်တွေ့ကျကျ စမ်းသပ်လေ့လာရန် သူဆုံးဖြတ်ခဲ့မိခြင်း ဖြစ်လေ၏။

မောင်ဇော်သည် သူ့ကို ပုလိပ်ကြီးက တွေ့ချင်သည်ဟု ခေါ်၍ ရောက်လာခဲ့ရသော်လည်း ခုထိ ဘာစကားတစ်ခွန်းမှ မပြောသေးဘဲ စေ့စေ့ကြည့်ရှုနေသော ပုလိပ်ကြီးကို အံ့သြနားမလည်ဟန်ဖြင့် ကြည့်နေမိသည်။

အတန်ကြာမှ ပုလိပ်ကြီးက စကားစ၏။

"မောင်ဇော်… မင်းဟာ စိတ်ကိုထိန်းချုပ် ကွပ်ကဲနိုင်တယ် ဆိုတာ တကယ်ဟုတ်ရဲ့လား"

မောင်ဇော်ပြုံးလိုက်သည်။ ပုလိပ်ကြီး သူ့ကို မယုံကြည်ဘူးဆိုတာ အစောကြီးကတည်းက ကြိုသိနေပြီးသားပဲ။ ဒါပေမယ့် ပုလိပ်ကြီးရဲ့ ပုံစံကိုကြည့်ရတာ သူ့ကို စမ်းသပ်စစ်ဆေးချင်နေပုံပဲ။

"ဟုတ်ပါတယ်… ကျွန်တော်ဟာ ကျွန်တော့်စိတ် နှင်လိုရာကို စေနိုင်ပါတယ်… မယုံရင် ကြိုက်သလို စမ်းသပ်နိုင်ပါတယ် ဆရာ"

မောင်ဇော်က အနိုင်အမာပြောလိုက်သည်။ သူတွေ့ကြုံခဲ့ရသည့် အဖြစ်အပျက်တွေ သူကိုယ်တိုင် စမ်းသပ်ပြုလုပ်ချက်များအရ သူ့ကိုယ်သူ ယုံကြည်မှုအပြည့်အဝရှိနေပြီ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကြိုက်တယ် အဲဒီလို ရဲရဲဝံ့ဝံ့ရှိတာမျိုးကို ကြိုက်တာ၊ ငါ အခု မင်းကိုခေါ်လိုက်ရတာကလဲ မင်းပြောတာ ဟုတ် မဟုတ် စမ်းသပ်ကြည့်ချင်လို့ပဲ ငါက လက်တွေ့သမားကွ၊ လက်တွေ့မှ ယုံတတ်တယ်"

"ကြိုက်သလို စမ်းနိုင်ပါတယ် ဆရာ"

ယုံကြည်မှုအပြည့်အဝပါသော လေသံဖြင့် မောင်ဇော်က ပြောလိုက်၏။

"ကောင်းပြီလေ ဒါဆိုရင် ငါတို့ရဲ့ စမ်းသပ်ချက်ကို အကောင်အထည်ဖော်လိုက်ကြရအောင်"

"ကျွန်တော့်ကို ဘယ်လိုစမ်းသပ်မှာလဲ"

ပုလိပ်ကြီးက တခဏမျှစဉ်းစားဟန်ပြုလိုက်သည်။

"အင်း... ဘယ်လိုစမ်းသပ်မှာလဲဆိုတော့... ဟုတ်ပြီ"

အကြံရသွားဟန်ဖြင့် ထအော်လိုက်၏။

"မနောနဲ့ ဝါးပြတိုက်ရမှာ"

ပိတောက်မြိုင်လမ်းအတွင်းရှိ ပုဂ္ဂလိက ဘဏ်တိုက်တစ်ခုရှေ့သို့ မောင်ဇော် ရောက်လာသည်။ သူ့လက်ထဲတွင် သားရေအိတ်တစ်လုံးကိုင်ထား၏။

ဘဏ်တိုက်ထဲ ခပ်တည်တည်ဖြင့် ဝင်လာလိုက်သည်။ ငွေ



ထုတ်ကောင်တာဆီသို့ တန်းတန်းမတ်မတ် လျှောက်သွားလိုက်သည်။ ကောင်တာတွင် ထိုင်နေသော ငွေကိုင်ကြီးက သူ့ကိုမော်ကြည့်သည်။

သူက လက်ထဲမှ စာရွက်တစ်ရွက်ကို လှမ်းပေးလိုက်၏။ လက်ထဲမှ သားရေအိတ်ကိုဖွင့်ပြီး စားပွဲပေါ် တင်ထားလိုက်သည်။ ငွေကိုင်ကြီးက သူပေးသောစာရွက်ကို အသေအချာကြည့်နေ၏။

မောင်ဇော်က ငွေကိုင်ကြီးကို ခပ်စူးစူး စိုက်ကြည့်ရင်း ...

"ပိုက်ဆံတစ်သိန်း ထုတ်ပေးစမ်း"

စိတ်ကိုညွှတ်၍ အာရုံပြုလိုက်သည်။

လုပ်သက်ရင့်လှပြီဖြစ်ပုံရသော ငွေကိုင်ကြီးသည် စာရွက်ပေါ်တွင် ဖောင်တိန်ဖြင့် ရေးခြစ်လိုက်၏။

ပြီးနောက် အာမခံသေတ္တာကိုဖွင့်လိုက်သည်။ ငွေတစ်သိန်းတိတိကို ထုတ်ပေး၏။

မောင်ဇော်က ငွေတစ်သိန်းကို အသင့်ဖွင့်ထားသော သားရေအိတ်ထဲ ကောက်ထည့်လိုက်သည်။

ထို့နောက် ဘဏ်အတွင်းမှ ပြန်လည်ထွက်ခွာလာခဲ့တော့သည်။

* * *

"မင်းဘယ်လိုလုပ်ခဲ့တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဆာဂျင်ဘဆွေက သားရေအိတ်ထဲမှ ငွေတစ်သိန်းကို တွေ့တော့ အကြီးအကျယ် အံ့သြသွားကာ ပြူးတူးပြဲတဲဖြင့် မေး၏။

မောင်ဇော်က အောင်နိုင်သူအပြုံးမျိုးဖြင့် ပြုံးလိုက်ရင်း…

"ငွေကိုင်ဆီကိုသွားပြီးတော့ ကျောင်းသုံးဗလာစာအုပ်ထဲက ဆုတ်ထားတဲ့ ဗလာစာရွက်ကလေးတစ်ရွက်ကို ပေးလိုက်တာဘဲ"

"အဲဒီစာရွက်ကိုမြင်တော့ ငွေကိုင်ကြီးက မင်းကိုဘာမှမပြောဘူးလား"

"မပြောပါဘူး၊ ဘာလို့လဲဆိုတော့ အဲဒီစာရွက်ကို ငွေထုတ်စာအုပ်အဖြစ် ထင်သွားအောင် ကျွန်တော်က သူ့ကို စိတ်ညှို့နေလို့ပဲ ပြီးတော့ ပိုက်ဆံတစ်သိန်း ထုတ်ပေးရမယ်လို့ စိတ်ထဲကနေ လှမ်းပြောလိုက်တာ"

ဆာဂျင်ဘဆွေ ပါးစပ်အဟောင်းသားဖြစ်သွားသည်။ သူမယုံနိုင်စရာ အဖြစ်အပျက်ကို ကြားရသလို အံ့သြမှင်သက်နေမိသည်။

မယုံနိုင်စရာလည်း မရှိပေ။ သူကိုယ်တိုင် လက်တွေ့ကျကျ စမ်းသပ်ခဲ့သည့် အဖြစ်အပျက်ပဲ။

ပြီးတော့ ဆပ်ကပ်ရုံအလုပ်လုပ်ရတဲ့ အလုပ်သမား။ ဒီလိုလူမျိုးက ဘဏ်မှာငွေစုငွေကြေး အပ်နိုင်လောက်သည့် အနေထားမျိုးလည်း မဟုတ်။



မောင်ဇော်ဟာ တကယ်ပဲ စိတ်ကိုချုပ်ထိန်းကွပ်ကဲနိုင်သူတစ်ယောက်ပါလားဟု လက်တွေ့ကျကျ သိလိုက်ရပေပြီ။

* * *

ပညာစမ်းပွဲ၌ သက်သေခံပစ္စည်းနှင့်တကွ ကျေနပ်အားရအောင် စမ်းသပ်စစ်ဆေးပြီးပြီဆိုတော့မှ မောင်ဇော်သည် ဘဏ်သို့ တစ်ခေါက်ပြန်လာခဲ့သည်။

ငွေကိုင်ကို ငွေတွေပြန်ပေးလိုက်၏။ ငွေကိုင်ကြီးသည် မောင်ဇော်ပေးသော ငွေများကို ကြည့်လိုက် သူ့လက်ထဲမှ စာရွက်ကို ကြည့်လိုက်နှင့် နားမလည်နိုင်အောင် ဖြစ်နေမိသည်။

"ဒါ… ဘယ်လို"

ထစ်ထစ်ငေါ့ငေါ့ဖြင့် ငွေကိုင်ကြီးကမေး၏။

"တောင်းပန်ပါတယ်ဗျာ… ကျွန်တော် အဲဒီစာရွက်ကိုပေးပြီး ခင်ဗျားဆီက ငွေတစ်သိန်းထုတ်ခဲ့တယ်"

"ဗျာ"

မျက်လုံးကြီးပြူးကာ ထိတ်လန့်တကြား ရေရွတ်သည်။ သူ့လက်မှတ်ပါသော စာရွက်ကိုကြည့်လိုက် ငွေပုံကြီးကိုကြည့်လိုက်။

www.burmeseclassic.com

www.burmeseclassic.com



မောင်ဇော်ကို မော်ကြည့်လိုက်လုပ်ခါ ငွေကိုင်ကြီးသည် နှလုံးလေရိုက်ပြီး ဝုန်းကနဲ ကြမ်းပြင်ပေါ်သို့ လဲကျသွားသည်။

တော်တော်ကလေးကြာမှ သတိပြန်ရလာ၏။ ထိုအခါကျတော့မှ မောင်ဇော် သက်ပြင်းချမိရတော့သည်။

"အမလေး မသေတာတော်ပါသေးရဲ့"

## အခန်း (၁၂)

ထိုပညာစမ်းပွဲအပြီး နှစ်ရက်ကြာသောအခါ ဆာဂျင်ဘဆွေသည် မောင်ဇော်ရှိရာ ဆပ်ကပ်ရုံသို့ ဆိုက်ဆိုက်မြိုက်မြိုက် ပေါက်ချလာသဖြင့် မောင်ဇော်ပင် အံ့သြသွားရသည်။

"ဟင်... ဆရာ... ကျွန်တော့်ဆီလာတာလား"

"အေး... ဟုတ်တယ် မင်းဆီကို တမင်ပဲရောက်လာတာဆိုပါတော့... မင်း ငါနဲ့အပြင်ကို ခဏလိုက်ခဲ့လို့ ရမလား"

မောင်ဇော်က ခေါင်းကုတ်လိုက်၏။ ရုတ်တရက်ကြီး ရောက်လာကာ အလောသုံးဆယ် ပြောမှုကြောင့် အံ့သြနားမလည်ဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟို… အဖွဲ့ခေါင်းဆောင်ကို ပြောကြည့်လိုက်ဦးမယ်… ခဏလေးစောင့်နော်"

မောင်ဖော်က ပြောပြီး ရုံနောက်ပြန်ဝင်သွား၏။ တအောင့်ကြာလောက်မှ ပြန်ထွက်လာကာ …

"ရတယ်… ဆရာ… သွားရအောင်"

အေးချမ်းတိတ်ဆိတ်၍ လူလည်းရှင်းသော မြို့ဦးဘုရားဆီသို့ သူတို့ရောက်လာခဲ့ကြ၏။

ဘုရားကို လက်ယာရစ်တစ်ပတ်ပတ်ကာ ရှိခိုးကန်တော့ပြီးတော့မှ ဇောင်းတန်းထဲတွင် ထိုင်လိုက်ကြ၏။

"ငါ… မင်းကို အကူအညီတောင်းမလို့ကွ"

"ဟင်"

ဆိုင်းမဆင့် ဗုံမဆင့် စလာသော စကားကြောင့် မောင်ဖော်တအံ့တသြ ရေရွတ်မိသည်။

"အေး… ဟုတ်တယ်… ငါမင်းဆီမှာ အကူအညီတစ်ခုတောင်းချင်တယ်… အဲဒါ ဘာလဲဆိုတော့… အခုငါလိုက်နေတဲ့ အမှုအတွက် မင်းကို ခြေရာခံခိုင်းမလို့ပဲ"

"ဗျာ… ခြေရာခံရမယ်"



"သြော်… ဒီလိုပါ… ငါပြောတာက မင်းဟာ စိတ်တန်ခိုးရှင်တစ်ယောက်လို့ ငါယုံကြည်တယ်၊ ဘာလို့လဲဆိုတော့ မင်းဟာ စိတ်နဲ့ သူတစ်ပါးကိုလဲ ခိုင်းစေနိုင်တယ်၊ ပြီးတော့ အဝေးက အဖြစ်အပျက်တွေကိုလည်း မြင်နိုင်စွမ်းရှိတယ် မဟုတ်လား၊ အဲဒါကြောင့် ငါက ဒီအကူအညီကိုတောင်းမိတာပါ၊ ဘာမှခက်ခက်ခဲခဲမဟုတ်ဘူး မင်းရဲ့မနောနဲ့ ငါ့အမှုအတွက် ခြေရာခံကြည့်ခိုင်းမလို့ သဲလွန်စရလို ရငြားပေါ့ကွာ"

"သြော်… ဒီလိုလား… ရပါတယ် ဆရာအမှုကို ပြောလေ"

"အင်း အမှုက နဲနဲတော့ရှုပ်တယ်၊ ကလေးပျောက်အမှုကွ ပျောက်သွားတဲ့ ကလေးနာမည်က မောင်ဉာဏ်ထက်တဲ့ ၁၀နှစ်သားကလေးပဲရှိသေးတယ်၊ ကျောင်းကအိမ်ကိုအပြန်မှာ ပျောက်သွားတာကွ"

မောင်ဖော်က ခေါင်းတဆတ်ဆတ်ညိတ်ကာ နားထောင်ရင်း မျက်လုံးများမှိတ်လိုက်သည်။ စူးစိုက်၍ အာရုံခံကြည့်လိုက်၏။

အာရုံထဲ အဖြူရောင်အလင်းတန်းတစ်ချို့ ပေါ်လာပြီး ရုပ်ပုံ

www.burmeseclassic.com

www.burmeseclassic.com



တွေ တဖျပ်ဖျပ် ထင်ဟပ်လာ၏။

"ဟာ"

အထိတ်တလန့် ရေရွတ်လိုက်၏။

ဆာဂျင်ဘဆွေက မောင်ဇော်မျက်နှာကို အလန့်တကြား စိုက်ကြည့်၏။

"ကလေးက သေပြီ"

"ဟော… ဒါဆို အလောင်းက ဘယ်မှာလဲ"

ဆာဂျင်ဘဆွေက အလောတကြီး မေးလိုက်၏။

"ချောက်ထဲမှာ သူ့အိမ်နဲ့ တစ်မိုင်ခန့်အကွာအဝေးမှာရှိတဲ့ ချောက်ကြီးတစ်ခုထဲမှာ ကျနေတာ၊ ဘေးမှာ ကုက္ကိုပင် တစ်ပင်ရှိတယ်၊ ကလေးကျသွားတဲ့ နေရာက ချုံပုတ်တွေနဲ့ အုပ်နေလို့ မမြင်ရတာ"

မောင်ဇော်က ကလေးအလောင်းရှိမည့် နေရာကို သူ့အာရုံတွင် မြင်ရသည့်အတိုင်း ပြောပြလိုက်၏။

ဆာဂျင်ဘဆွေက မောင်ဇော်ပြောသမျှကို ခေါင်းတဆတ်ဆတ်ညိတ်ကာ အသေအချာ မှတ်သားထားလိုက်၏။

ထို့နောက် အားချင်းပင် ရန်ကုန်သို့ ပြန်ချလာကာ မောင်ဇော်



ပြောသည့်အတိုင်း အလောင်းရှိသည့် နေရာကို ပိုက်စိပ်တိုက် ရှာဖွေ၏။

မောင်ဇော်ဟောထားသည့်အတိုင်းပင် ကလေး၏ အလောင်းကို သူ့အိမ်နှင့် တစ်မိုင်ခန့်အကွာအဝေးတွင်ရှိသော မြောင်းကြီးတစ်ခု၏ ချောက်အတွင်း သစ်ပင်ခြုံပုတ်များထဲတွင် တွေ့ရခြင်းဖြစ်လေ၏။

www.burmeseclassic.com

## အခန်း (၁၃)

ကလေးပျောက်မှုတွင် မောင်ဖော် ဟောခဲ့သည့်အတိုင်း သွေးထွက်အောင်မှန်ခဲ့သဖြင့် စိတ်တန်ခိုးရှင်တစ်ယောက်အဖြစ် လူအများ၏အသိအမှတ်ပြုခြင်းကို ခံခဲ့ရလေ၏။

ထိုမှစ၍ လူပျောက်မှု၊ ပစ္စည်းပျောက်မှုများတွင် သူ့ကိုအားကိုးတကြီး လာမေးကြတော့သည်။

သူသည် ပုလိပ်တပ်ဖွဲ့ကြီးက အားအကိုးရဆုံးသော နက်မျက်စိရှင်တစ်ပါး ဖြစ်လာတော့၏။

တစ်ဖက်တွင်လည်း သူအလုပ်လုပ်သော ဆပ်ကပ်ရုံ၌စိတ်ညို့၍ အိပ်မွေ့ချတာတို့၊ စိတ်ညို့၍ ခိုင်းစေတာတို့ စသည့်သူတတ်သည့် ပညာကို အသုံးချ၍ ဆပ်ကပ်ပြသခွင့်ရလာသည်။



စေလိုရာဟူသော ဆပ်ကပ်ရုံ၌ စိတ်ညို့ပညာရှင်ဟူ၍ နာမည်ကြီး ဆပ်ကပ်သမားတစ်ယောက် ဖြစ်လာလေတော့၏။

တစ်နေ့ ဆပ်ကပ်ပြပြီးသွား၍ ဇာတ်စင်ပေါ်မှ ပြန်ဆင်းလာသော မောင်ဖော်သည် စင်အောက်တွင် သူ့ကို အသင့်ရပ်စောင့်နေသော လူကို တွေ့လိုက်ရ၍ အံ့သြသွားသည်။

"ဟာ… ဆရာပါလား"

"ဟုတ်တယ်ဟေ့… ဒီတစ်ခါလည်း မင်းကို အပူကပ်ချင်လို့ လာရပြန်ပြီ"

ရယ်သံစွက်၍ ပြောလိုက်ပြီး ဆာဂျင်ဘဆွေက မောင်ဖော်ပုခုံးကို တရင်းတနှီးဖက်လိုက်လေ၏။

"ဘာကိစ္စ အရေးပေါ်လာပြီလဲ ဆရာရဲ့"

"ကဲ… လာကွာ အပြင်မှာ သွားပြောရအောင်"

ဇာတ်ရုံအပြင်သို့ ထွက်လာကြသည်။ ခပ်လှမ်းလှမ်း လူရှင်းသော နေရာသို့ရောက်သောအခါမှ ဆာဂျင်ဘဆွေက စကားစသည်။

"ဒီလိုကွ… ငါတို့ရုံးမှာ သိမ်းထားတဲ့ အရေးကြီးမှတ်တမ်းဖိုင်တွဲ ပျောက်နေလို့ကွ၊ အဲဒါ ဘယ်လိုမှ ရှာမရဘူးဖြစ်နေတယ်၊ ပျောက်တာက တစ်လလောင်ကျော်နေပြီ အခုထိ ရှာလို့မတွေ့သေးဘူး၊ အဲဒါနဲ့ မင်းဆီကို အပူလာကပ်တာပဲဟေ့"

www.burmeseclassic.com

www.burmeseclassic.com



မောင်ဇော်သည် ပစ္စည်းပျောက်ရှာတွင် အားကိုးရသော ပါရမီရှင်တစ်ယောက်ဖြစ်နေပြီ မဟုတ်လား။ ဘာပစ္စည်းပဲပျောက်ပျောက် ဘယ်လိုမှ ရှာမတွေ့တဲ့အဆုံး လက်လျှော့လိုက်ပြီဆိုတော့မှ မောင်ဇော်ဆီပြေးပြေးလာကြ၏။

ခုလည်း ဆာဂျင်ဘဆွေကို အရေးပိုင်မင်းကိုယ်တိုင်က မောင်ဇော်ကို အကူအညီတောင်းပေးပါလို့ ဆိုလာခြင်းဖြစ်၍ သူရောက်လာခဲ့ခြင်းဖြစ်သည်။

"ဟုတ်ပြီ သဘောပေါက်ပါပြီ၊ ကျွန်တော် ကြည့်ပေးပါမယ်"

မောင်ဇော်က ပြောပြီး မျက်လုံးများကို စုံမှိတ်လိုက်သည်။ သူက ဘယ်နေရာမှာ ဘယ်အခြေအနေမျိုးမှာပဲဖြစ်ဖြစ် အာရုံခံ၍ စိတ်ဖြင့်မြင်ယောင် မှန်းဆရှာဖွေနိုင်စွမ်းရှိသည်။

တအောင့်ကြာတော့မှ မောင်ဇော်သည် ပြုံးပြုံးရယ်ရယ်ဖြင့် မျက်လုံးများ ပြန်ဖွင့်လာ၏။

"စိတ်မပူပါနဲ့၊ အဲဒီမှတ်တမ်းဖိုင်တွဲက ဘယ်ကိုမှ ထွက်သွားတာမဟုတ်ဘူး၊ အဲဒီရုံးအပေါ်ထပ် ဘယ်ဘက်ကအခန်းရဲ့ ချောင်ထဲမှာ ရောက်နေတယ်"

"ဟင်... ဟုတ်လား... ငါတို့ သေချာရှာတာပဲ... မတွေ့ပါဘူး"



"သေချာထပ်ရှာကြည့်ပါဦး၊ ဖိုင်တွဲလေးက အနီရောင်လေး သိပ်မထူဘူး ပြီးတော့ အဲဒီအခန်းထဲမှာ ဗီဒိုကြီးတစ်လုံးရှိတယ်၊ အဲဒီဗီဒိုရဲ့ ဘေးက ချောင်လေးထဲမှာ ကျနေတာ၊ အဲ... စာအုပ်စင်ကြီး တစ်ခုနဲ့ ပိတ်နေလို့ မမြင်ရတာ... သေချာရှာကြည့်လိုက်ပါဦး"

"ဟုတ်လား အေးကွာ ဒါဆို ငါတို့ ပြန်ရှာကြည့်လိုက်ဦးမယ်... ကျေးဇူးပါပဲ မောင်ဇော်ရာ"

ဆာဂျင်ဘဆွေက ပြောပြီး မောင်ဇော်လက်ထဲသို့ ငွေတစ်ဆယ် ထည့်ပေးလိုက်၏။

"ဟာ... ဆရာ... ဘာလုပ်တာလဲ"

"ဘယ်လိုမှ သဘောမထားပါနဲ့ကွာ... မင်း ပညာကို ပူဇော်တာပါ လက်ခံလိုက်ပါ"

"ဟာ... ကျွန်တော် လက်မခံဘူး ဆရာ၊ ကျွန်တော် ဆရာတို့ကို သက်သက်ကူညီတာပါ ပိုက်ဆံလိုချင်လို့ မဟုတ်ပါဘူး"

"ငါသိပါတယ်ကွာ... ဒါပေမယ့် ငါတို့ရဲ့ စေတနာကိုတော့ မငြင်းပါနဲ့"

"ဒါပေမယ့် ကျွန်တော်"

"ကဲ... ဘာမှပြောမနေနဲ့တော့ ငါ့ကို ခင်တယ်ဆိုရင် ဒီငွေ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



တွေ မင်းယူရမယ်”

တဖက်သတ်ဆန့်လွန်းသော အမိန့်ပေးသူဆရာကို မောင်ဇော်က ကြောင်အမ်းအမ်းကြည့်နေမိသည်။

ရှိရင်းစွဲ ခင်မင်ရင်းနှီးမှု၊ ကူညီခဲ့ဖူးသော ကျေးဇူးတရားတို့ကို ထောက်ထား၍ သူမငြင်းဆန်ရက်တော့။

အားနာနာနှင့် လက်ခံမိလိုက်သည်။

ဆာဂျင်ဘဆွေက သူ့ကိုနှုတ်ဆက်ပြီးရယ်ကာ ထွက်သွားလေ၏။

လူတွေအတွက် သူ့ခုလို ကူညီခွင့်ရနေတာကိုပဲ ကျေနပ်ပီတိဖြစ်နေမိရသည်။

သူ၏ ကူညီမှုသည် စေတနာသက်သက်၊ မေတ္တာသက်သက်နှင့်သာ ဖြစ်သည်။ ကြေးစားအကြားအမြင် ဆရာတွေလို ငွေကြေးကိုလက်မခံခဲ့။ ဒါကြောင့်လည်း သူဟောသလို ပြောသမျှသွေးထွက်အောင်မှန်နေခြင်း ဖြစ်မည်ဟု ယုံကြည်မိတော့သည်။

BURMESE CLASSIC .com

## အခန်း (၁၄)

စေလိုရာ ဆပ်ကပ်ရုံကြီးရှေ့သို့ မြင်းရထားလုံးတစ်စီး ဆိုက်ရောက်လာ၏။ ရထားပေါ်မှ ဆာဂျင်ဘဆွေ ဆင်းလာသည်။ ဆပ်ကပ်ရုံအတွင်းသို့ တန်းတန်းမတ်မတ် ဝင်သွားလိုက်၏။

တအောင့်ကြာတော့ အသင့်ရပ်ထားသော ရထားလုံးပေါ်သို့ နာမည်ကျော် မနော့ဆပ်ကပ်ပညာပြသမား မောင်ဇော်ကိုတင်ပြီး အမည်မသိသော နေရာသို့ မောင်းနှင်ခေါ်ဆောင်လာသည်။

“ဆရာ… ကျုပ်ကို ဘယ်ခေါ်လာတာလဲဗျ”

မောင်ဇော်က နားမလည်နိုင်ဟန်ဖြင့် အလန့်တကြား မေး၏။

“ဟိုရောက်တော့ သိပါလိမ့်မယ်”

www.burmeseclassic.com

www.burmeseclassic.com



ဆာဂျင်ဘဆွေက လှို့ဝှက်စွာ ပြုံး၍ပြောလိုက်၏။ ထို့နောက် ဘာစကားမျှ ထပ်မဆိုမိကြ။ အတော်ကြာအောင် မောင်းနှင်လာပြီး နောက် အိမ်ကြီးတစ်အိမ်ရှေ့တွင် ရထားလုံးရပ်လိုက်၏။

ဆာဂျင်ဘဆွေက ရထားလုံးပေါ်မှ ဖျိုးဖျိုးဖျပ်ဖျပ်ဖြင့် ခုန်ဆင်း လိုက်သည်။ မောင်ဇော်လည်း ယောင်နနဖြင့် လိုက်ဆင်းလာရ၏။

"ဒါ... ငါ့အိမ်ကွ၊ မင်းမရောက်ဖူးသေးလို့ တမင်ခေါ်လာ တာ၊ ပြီးတော့ အကူအညီတောင်းစရာလေးလဲရှိတယ် ဆိုပါ တော့ကွာ"

ဆာဂျင်ဘဆွေက ခြံတံခါးကိုဖွင့်ရင်း ပြော၏။ ထိုအချိန်တွင် သူတို့စီးလာသော ရထားလုံးလေးမှာ အဝေးသို့ မောင်းနှင်ထွက်ခွာ သွားပြီ ဖြစ်သည်။

မောင်ဇော်ပြုံး၏။ သူ့ကို တကူးတကနဲ့ ခေါ်လာပုံထောက်ရင် အရေးတကြီးကိစ္စရှိလို့ပဲဟု တွေးမိသောကြောင့် ဖြစ်သည်။

"ကဲ... လာ အိမ်ထဲသွားရအောင်"

အိမ်တံခါးကို ဖွင့်ဖွင့်ချင်း အထဲတွင် မှောင်မိုက်၍နေ၏ ဆာဂျင်ဘဆွေက မီးခလုပ်ကို တတောက်တောက်နှင့် လိုက်ဖွင့်လိုက် တော့မှ အခန်းတစ်ခုလုံး တဖျပ်ဖျပ်နှင့် မီးလင်းလာတော့သည်။

"မောင်ဇော်ရေ ထိုင်ဦးကွ"



ဧည့်ခန်းအလယ်က ခုံတွေဘက်ညွှန်ပြရင်း ပြော၏။ မောင်ဇော်က ထိုင်ခုံတွေဆီသို့ လျှောက်လာလိုက်၏။ ဆာဂျင်ဘဆွေက အနောက်ဖေးခန်းထဲဝင်သွားသည်ကို လှမ်းတွေ့လိုက်ရ၏။ ပြန်ထွက် လာတော့ လက်ထဲတွင် ဝီစကီတစ်ပုလင်းနှင့် ခွက်နှစ်ခွက်ကိုင်လာ သည်။

"ကဲ... အမောပြေလေး သောက်ကြရအောင်"

ဟု ခွက်ထဲငှဲ့ထားသော ဝီစကီကို မောင်ဇော်အား လှမ်းပေး လိုက်ရင်းပြော၏။

"ကျွန်တော် မသောက်တတ်ဘူး ဆရာရဲ့၊ မသောက်ပါရ စေနဲ့"

ဆာဂျင်ဘဆွေ မျက်ခုံးနှစ်ဖက်ပင့်တက်သွားကာ အကြောက် အကန်ငြင်းနေသော မောင်ဇော်ကို တအံ့တသြစိုက်ကြည့်၏။ ပြီးမှ သဘောကျသွားသလို ဟက်ကနဲ တချက်ရယ်လိုက်သည်။

"ကဲလေ မသောက်တက်ဘူးဆိုတော့လည်း အတင်းမ တိုက်တွန်းပါဘူး၊ ငါတော့ သောက်မယ်နော်"

ခွင့်တောင်းသလိုဆိုသဖြင့် မောင်ဇော်အားနာသွားသည်။

"ရပါတယ် သောက်ပါ"

ဟု ကပျာကယာပြန်ပြောမိ၏။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ငါ မင်းကို အကူအညီတောင်းစရာရှိလို့ကွ"

ဝီစကီသုံးခွက်မြောက် သောက်ပြီးသောအခါမှ ဆာကျင်ဘဆွေက စကားစလာသည်။

"ပြောလေ ကျွန်တော် ဘာအကူအညီပေးရမှာလဲ၊ ကျွန်တော်ဘက်ကတော့ ကူညီဖို့အသင့်ပဲ"

ဆာကျင်ဘဆွေက ဟက်ကနဲတချက်ရယ်လိုက်သည်။ သူက လက်ဝါးနှစ်ဖက်ဖြင့် မျက်နှာကိုပွတ်သပ်လိုက်ပြီးမှ ကိုယ်ကိုအရှေ့သို့ ကိုင်း၍ အလောတကြီးလေသံဖြင့် ပြော၏။

"ဒီတစ်ခါလည်း လူပျောက်မှုပဲကွ၊ ဘောက်ထော်ဘက်က သူဌေးကြီး ဦးရာဇက်ရဲ့ ခြံအလုပ်သမားသုံးယောက် ပျောက်သွားတာ"

"သုံးယောက်တောင် ဟုတ်လား"

"အေး... ဟုတ်တယ်... သုံးယောက်လုံး တပြိုင်တည်း ပျောက်သွားတာ၊ ခုထိ သဲလွန်စရေးရေးတောင် မတွေ့ရသေးဘူး"

"နေဦး ကျွန်တော် အာရုံခံကြည့်ပေးမယ်"

မောင်ဇော်က မျက်လုံးကို စုံမှိတ်ကာ နားထင်ကို လက်ဖြင့် အုပ်ကိုင်၍ တခဏမျှ ငြိမ်သက်နေသည်။



အတန်ကြာမှ ခေါင်းကို အသာယမ်းလိုက်ပြီး စကားစသည်။

"အဲဒီသုံးယောက်စလုံး သေကုန်ပြီဗျ"

"ထင်တော့ ထင်သားပဲ"

ဟု ဆာကျင်ဘဆွေ ခေါင်းတဆတ်ဆတ်ညိတ်ကာ ပြောလိုက်၏။

"ကျွန်တော် အာရုံထဲမှာ သေသေချာချာ မြင်လိုက်ရတယ်၊ သတ်တဲ့သူက လျှို့ဝှက်အဖွဲ့ဝင်တစ်ဦးဘဲ၊ လူဂုဏ်တန်ဘဲ၊ ခြံကြီးတွေလဲပိုင်တယ်၊ သတ်တဲ့နေရာက ခြံဝင်းတစ်ခုထဲမှာဘဲ၊ အဲဒီနေရာမှာ သတ်တဲ့လူရှိနေတယ်၊ သူ့ပုံစံက ခပ်ဝဝ ဆံပင်ကနက်နက်၊ မျက်လုံးပြူးပြူး မျက်နှာပေါ်ပေါ်ပဲ"

"ဟာ... ဟုတ်ပြီ"

ဆာကျက်ဘဆွေက ဝမ်းသာအားရဖြင့် လက်ဖျောက်တချက်တီးကာ ပြောလိုက်သည်။

"ငါ အဲဒီလူကိုသိပြီကွ"

ဝမ်းသာအားရ ရွှတ်သံကြီး ထွက်ပေါ်လာပြီး ဝင်းလဲ့သွားသော ဆာကျင်ဘဆွေ၏ မျက်နှာကိုမြင်လိုက်ရလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

နောက်ပိုင်းတွင် အချိန်အားတိုင်း မောင်ဇော်က ပုလိပ်ကြီး အိမ်သို့ ဝင်ဝင်လည်တတ်သည်။ သူမလာလျှင်လည်း ပုလိပ်ကြီးက သူ့ကို လာလာခေါ်တတ်သည်ပဲ။

သည်လိုနှင့် သူတို့နှစ်ယောက် ခင်မင်ရင်းနှီးမှုက တစ်စတစ်စ ရစ်တိုးလာသည်။ ညီအစ်ကိုသားချင်း အရင်းအချာနှယ် တွယ်တာ လာမိကြလေတော့၏။

"အရေးတကြီး ကိစ္စပေါ်လာပြန်ပြီလား အစ်ကို"

မောင်ဇော်က ဆာဂျင်ဘဆွေကို 'အစ်ကို'ဟုခေါ်ကာ တရင်းတနှီး ပြောလိုက်၏။

"ဟုတ်တယ်... မဟုတ်ဘူးလို့ ပြောရမှာပဲ"



"ဟင်... အစ်ကို့စကားက ဘယ်လိုကြီးလဲ"

ဆာဂျင်ဘဆွေက အူကြောင်ကြောင် ဖြစ်သွားသော မောင်ဇော်ကို ကြည့်ကာ ဟက်ဟက်ပက်ပက်ရယ်၏။

"အေး... ဒီတစ်ခါလာတာ အရေးကြီးတော့ အရေးကြီး ကိစ္စပဲ မင်းဆီက အကူအညီတောင်းဖို့တော့ မဟုတ်ဘူး၊ မင်းကို ပွဲထုတ်ချင်လို့ပဲကွ"

"ဗျာ... ဘယ်လို"

မောင်ဇော်က မျက်လုံးကြီးပြူးကာ တအံ့တသြဖြင့် မေးလိုက်သည်။ ဆာဂျင်ဘဆွေက ခပ်ဟဟရယ်၍

"ဟုတ်တယ်ကွ ငါက မင်းရဲ့အကြောင်းတွေကို တို့ပုလိပ် မင်းကြီးကို ပြောပြထားတယ်၊ သူက မင်းကို သိပ်စိတ်ဝင် စားနေတယ်၊ ပြီးတော့ မင်းပညာကိုလည်း စမ်းသပ်ကြည့် ချင်တယ်တဲ့လေ"

မောင်ဇော်က သဘောပေါက်သွားဟန်ဖြင့် နှုတ်ခမ်းတင်းတင်း စေ့ကာ ပြုံးလိုက်၏။

"သူတို့ အင်္ဂလိပ်လူမျိုးတွေဟာ မျက်မြင်ကိုယ်တွေ့ မမြင် ရပဲနဲ့ ဘာကိုမှ ယုံတတ်ကြတာမဟုတ်ဘူးကွ၊ ဒါကြောင့် မင်းရဲ့အစွမ်းအစကို သူကြည့်ချင်တယ်တဲ့၊ သူ့ခြံထဲမှာ ပါတီ

www.burmeseclassic.com

www.burmeseclassic.com



ပွဲတစ်ခုကျင်းပမလို့ လုပ်နေတယ်၊ အဲဒီမှာ မင်းကိုပွဲထုတ် စမ်းသပ်မယ်လို့ ပြောသံကြားတယ်ကွ၊ သူတို့လူမျိုးတွေက ယုံပြီဆိုရင်တော့ သဲသဲမဲမဲယုံတတ်ကြတယ်နော့၊ မင်းနာမည် ကြီးဦးမှာ ငါတော့ မြင်ယောင်သေးပါတယ်''

ဆာဂျင်ဘဆွေက ဝမ်းသာအားရ လှိုက်လှိုက်လှဲလှဲဖြင့် ပြော၏။ မောင်ဇော် ပြုံးရုံသာ ပြုံးနေလိုက်သည်။

'အစ်ကိုဘဆွေ ပြောသလို နာမည်ကြီးမှာမကြီးမှာထက် ကျွန်တော် ပိုင်ဆိုင်ခွင့်ရထားတဲ့ ပညာနဲ့ လူတွေကို ကူညီခွင့် ရတာပဲ တော်ပါပြီ၊ ဒါပေမယ့် တစ်ခုတော့ရှိတာပေါ့၊ အင်္ဂလိပ်လူမျိုးတွေအမြင်မှာ ကျွန်တော်တို့ မြန်မာလူမျိုးတွေမှာ လည်း ဒီလိုအစွမ်းအစမျိုးတွေ ရှိပါလားဆိုပြီး အထင်ကြီး လေးစားကြရင်တော့ ကျေနပ်ဝမ်းမြောက်စရာပဲပေါ့ အစ်ကို ရယ်'

ထိုစကားတွေကိုတော့ နှုတ်မှထုတ်မပြောမိလိုက်တော့ပေ။ အစ်ကိုဘဆွေကိုယ်တိုင်က သူတို့ဘက်တော်သားပင် မဟုတ်လား။

* * *



ပါတီပွဲမကျင်းပခင် နှစ်ရက်အလို၌ ပုလိပ်မင်းကြီးက မောင်ဇော်ကို ဆင့်ခေါ်လာ၏။

ပုလိပ်မင်းကြီး၏ ခြံထဲသို့ မောင်ဇော်ရောက်လာချိန်တွင် ခြံဝန်းအတွင်း၌ လူစုံတက်စုံ ရောက်နေကြသည်။

''လူတွေက များလိုက်တာ''

မောင်ဇော်က စိုးရိမ်ထိတ်လန့်စွာ ခပ်တိုးတိုးညည်းမိသည်။

''အဲဒါ မင်းကို စမ်းသပ်မယ့် သက်သေလူကြီးတွေလေ''

ဆာဂျင်ဘဆွေက မောင်ဇော်နှင့် ယှဉ်လျှောက်လာရင်း ခပ် တိုးတိုးပြောပြ၏။

''ဒီလောက်တောင် များလား''

''ဟုတ်တယ် အရာရှိကြီးတွေ၊ ပါမောက္ခတွေပေါ့၊ မင်းဘာ မှ ကြောက်စရာမလိုဘူးနော်၊ ခပ်ရဲရဲသာနေ ကြားလား''

တိုးတိုးသတိပေးသည်။

ခြံဝန်းအတွင်း၌ ပါတီပွဲအတွက် ကြိုတင်ပြင်ဆင်ထားပြီးပြီ ဖြစ်၏။ ခြံပတ်ပတ်လည်ကို ရောင်စုံမီးတန်းလေးများဖြင့် ချိတ်ဆွဲ ထားသည်။ ခြံဝန်းအလယ်၌ ထိုင်ခုံများကိုလည်း စီကာရီကာ ချထား ပြီးနှင့်နေပြီ။

ခြံထဲမှာရှိသော လူအားလုံးလိုလို မောင်ဇော်တို့အား ငေးမှိန်း ကြည့်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



“လူကလေးဟာ မနောဆက်ပညာရှင်တစ်ယောက်ဆိုတာ သိထားပါတယ်”

နှုတ်ခမ်းမွေးကားကားနှင့် လူကြီးက စကားစလိုက်၏။ ပုလိပ်မင်းကြီး ဖြစ်မည်ဟု အတပ်သိလိုက်သည်။

“လူကလေးကို ဟိုအရင်ကလဲ တို့ပုလိပ်ဌာနက အမှုတွဲတွေအတွက် အကူအညီ တောင်းခဲ့ဖူးပါတယ်၊ ခုလဲ အကူညီတောင်းဖို့ ဆင့်ခေါ်လိုက်ရတာပဲ လူကလေး”

“ဟုတ်ကဲ့ ကျွန်တော်ဘာများ အကူညီပေးရမှာပါလဲ ခင်ဗျာ”

မောင်ဇော်က တရိုတသေမေးလိုက်၏။

“ဟောဒီက ကျုပ်ရဲ့ မိတ်ဆွေတွေက မောင်မင်းရဲ့ အစွမ်းအစကို ကြည့်ချင်တယ်ဆိုလို့လေ၊ ကျွန်ုပ်တို့က မောင်မင်း အစွမ်းအစကို ထုတ်ပြဖို့ တောင်းဆိုပါတယ်”

စမ်းသပ်စစ်ဆေး ချင်တယ်လို့ တည့်တည့်မပြော လိမ္မာပါးနပ်စွာ ကွေ့ဝိုက်ပြောဆိုနေသဖြင့် မြန်မာရည်လည်သော ပုလိပ်မင်းကြီးကို စိတ်ထဲ အံ့သြချီးကျူးမိသည်။

“ဟုတ်ကဲ့ ကျွန်တော် ဘာများ လုပ်ရမှာပါလဲ ခင်ဗျာ”

မောင်ဇော်က တည့်တည့်ပင် မေးလိုက်သည်။ ပုလိပ်မင်းကြီးက ကျေနပ်စွာပြုံးလိုက်ရင်း



“ဒီလိုပါ လူကလေး ဟောဒါက ကျွန်ုပ်ရဲ့ ပါတီပွဲကို တက်ရောက်လာတဲ့ ဧည့်သည်တွေထိုင်ဖို့ ချထားတဲ့ခုံတွေပါ၊ ဟောဟိုနောက်တန်း လက်ယာဘက်အစွန်းဘက်ဆုံးမှာ ထိုင်မည့်သူ၏ အကြောင်းကို ပြောပြနိုင်ပါသလား လူကလေး”

ပုလိပ်မင်းကြီးက သိလိုသည်ကို အချိန်မဆွဲဘဲ ပွင့်ပွင့်လင်းလင်းပင် မေးလေ၏။ မောင်ဇော်သည် ထိုင်ခုံနေရာကို ခေတ္တမျှစိုက်ကြည့်လိုက်သည်။ ပြီးနောက် ခေါင်းကို ညင်သာညိတ်ပြလိုက်ရင်း

“ဟုတ်ကဲ့ ပြောပြနိုင်ပါတယ်”

အားလုံးသော မျက်ဝန်းတွေက စိတ်ဝင်တစား ဖြစ်သွားဟန်ဖြင့် မောင်ဇော်ကို စူးစိုက်ကြည့်လာကြ၏။

မောင်ဇော်သည် ထိုင်ခုံနေရာကို မျက်လုံးအကြည့်တို့ ပို့ထားလိုက်ပြီး အေးဆေးစွာပြော၏။

“အဲဒီခုံမှာ ထိုင်မယ့်သူဟာ သွက်လက်ဖျက်လတ်ပြီး ချိုသာပြုံးရွှင်တဲ့ အမျိုးသမီးတစ်ဦးဖြစ်တယ်၊ သူဟာ အသက်အားဖြင့် ၂၀ လောက်ရှိတယ်၊ ကလေးတွေကို အလွန်ဂရုစိုက်ပြုစုတတ်တဲ့ သူမျိုးဖြစ်တယ်”

“သူနဲ့ပတ်သတ်တဲ့ အကြောင်းတွေကို ပြောပြနိုင်မလား”

လူတစ်ယောက်က ဝင်မေးသည်။ အသားဖြူဖြူနှင့် မျက်နှာ

www.burmeseclassic.com

ဝိုင်းဝိုင်းနှင့်သူက မောင်ဇော်ကို အဘက်ဘက်မှ လိုလေသေးမရှိအောင် တိတိကျကျ စမ်းသပ်ချင်ပုံရသည်။

"ဒေါက်တာတင်ချို မေးသလို ကျွန်ုပ်တို့လည်း သူနဲ့ ပတ်သက်တဲ့ အကြောင်းတွေ သိချင်ပါတယ်၊ လူကလေး မြင်သလောက် နည်းနည်းပါးပါးပေါ့"

ဟု ပုလိပ်မင်းကြီးကလည်း ထောက်ခံတောင်းဆိုသည်။ မောင်ဇော်သည် မျက်လုံးကို စုံမှိတ်ကာ အာရုံခံလိုက်၏။ အာရုံထဲတွင် လင်းပြတ်ထင်ဟပ်လာသော ပုံရိပ်တို့ကို နှုတ်မှ တတွတ်တွတ် ရွတ်ချပြောဆိုလိုက်သည်။

"သူငယ်ငယ်က မီးသွေးလုပ်တဲ့ မြို့မှာနေတယ်"

"မောင်နှမသားချင်း နှစ်ယောက်ပဲရှိတယ်၊ သူ့အထက်က အစ်ကိုတစ်ယောက်ပါ"

"ဆပ်ကပ်ပွဲတွေလည်း မကြာခဏကြည့်တတ်သူဖြစ်တယ်"

"ကျောင်းမှာ ရန်ဖြစ်လို့ လက်မှာ ထိခိုက်ဒဏ်ရာ ရခဲ့တယ်"

"မကြာခဏ အမျိုးသမီး မိတ်ဆွေတစ်ယောက်နဲ့ ခရီးထွက်တတ်တယ်၊ အဲဒီအမျိုးသမီးက အရပ်မြင့်မြင့် မျက်နှာသွယ်သွယ်နဲ့"



"ဒီပါတီပွဲကိုလာတဲ့ နေ့မှာဘဲ ကလေးတစ်ယောက်ကို ကူညီခဲ့ရသေးတယ်"

မောင်ဇော်က မျက်လုံးကို အသာအယာပြန်ဖွင့်လိုက်၏။ တစ်စုံတစ်ခုပြောရခက်ဟန် တုံ့ဆိုင်းဆိုင်း အမူအရာဖြင့် မျက်လွှာအသာချသည်။

"ပြောပါ... လူလေး ဘာပြောစရာရှိသေးလို့လဲ"

ပုလိပ်မင်းကြီးက မောင်ဇော်အမူအရာကို အကဲခတ်မိဟန်ဖြင့်မေး၏။

မောင်ဇော်က မပြောတော့ဘူးလို့ ဆုံးဖြတ်ပြီးကာမှ အတင်းမေးနေသဖြင့် အပြောရခက်သွားသည်။

ကျန်သူများကလည်း သူ့ကို စူးစမ်းသော မျက်ဝန်းများဖြင့် စိုက်ကြည့်နေကြလေ၏။ မောင်ဇော် သက်ပြင်းကို မှုန်းမှုန်းချလိုက်၏။ ပြီးမှ မပွင့်တပွင့်လေသံဖြင့် တီးတိုးပြောလိုက်သည်။

"သူက ကျွန်တော့်ချစ်သူ ဖြစ်လာလိမ့်မယ်"

ဟူ၍။

www.burmeseclassic.com

## အခန်း (၁၆)

မီးရောင်တွေ ထိန်ထိန်လင်းနေသော ခြံဝန်းကျယ်ကြီးရှေ့သို့ ရထားလုံးများ တစ်စီးပြီးတစ်စီး ထိုးဆိုက်လာကြ၏။

ပြုံးပြုံးပျက်ပျက် တောက်တောက်ပပ ဝတ်စားဆင်ယင်ထားသော လူများ၏ မျက်နှာတွင် အပြုံးတစ်ခုကို ဆင်မြန်းရင်း ပါတီပွဲကြီးသို့ တက်ရောက်လာကြသည်။

ပါတီပွဲစသည့်အချိန်တွင် မူလကရှိခဲ့သော သက်သေလူကြီးများဖြစ်သည့် ပါမောက္ခကြီးများနှင့် အရာရှိကြီးများသည် ဧည့်သည်များဝင်ပြီး ထိုင်ခုံအသီးသီးတွင် ထိုင်သည်ကို စောင့်ကြည့်နေကြ၏။

ထိုအချိန်တွင် မောင်ဇော်မှာကား ပါတီပွဲကျင်းပသည့် နေရာ



တွင် မရှိချေ။ မနောဆက်ပညာအသုံးပြုပြီး သူထိုင်စေမှုင်သူကို အထိုင်ခိုင်းမည်စိုးသောကြောင့်ဖြစ်သည်။ ပါတီပွဲဖိတ်စာပို့သည့်မှစ၍ ထိုင်သည်အထိ သူ့ကို လုံခြုံစိတ်ချသော နေရာတွင်ထားကာ ကြီးကြပ်ထားကြ၏။

ထိုင်ခုံအသီးသီးသို့ ဧည့်သည်များ တစ်ယောက်ပြီး တစ်ယောက် ဝင်ထိုင်လိုက်ကြသည်။ ယခုထိ မောင်ဇော်ဟောထားသည့် ထိုင်ခုံနေရာတွင် ထိုင်မည့်သူ မရှိသေးချေ။

သက်သေလူကြီးများအားလုံး စိတ်ဝင်တစား ရင်တမမရှိနေ၏။ ထိုင်ခုံအားလုံးတွင် ပြည့်လုနီးနီးရှိသောအခါမှ မြန်မာဆန်ဆန် လှပကျော့ရှင်းသော အမျိုးသမီးတစ်ဦးသည် မောင်ဇော်ဟောထားသည့် ထိုင်ခုံတွင် ဝင်ထိုင်လိုက်သည်ကို တွေ့ကြရသည်။

သက်သေလူကြီးများအားလုံး ဟာ 'ခနဲ' 'ဟင်'ခနဲ ဖြစ်သွားကြ၏။ ပုလိပ်မင်းကြီးပင် ပါးစပ်အဟောင်းသားဖြစ်သွားသည်။

ရောက်လာသော ဧည့်သည်များလူစုံတက်စုံရှိသော အခါမှ ပုလိပ်မင်းကြီးက အားလုံးကို ကြေညာလိုက်သည်။

"ကျွန်ုပ်ရဲ့ ပါတီပွဲကို တက်ရောက်လာကြတဲ့ လူကြီးမင်းများအားလုံးကို အသိပေးစရာ တစ်ခုရှိပါတယ်"

အားလုံး စိတ်ဝင်တစား ဖြစ်သွား၏။ အဝ်ကျသံမကြားတော့

www.burmeseclassic.com

www.burmeseclassic.com



လောက်အောင် ပုလိပ်မင်းကြီး၏ စကားကို စူးစိုက်နားထောင်ကြသည်။

"ဟောဒီ ပါတီပွဲလေးမကျင်းမခင် ကျွန်ုပ်ဟာ အစီအစဉ် လေးတစ်ခု ပြုလုပ်ခဲ့ပါတယ်၊ ဘာလဲဆိုတော့ စိတ်တန်ခိုး အစွမ်းသတ္တိတွေ ရှိနေတယ်လို့ နာမည်ကြီးနေတဲ့ မောင်ဇော် ဆိုတဲ့ လူကလေးကို စမ်းသပ်စစ်ဆေးခဲ့တဲ့အကြောင်းလေး ပြောပြချင်လို့ပါပဲ"

လူအုပ်ကြီးထံမှ ကျွတ်စီကျွတ်စီ အသံများ ထွက်လာ၏။ သူတို့ ကြားဖူးနားဝများကို အချင်းချင်းလက်တို့ပြောနေကြခြင်း ဖြစ်သည်။ ပုလိပ်မင်းကြီးက အောင်မြင်ထည်ဝါသော အသံကြီးဖြင့် လူအုပ်ကြီးကို ငြိမ်စေလိုက်၏။

"ကျွန်ုပ်တို့ စမ်းသပ်စစ်ဆေးခဲ့တာက ဟောဟိုခုံနောက် ဆုံးတန်း လက်ယာဘက်အစွန်ဆုံးမှာ ထိုင်မယ့်သူအကြောင်း ကို ကြိုဟောခိုင်းတာပါ"

အားလုံး၏ မျက်လုံးသည် ပုလိပ်မင်းကြီး ညွှန်ပြရာခုံဆီသို့ ပြိုင်တူလိုလို လှည့်ကြည့်မိကြသည်။ ထိုခုံတွင် ထိုင်နေသော အမျိုး သမီးမှာ စုပြုံကြည့်လာကြသော မျက်ဝန်းများကြောင့် ကြောင်အမ်း အမ်း ရှက်ကိုး ရှက်ကန်းဖြစ်သွားက မျက်လုံးလေးဝိုင်းလျက် နားမ လည်နိုင်ဟန်ဖြင့် လိုက်ကြည့်နေ၏။



"စိတ်တန်ခိုးရှင်လေး မောင်ဇော်က အဲဒီထိုင်ခုံမှာ ထိုင်မယ့် သူဟာ အသက် ၂၀ အရွယ် မိန်းကလေး တစ်ယောက်ဖြစ် ပါတယ်တဲ့ အခု သူဟောထားတဲ့အတိုင်း မှန်နေပါပြီ"

လူများက အံ့အားတသင့် ဖြစ်သွားကာ ထိုင်ခုံကိုလည်း ပြန်ထပ်ကြည့်မိကြသည်။ မိန်းကလေးက အံ့လည်းသြ အနေရလည်း ခက်သွားကာ နှုတ်ခမ်းလေးဟ မျက်လုံးလေးပြူးလျက်။

"မိန်းကလေး ဒီရှေ့ကို ကြွခဲ့ပါ၊ မေးမြန်းစရာလေးတွေ ရှိလို့ပါ"

ပုလိပ်မင်းကြီးက မိန်းကလေးကို ဖိတ်ခေါ်လိုက်၏။ မိန်းက လေးက ယောင်နန ဖြင့် ထလာ၏။ လူပုံအလယ်မှာမို့ အနည်းငယ် ရှက်စိတ်ဝင်ရပုံရသော်လည်း ရှိုးတိုးရှန့်တန့် သိပ်မဖြစ်လှ။ မိန်းကလေး က ပုလိပ်မင်းကြီးရှေ့၌ ရပ်လိုက်သည်။

"မိန်းကလေး နာမည် ဘယ်လိုခေါ်ပါသလဲ"

ပုလိပ်မင်းကြီးက လူများရှေ့မှာပင် မောင်ဇော်ဟောထား သော အချက်များ မှန်မမှန် စစ်ဆေးမေးမြန်းတော့သည်။

"ကျွန်မနာမည် ခင်မမပါ"

"အသက်ဘယ်လောက်ရှိပြီလဲ၊ ပြီးတော့ ကလေးတွေကို ဂရုစိုက် ပြုစုတတ်ပါသလား"

"ကျွန်မအသက် ၂၀ ပါ၊ ကလေးတွေကို ပြုစုဖို့ စိတ်ဝင်

www.burmeseclassic.com

www.burmeseclassic.com



စားပါတယ်”

အားလုံးက အံ့သြသွားကြသည်။ မျက်ခုံးပင့်သူပင့် ပါးစပ်ဟသူ ဟနှင့်။

“ဟုတ်ပါပြီ ပထမတစ်ချက်ကတော့ မှန်နေပါပြီ၊ ဆက်မေးပါမယ်၊ မိန်းကလေး ငယ်ငယ်က ဘယ်မြို့မှာ နေတာပါလဲ”

“ဘိုကလေးမှာပါ”

“မီးသွေးလုပ်တဲ့ မြို့မှာ နေတယ်လို့ ဟောထားပါတယ်၊ ဘိုကလေးဟာ မီးသွေးလုပ်တဲ့မြို့ဆိုတော့ မှန်နေပြီပေါ့”

မိန်းကလေးက ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ ပုလိပ်မင်းကြီးက ခေါင်းတဆတ်ဆတ်ညိတ်ကာ ပြုံးလိုက်သည်။ ပြီးနောက် ဆက်မေးလေ၏။

“မောင်နှမသားချင်း ဘယ်နှစ်ယောက်ရှိပါသလဲ”

“၂ ယောက်ပါ၊ ကျွန်မမှာ အစ်ကိုတစ်ယောက်ရှိပါတယ်”

မိန်းကလေး တုန်တုန်လှုပ်လှုပ်ဖြင့် ကပျာကယာဖြေသည်။ အံ့သြထူးဆန်းမှုဖြင့် မျက်လုံးလေးများ ဝိုင်းနေသည်။

“ဒါလဲ မှန်ပါတယ်”

“ရှင်”



မိန်းကလေး တအံ့တသြ ရေရွတ်၏။ ပုလိပ်မင်းကြီးသည် ကျေနပ်အားရစွာပြုံးလိုက်၏။ မိန်းကလေးကို စေ့စေ့ကြည့်၍ ပဥ္စမမေးခွန်းကို ဆက်မေးပြန်၏။

“မခင်မမဟာ ဆပ်ကပ်ပွဲတွေကြည့်တတ်ပါသလား”

မိန်းကလေးက ရှက်ကိုး ရှက်ကန်းဟန်ဖြင့်ပြုံးလိုက်၏။

“ကျွန်မက ဆပ်ကပ်ပွဲကို သိပ်ကြိုက်တာ၊ ခဏခဏလည်း ကြည့်တတ်ပါတယ်”

ဟု ပြောလိုက်သည်။

ပုလိပ်မင်းကြီးက ခေါင်းကိုဆတ်ခနဲတချက် ညိတ်လိုက်သည်။

“ဆပ်ကပ်ပွဲတွေလည်း မကြာခဏကြည့်တတ်သူလို့ ဟောထားချက်အရ ဒီအချက်လည်း မှန်နေပါပြီ၊ ကဲ နောက်ဆစ်(စ်)ကွက်ရှင်က လက်မှာထိခိုက်ဒဏ်ရာရဖူးတာမျိုးရှိဖူးပါသလား”

မိန်းကလေး စဉ်းစားဟန်ပြုလိုက်သည်။

“သြော် ရှိဖူးတယ်… ကျွန်မငယ်ငယ်က သူငယ်ချင်းတစ်ယောက်နဲ့ ခဲတံလုရင်း ခဲတံချွန်ထိုးမိလို့ လက်ပေါက်သွားဖူးတယ်”

www.burmeseclassic.com

www.burmeseclassic.com



အမှတ်ရဟန်ဖြင့် ဝမ်းသာအားရ ပြောလိုက်သည်။

"ဟောထားတာက ကျောင်းမှာ ရန်ဖြစ်လို့ လက်မှာ ထိခိုက်ဒဏ်ရာရတယ်တဲ့"

"ဒါဆိုရင် မှန်နေပြီပေါ့ရှင်"

မိန်းကလေးက ဝမ်းသာအားရ ပြောလိုက်၏။ ဒီလောက်ထိ တိုက်တိုက်ဆိုင်ဆိုင်မှန်နိုင်တဲ့ ပညာရှင်ကို မတွေ့ဖူးဘူးဟူ၍ စိတ်ထဲမှာ တအံ့တဩ တွေးနေလေ၏။

"ဟုတ်ပါတယ် မှန်ပါတယ်၊ နောက်မေးခွန်းတစ်ခုမေးပါဦးမယ်၊ မိန်းကလေးဟာ မကြာခဏ အမျိုးသမီးမိတ်ဆွေတစ်ယောက်နဲ့ ခရီးထွက်တတ်တယ်တဲ့၊ အဲဒီအမျိုးသမီးက အရပ်မြင့်မြင့် မျက်နှာသွယ်သွယ်နဲ့ ဟုတ်ပါသလား"

"အို... သိပ်ဟုတ်တာပေါ့၊ ကျွန်မသူငယ်ချင်း မူယာနဲ့ ကွန်ဗင့်ကျောင်းမှာ ကျောင်းသွားတက်ရတယ်၊ ကျောင်းပိတ်မှ အိမ်ပြန်လာတာ၊ အင်း အဲဒါခရီးထွက်တာပဲပေါ့၊ ကျွန်မသူငယ်ချင်း မူယာကလဲ အရပ်မြင့်မြင့် မျက်နှာသွယ်သွယ်ပဲလေ"

ပုလိပ်မင်းကြီးက ခေါင်းတဆတ်ဆတ်ညိတ်ရင်း အဖြေကို ကျေနပ်ဟန်ဖြင့် လက်ခံ၏။



"ဒါဆို မှန်တယ်လို့ ပြောရမယ်၊ နောက်ဆုံးမေးခွန်းတစ်ခု ထပ်မေးပါမယ်၊ မိန်းကလေး ဒီပါတီပွဲကို မလာခင်တုန်းက ဘယ်ကိုဝင်ခဲ့ပါသေးလဲ"

"ဟို ဒီကိုမလာခင်တုန်းက လမ်းမှာ ချော်လဲနေတဲ့ ကလေးတစ်ယောက်ကို သူ့အိမ်ကိုဝင်ပို့ခဲ့ပါသေးတယ်"

"ဒါဆိုရင်တော့ နောက်ဆုံး အချက်ကလည်း မှန်နေပါပြီ၊ ဒီပါတီပွဲကိုလာတဲ့ နေ့မှာပဲ ကလေးတစ်ယောက်ကို ကူညီခဲ့သေးတယ်လို့ ဟောထားတဲ့အတိုင်းပါပဲ၊ ကျွန်ုပ်တို့ရဲ့ သိပ်ကိုတော်တဲ့ မနောပညာရှင်လေးနဲ့ မိတ်ဆက်ပေးပါမယ်ခင်ဗျာ"

ပုလိပ်သား ရှစ်ယောက်က မောင်ဇော်ကို ပုလိပ်မင်းကြီး၏ အိမ်တွင်းမှ ထုတ်လာကြသည်။ ခြံဝန်းထဲရှိ လူများအားလုံး၏ အထင်ကြီး လေးစားသော မျက်ဝန်းများ သူ့ထံသို့ စုပြုံကျရောက်လာ၏။

လက်ခုပ်သံတဖြောင်းဖြောင်းဖြင့် ချီးကျူးဂုဏ်ပြုကြသည်။ မောင်ဇော်သည် လူ့ပုံအလယ်၌ ခုလို ဂုဏ်ပြုချီးမြှောက်ခြင်းခံရသည့် အဖြစ်ကို ဝမ်းသာမိသော်လည်း လူက မနေတတ်မထိုင်တတ်ဖြစ်နေသည်။ မျက်နှာ ဘယ်ထားရမှန်းမသိ ဖြစ်နေ၏။

သူ့ကို တစ်ယောက်ပြီး တစ်ယောက် လက်ဆွဲနှုတ်ဆက်ကာ ချီးကျူးပြောဆိုကြ၏။ သူကလဲ အလိုက်သင့် ပြုံးရယ်နှုတ်ဆက်ရ

www.burmeseclassic.com

www.burmeseclassic.com



သည်သာ။

တီးလုံးသံများက ငြိမ့်ငြိမ့်၊ စကားပြောသံ၊ ရယ်မောသံ ဖန်ခွက်ချင်း ထိခတ်သံများဖြင့် ပါတီပွဲလေးသည် တဖြည်းဖြည်း မြူးကြွလာလေ၏။

မောင်ဇော်သည် ခြံထောင့်ရှိ ခုံတစ်လုံးတွင် ဝင်ထိုင်ရင်း ဟိုငေး ဒီငေးနှင့် ရှိနေသည်။

ထိုအခိုက် သူ့နားသို့ ပြုံးရယ်ကာ လျှောက်လာသော လူနှစ်ယောက်ကို တွေ့လိုက်ရသည်။ ဆာဂျင်ဘဆွေနှင့် အမျိုးသမီး တစ်ယောက်။

"ဘယ်လိုလဲ မောင်ဇော် သိပ်ပျော်နေလား"

"အင်း… ပျော်တယ်လို့လဲ မဟုတ်ပါဘူး အစ်ကိုရာ ဘယ်လိုပြောရမလဲ ကိုယ်ဟောလိုက်တာတွေကို အမှန်ပါလားလို့ လူတွေက လက်ခံတော့ စိတ်ထဲမှာ ကြည်နူးမိတာပါ"

မောင်ဇော်က ရယ်ရယ်မောမောဖြင့် ပြန်ဖြေမိသည်။

"အစ်ကိုက တကယ့်ပါရမီရှင်ပဲ၊ ဟောချက်တွေက ဒက်ထိအောင်ကို မှန်နေတယ်၊ ညီမနောက်က တိတ်တိတ်က လေး လိုက်ချောင်းကြည့်ထားသလား အောက်မေ့ရတယ်၊ ညီမဖြင့် အံ့သြလို့ မဆုံးပါဘူးရှင်"



ဆာဂျင်ဘဆွေနှင့် ပါလာသူ မိန်းကလေးက လှိုက်လှိုက်လှဲလှဲဖြင့် ချီးကျူးနေ၏။

"ဟို… ဒီက ညီမက"

မောင်ဇော်က သူပြောနေတာတွေကို နားမလည်ဟန်ဖြင့် မေးမိသည်။ ဆာဂျင်ဘဆွေနှင့် မိန်းကလေးတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ပြုံးလိုက်ကြ၏။

"သူက မင်းဟောထားတဲ့ ထိုင်ခုံမှာ ထိုင်တဲ့သူပေါ့၊ ခင်မမတဲ့ ငါ့ညီမအရင်းပဲ"

"ဗျာ"

ထိတ်လန့်တကြားဖြင့် ရေရွတ်ကာ မောင်ဇော်က ဆာဂျင်ဘဆွေ၏ မျက်နှာကို လှမ်းကြည့်လိုက်၏။ ဆာဂျင်ဘဆွေက ပြုံးတုံးတုံး အမူအရာဖြင့် ပြန်ကြည့်နေသဖြင့် မောင်ဇော် ရှက်ရွံ့အနေရခက်စွာ ခေါင်းကို ငုံ့လိုက်သည်။

ပြီးမှ ထစ်ထစ်အအဖြင့် ပြောမိသည်။

"ဟို အစ်ကို့မှာ ညီမရှိတယ်လို့ တစ်ခါမှလဲ မကြားဖူးပါလား"

"အေး ဟုတ်တယ်ကွ၊ မင်းကို မပြောဖြစ်တာ၊ ငါ့ညီမလေးက မြို့က ကွန်ဗင့်ကျောင်းမှာ ကျောင်းတက်နေတာဆိုတော့ မင်းနဲ့ တစ်ခါမှ မဆုံဖြစ်ဘူးပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက် ခင်မမကို သူ့သူငယ်ချင်းတစ်ယောက်က လာခွဲခေါ်သွား၍ ပါသွားရသည်။ ထိုအခါကျမှ မောင်ဇော်မှာ သက်ပြင်းကို ဟင်းခနဲချနိုင်လေတော့သည်။ ထိတ်ထိတ်ပျာပျာဖြင့် ဆာဂျင်ဘဆွေကို တောင်းပန်မိသည်။

"အစ်ကို့ ညီမမှန်းကျွန်တော် မသိလို့ပါ တောင်းပန်ပါတယ် အစ်ကိုရယ်"

"ဘာကိုတောင်းပန်တာလဲ၊ မင်းဘာလုပ်မိလို့ တောင်းပန်ရတာတုန်း"

ဆာဂျင်ဘဆွေက နားမလည်ဟန်ဖြင့် ပြန်မေးလိုက်၏။ မောင်ဇော်က မျက်နှာပူစွာ ခေါင်းငုံ့လိုက်ရင်း

"အားနာစရာတော့ ဖြစ်ကုန်ပြီ ကျွန်တော် နောက်ဆုံးပြောခဲ့တဲ့ စကားကို အစ်ကို စိတ်မဆိုးပါနဲ့နော်"

"ဘာလဲ ငါ့ညီမက မင်းရဲ့ချစ်သူ ဖြစ်လာလိမ့်မယ်လို့ ပြောခဲ့တာကိုလား"

ရှက်ရွံ့အားနာစွာပြုံးလျက် ခေါင်းညိတ်မိသည်။

"ရပါတယ်ကွာ ဘာမှ မဖြစ်ပါဘူး၊ မင်းမြင်တဲ့အတိုင်း ပြောခဲ့တာပဲ"

"အဲဒီကိစ္စကို အစ်ကို့ ညီမကို ပြန်မပြောပါနဲ့နော်"



မောင်ဇော်က စိုးရိမ်စွာ တောင်းဆိုလိုက်မိသည်။ ဆာဂျင်ဘဆွေက ပြုံးလျက် ခေါင်းခါလိုက်၏။ မောင်ဇော် အံ့သြသွားသည်။

"မင်းတောင်ပန်းတာ နောက်ကျသွားပြီ ငါ့ညီမကို ငါပြောပြလိုက်ပြီကွ"

"ဗျာ"

ထိတ်လန့်တကြား ရေရွတ်လိုက်သံကြီး ကျယ်လောင်စွာ ထွက်ပေါ်လာလေတော့သည်။

www.burmeseclassic.com

## အခန်း (၁၇)

ပါတီပွဲပြီးသွားပြီးကတည်းက အစ်ကို ဘဆွေနှင့် မဆုံဖြစ်ခဲ့ရတော့သည်မှာ သုံးပတ်မျှပင် ရှိခဲ့ပြီဖြစ်သည်။

အမှန်တော့ မောင်ဇော်က တမင်ရှောင်နေခဲ့တာဖြစ်သည်။ သူပြောခဲ့တာကို သူမျက်နှာပူနေသည်။ အစ်ကို ဘဆွေကိုလည်း ရင်မဆိုင်ရဲတာလဲပါသည်။ ကိုယ့်ဘာသာကိုယ် မလုံမလဲတွေဖြစ်ကာ ရှက်ရွံ့အားနာနေမိသောကြောင့်ပင် ဖြစ်၏။

မောင်ဇော်သည် အားနာ၍ တမင်ရှောင်နေမိသော်လည်း သူ့ဆီကို ခင်မမ ရောက်လာလိမ့်မယ်ကိုတော့ လုံးဝမထင်မိခဲ့ပါချေ။

သို့သော် သူမ အမှန်တကယ်ရောက်ရှိလာပါသည်။ သူဆပ်ကပ်ပြနေစဉ် ဇာတ်စင်အောက် ရှေ့ဆုံးခုံတန်းမှ သူ့အား စူးစိုက်



ကြည့်နေသော မျက်ဝန်းတစ်စုံကို တွေ့လိုက်ရသောအခါ သူ့ရင်အစုံသည် ဒိန်းခနဲ မြည်သွားသည်အထိ တုန်ဟည်းကာ မှင်သက်မိသွားသည်။

ခင်မမ ပါလား။။

သူနှင့် မျက်လုံးချင်းဆုံမိတော့ သူမက အပြုံးတစ်ပွင့်ကို လှစ်ကနဲ ခြွေလိုက်သည်။ သူက အသိအမှတ်ပြုသလို ခေါင်းညိတ်ပြမိသည်။

သူမနံဘေးတွင် အစ်ကိုဘဆွေ ထိုင်နေသည်ကို လှမ်းတွေ့လိုက်ရ၍ ဖြန်းခနဲ မျက်နှာပူသွားသော်လည်း ချက်ချင်းပင် အိမ်ခြေ ဆည်လိုက်နိုင်၏။

ပြပွဲပြီး၍ စင်အောက်သို့ သူဆင်းလာတော့ သူတို့မောင်နှမ နှစ်ယောက် သူ့ကို အသင့်စောင့်နေကြသည်ကို တွေ့လိုက်ရ၏။

"ကဲ... ပျောက်ချက်သားကောင်းနေပါလား ဘာလို့ အိမ်မလာတာလဲ ပြောပါဦး၊ ဘာလဲ မင်းက နာမည်ကြီးလာပြီဆိုတော့ ဘဝင်မြင့်ပြီး ငါ့ကိုတောင်မေ့ပြီလား ပြောပါဦး"

အစ်ကိုဘဆွေက သူ့ကို စကားနှုတ်ဆိုးတော့သည်။

"မဟုတ်ပါဘူး အစ်ကိုရယ်... ကျွန်တော်မအားလို့ အစ်ကို့အိမ်ဘက်ရောက်မလာဖြစ်တာပါ"

www.burmeseclassic.com

www.burmeseclassic.com



သူလိမ်ပြောလိုက်မိသည်။ မသွားချင်လို့ကို တမင်ရှောင်နေခဲ့တာကို အမှန်ဘယ်ပြောလို့ဖြစ်ပါ့မလဲ။

"မသိပါဘူး မင်းက မလာတာကြာတော့ ငါကိုယ်တိုင်လိုက်လာရတော့တာပေါ့၊ ဟောဒီက မယ်မင်းကြီးမကလဲ မင်းကို တွေ့ချင်တယ်ဆိုလို့လေ"

"အံမယ် ကိုကြီးနော် ညီမလေးက ဒီက အစ်ကိုဇော်ကို ချီးကျူးစကားပြောချင်လို့ပါနော်"

ခင်မမ ရှက်ကိုးရှက်ကန်းဖြစ်သွားဟန်ဖြင့် ပြော၏။ နှစ်ယောက်သား မျက်ဝန်းချင်းဆုံမိကြသည်။ ပြိုင်တူလိုပင် ခေါင်းငုံ့မျက်နှာလွှဲမိကြသည်။

"အေးပါ… ငါက ဘာပြောလို့လဲ၊ချီးကျူးစကားပဲပြောပြော ဘာစကားပဲပြောပြော နင်တွေ့ချင်တယ်ဆိုလို့ ခေါ်လာပေးရတာလေ မဟုတ်လို့လား"

ခင်မမက မျက်စောင်းလှလှ တစ်ချက် အစ်ကိုဘဆွေထံသို့ ဝဲသွား၏။

ငါအမှန်ပြောတာပဲ ဟူသော ပုံစံဖြင့် အစ်ကိုဘဆွေက မျက်လုံးပြူးကာ ပုခုံးတွန့်ပြ၏။

"ဟိုတစ်နေ့က အစ်ကိုကို့ စကားတောင် ကောင်းကောင်းမ ပြောလိုက်ရဘူး"



ခင်မမက မျက်လုံးလေး ဝင့်ကြည့်ပြီး ပြောလာ၏။ သူနှုတ်ခမ်းတွင် အပြုံးတစ်စကို မြင်လိုက်ရသည်။

"ညီမတော့ သိပ်အံ့သြတာပဲ၊ ဘယ်အကြားအမြင် ဆရာတွေကမှ ဒီလောက်ထိမှန်အောင် မဟောနိုင်ဘူးထင်တယ်၊ အစ်ကိုက ဒက်ထိမှန်အောင်ကို ဟောနိုင်တယ်၊ သိပ်တော်တာပဲ၊ ဗေဒင်ဟောခန်းလေးဖွင့်ပြီး ဟောစားရင် လူတွေတိုးမပေါက်အောင် ဖြစ်နေမှာ သိလား"

မောင်ဇော်က ရှက်ရယ်ရယ်လိုက်ရင်း …

"မလုပ်ပါနဲ့ဗျာ… ကိုယ်ဟာကိုယ် အေးအေးနေပါရစေ၊ ကျုပ်က ဗေဒင်ဆရာတွေလိုယတြာလည်း မချေတတ်ဘူး၊ လူတွေရဲ့ ကံကြမ္မာအဆိုးအညံ့ကိုလည်း ပျောက်အောင်မ ဖျောက်တတ်ဘူးဗျ"

"ဒါပေမယ့် အစ်ကိုက လူတွေရဲ့ အနာဂတ် ကံကြမ္မာကို မြင်နိုင်တယ်လေ"

"အနာဂတ်မှာ ဖြစ်လာမယ့် ကံကြမ္မာဆိုးတွေကို ကြိုမြင်ရလို့ ဘာထူးမှာလဲဗျာ ကြိုစိတ်ဆင်းရဲရတာပဲ ရှိမှာပေါ့"

"ဒါတော့… ဒါပေါ့လေ လူတွေကလည်း သူတို့အနာဂတ်မှာ ဘာတွေဖြစ်လာမလဲဆိုတာ ကြိုသိချင်ကြတာချည်းပဲ မဟုတ်လား၊ လူတွေရဲ့ ဆန္ဒကို ဖြည့်ဆည်းခွင့်ရတာ အစ်ကို

www.burmeseclassic.com

ကံကောင်းတာပေါ့”

“ဗျာ ကံကောင်းတယ် ဟုတ်လား”

မောင်ဇော်က နားမလည်နိုင်သလို မျက်ခုံးပင့်လျက် မေးမိသည်။

“ဟုတ်တာပေါ့ အစ်ကိုရယ်၊ လူတွေရဲ့ ကံကြမ္မာကို မှန်အောင် ဟောပေးနိုင်တဲ့အတွက် လူတွေက အစ်ကို့ကို ပိုယုံကြည်လာကြမယ်၊ ပိုလေးစားလာကြမယ်၊ ကိုးကွယ်လာကြမယ်လေ၊ အဲဒါ အစ်ကို ကံကောင်းတာပဲပေါ့ မဟုတ်ဖူးလား”

ခင်မမ ရှင်းပြလိုက်တော့ ဟုတ်သလိုလို ရှိသာမို့ သူသဘောကျစွာ ရယ်လိုက်မိသည်။

“အဟင်း… ခင်မမက ကြံ့ကြံ့ဖန်ဖန် ပြောတတ်တယ်”

သူတို့အားလုံး ရယ်ဖြစ်ကြသည်။

“မခင်မမလို့ခေါ်တာ မခက်ဘူးလား ‘ခင်’လို့ခေါ်လဲ ရပါတယ်”

ခင်မမက မျက်စလေးချီကာ ပြုံးတုံ့တုံ့ဖြင့် ပြော၏။ မောင်ဇော် ရင်ဖိုသွားသည်။ ခေါင်းကို အသာကုတ်ရင်း ခပ်ဖြည်းဖြည်း ခေါင်းညိတ်မိသည်။



“ကဲ… ညဉ့်လဲအတော်နက်နေပြီ ငါတို့ပြန်တော့မယ်၊ မောင်ဇော် အားရင် အိမ်လာလည်ဦးနော်… ဟာ… အားအား မအားအား မနက်ဖြန်လာကွာ ငါစောင့်နေမယ် ကြားလား”

အစ်ကိုဘဆွေက ဝင်ပြောလိုက်တော့မှ စကားပွဲရပ်သွားသည်။ မောင်ဇော် ခေါင်းကိုသာ ထပ်ညိတ်ပြဖြစ်လိုက်ပါတော့သည်။

www.burmeseclassic.com

## အခန်း (၁၈)

နောက်နေ့ မနက်တော့ အစ်ကိုဘဆွေတို့ အိမ်သို့ လာဖြစ်အောင်ကို လာခဲ့ရတော့သည်။

စကားနာထိုးပြီး ပြောခဲ့တာကို မဟုတ်ကြောင်း သက်သေပြဖို့ရယ်။ ပြီးတော့ တွေ့ချင်နေသောသူကို တွေ့ခွင့်ရချင်လို့ရယ်။ ဤအကြောင်းနှစ်ချက်ကြောင့်ပင် အစ်ကိုဘဆွေတို့အိမ်သို့ ရောက်လာခဲ့ရပြီ။

အစ်ကိုဘဆွေတို့ ခြံထဲသို့ ရောက်ရန် အတော်ဝေးဝေး လမ်းလျှောက်ခဲ့ရသည်။ ခြံရှေ့ရောက်၍ အမောဖြေမည်မှ မကြံသေး အယ်လ်ဆေးရှင်း ခွေးနှစ်ကောင်ကို ဦးစွာရင်ဆိုင်ရသည်။

ခွေးနှစ်ကောင်သည် ခြံဝင်းအတွင်းမှ အပြင်ကို ခုန်ထွက်တော့



မည့်အလား သဲကြီးမဲကြီး ထိုးဟောင်နေသည်။

မောင်ဇော်က အထိတ်တလန့်ဖြင့် နောက်သို့ဆုတ်ကာ ကြည့်နေမိသည်။

"ဟေ့ ဘော်ဘီ၊ ပက်ဂီ လာခဲ့... လာခဲ့"

အိမ်ထဲမှ ခင်မမပြေးထွက်လာပြီး ခွေးနှစ်ကောင်ကိုခေါ်၍ အိမ်ထဲပြန်ပြေးသွားသည်။ ခွေးများက သူမနောက်မှ ပြေးလိုက်သွားသည်။ ပြီးမှ ခင်မမတစ်ယောက်တည်း ပြန်ထွက်လာသည်။

"ဟာ... အစ်ကို အားနာလိုက်တာရှင်"

ခြံတံခါးကို အလျှင်အမြန်ဖွင့်၍ ခင်မမက အားနာစကားဆို၏။

"ဘယ်တုန်းက ခွေးတွေမွေးလိုက်တာလဲ"

"ခင် အိမ်ကိုပြန်ရောက်ကတည်းက ဆိုပါတော့"

"သြော်... ဒါကြောင့် အရင်က မတွေ့တာကိုး"

"လာ အစ်ကို အိမ်ထဲသွားရအောင်"

ခင်မမက ဦးဆောင်၍ အိမ်ထဲဝင်သွားလိုက်သည်။ အိမ်နေရင်းမို့၊ ခင်မမက ဆံပင်များကို ဖားလျားဖြန့်ချထားသည်။ သူမ အသားအရေမှာ ဝါ၍နုနေသည်။ သနပ်ခါးကိုလည်း စိတ်ကျသွေးလိမ်းထားဟန်တူသည်။ သနပ်ခါးနံ့က လတ်ဆတ်၍မွှေးမြနေ၏။

www.burmeseclassic.com



ဧည့်ခန်းအလယ်ရှိ ခုံပေါ်တွင် ထိုင်လိုက်ပြီးမှ အခန်းတွင်းသို့ ဝေ့ကြည့်မိသည်။

“အစ်ကိုမရှိဘူးလား”

“ဟုတ်တယ် အစ်ကိုကြီး အပြင်ခဏထွက်သွားတယ်၊ ခဏနေ ပြန်ရောက်လာမှာပါ… ဪ အစ်ကို ဘာသောက်မလဲ အပူလား အအေးလား”

“ရပါတယ်… မသောက်တော့ပါဘူး”

မောင်ဇော်က အားနာစွာဖြင့် ပြောမိသည်။

“အို… မသောက်လို့မရပါဘူး တစ်ခုခုသောက်ရမယ်၊ အအေးသောက်မှာမဟုတ်လား ခင်သွားဖျော်ပေးမယ်”

ခင်မမက ပြောပြောဆိုဆိုဖြင့် နောက်ဖေးခန်းထဲဝင်သွားသည်။ ဧည့်ခန်းလယ်တွင် တစ်ယောက်တည်း ငေါင်တောင်တောင်ဖြစ်နေသော မောင်ဇော်သည် ဟိုငေးဒီငေးဖြင့် ရှိနေစဉ် နံရံထက်တွင် ချိတ်ဆွဲထားသော ခင်မမ၏ ဓါတ်ပုံလေးဆီသို့ အကြည့်ရောက်သွားမိသည်။

ဘာရယ်မဟုတ်ဘဲ သူငေးခနဲ ဖြစ်သွားသည်။

ခင်မမပြန်ထွက်လာတော့ သူ ကပျာကယာ အကြည့်လွှဲလိုက်သည်။ မလုံမလဲဖြင့် ခင်မမကို လှမ်းကြည့်မိ၏။ ခင်မမက သူ့ကို လှမ်းပြုံးပြ၏။ မောင်ဇော်လည်း ပြန်ပြုံးပြလိုက်မိသည်။



“အအေးသောက်လိုက်ပါဦး၊ ခုနက ဘော်ဘီတို့ ဟောင်လိုက်တာ အစ်ကို လန့်သွားတယ်မှတ်လား”

ခင်မမက အအေးခွက်ကို သူ့ရှေ့စားပွဲတွင်ချရင်း ပြောလိုက်သည်။

“အင်း ရုတ်တရက်ဆိုတော့ လန့်သွားတာပေါ့”

မောင်ဇော်က ရက်ရယ်ရယ်ရင်း ပြောမိသည်။

“ခင်ကလဲ အစ်ကိုဒီနေ့လာမယ်လို့ ပြောထားတာမေ့ပြီး ဘော်ဘီတို့ကို ခြံထဲခဏလွှတ်ထားတာ၊ ခုတော့ အားနာစရာကောင်းနေပါပြီ”

“ဪ… ရပါတယ် ကိစ္စမရှိပါဘူးလေ”

နှစ်ယောက်သား စကားစပြတ်သွားကြသည်။ မောင်ဇော်က လက်ဖဝါးနှစ်ဖက်ကို အကြောင်းမဲ့ပွတ်သပ်နေမိသည်။

“အစ်ကိုကြီးပြောပြထားလို့ အစ်ကိုဇော်အကြောင်းတွေ ခင်အားလုံးသိပြီးပါပြီ”

မောင်ဇော် ထိတ်ခနဲ ဖြစ်သွားသည်။ ဟိုကိစ္စကိုရော သိနှင့်နေပြီလားဟု တွေးပြီး မျက်နှာပူသွားသည်။

“အစ်ကိုက ဘဝကို တစ်ယောက်တည်း ကြိုးစားရုန်းကန်လာတာတဲ့၊ ရိုးသားတယ် ကြိုးစားတယ်တဲ့၊ ပြီးတော့ စိတ်ထားလေးလဲကောင်းတယ်လို့ အစ်ကိုကြီးက ပြောတယ်”

www.burmeseclassic.com

www.burmeseclassic.com



မောင်ဇော် အနေရခက်သွားသည်။ ကိုယ်ရှေ့မှာ ကိုယ့်ကို ချီးကျူးစကားပြောနေတော့ ဘာပြန်ပြောရမှန်းမသိပဲ အရှက်ပိုစွာ ရယ်မိသည်။

"အစ်ကို အအေးသောက်လိုက်ပါဦး"

ခင်မမက အလိုက်တသိ ဝင်ပြောလိုက်၍ မောင်ဇော်လည်း ယောင်ယောင်မှားမှားဖြင့် အအေးခွက်ကို ကောက်ကိုင်ကာ တစ်ကျိုက်တည်း မော့ချလိုက်မိသည်။

"ဘယ်သူများလဲလို့ မောင်ဇော်ရောက်နေတာကိုး"

အသံနှင့်အတူ အိမ်ပေါက်ဝ၌ အစ်ကိုဘဆွေကို တွေ့လိုက်ရသည်။

"ဟော... အစ်ကိုကြီး ပြန်လာပြီ"

ခင်မမက ထိုင်နေရာမှထကာ အစ်ကိုဘဆွေလက်ထဲမှ အထုပ်တစ်ထုပ်ကို လှမ်းယူလိုက်ကာ အခန်းထဲဝင်သွားသည်။

"မောင်ဇော် မင်းလာတာ အတော်ပဲ၊ ငါမင်းကို ပြောစရာရှိတယ်၊ လာကွာ လဖက်ရည်ဆိုင်သွားရအောင်"

အစ်ကိုဘဆွေက ထိုင်ပင်မထိုင်တော့ပဲ ရေးကြီးသုတ်ပျာဟန်ဖြင့် ပြော၏။ မောင်ဇော် ထိုင်ရာမှ ထလိုက်သည်။ အိမ်ပေါက်ဝနားရောက်တော့ ခင်မမအသံကို ကြားရ၏။



"ဟောတော့ ဒါက ဘယ်ကိုသွားကြဦးမလို့လဲ"

"လဖက်ရည်ဆိုင်သွားမလို့ ညီမလေးရ အရေးကြီး ကိစ္စရှိလို့ သွားပြီဟေ့"

ခင်မမက အံ့ဩနားမလည်နိုင်ဟန်ဖြင့် နှုတ်ခမ်းစူကာ ကျန်ရစ်ခဲ့တော့သည်။

* * *

လဖက်ရည်ဆိုင်ရောက်တော့ အစ်ကိုဘဆွေက လမ်းမဘက်မျက်နှာမူထားသော ထိုင်ခုံတွင် ရွေးထိုင်လိုက်၏။ ရှေ့က လမ်းချိုးလေးကို မမှိတ်မသုန်စိုက်ကြည့်နေ၏။

"မင်း ဟိုတစ်ခါ ပြောထားတဲ့ကိစ္စကို မှတ်မိသေးလား"

"ဘာကိစ္စလဲ အစ်ကို"

အစ်ကိုဘဆွေက မောင်ဇော်နားတိုးကပ်လာပြီး လေသံလေးဖြင့် ပြောသည်။

"ဘောက်ထော်ဘက်က သူဌေးကြီး ဦးရာဇက်ရဲ့ အလုပ်သမားသုံးယောက် ပျောက်မှုလေ"

"သြော်... မှတ်မိပြီ၊ သူတို့သေပြီလေ"

မောင်ဇော် အသံအနည်းငယ် ကျယ်သွားသဖြင့် အစ်ကိုဘဆွေက မျက်လုံးပြူးပြသည်။ တိုးတိုးပြောရန်သဘော။

www.burmeseclassic.com

www.burmeseclassic.com



မောင်ဇော် ဇက်ပုသွားသည်။ အစ်ကိုဘဆွေက ဆိုင်တွင်း ဝေ့ဝဲကြည့်လိုက်၏။ ဆိုင်ထဲတွင် လဖက်ရည်သောက်သူ တစ်ယောက်စ နှစ်ယောက်စမှလွဲ၍ လူရှင်း၍နေသည်။

စိတ်ချရပြီဆိုတော့မှ အစ်ကိုဘဆွေက ထပ်ပြော၏။

"ဟုတ်တယ်... အဲဒီကိစ္စကို ငါစုံစမ်းနေတာ၊ လက်ဆုပ်လက်ကိုင် မပြနိုင်သေးလို့ ဘာမှမလုပ်ရပဲ ဒီအတိုင်း စောင့်ကြည့်နေရတယ်"

"သတ်တဲ့သူကို တွေ့ပြီလား"

"ငါထင်တဲ့လူတော့ ရှိတယ်၊ ဒါပေမယ့် မျက်မြင်သက်သေရယ်၊ သက်သေခံပစ္စည်းရယ်မရှိပဲ ဘာမှသွားလုပ်လို့မရဘူး"

"ဒါဆို... ခက်နေပြီပေါ့၊ ဘယ်လိုဆက်လုပ်ကြမလဲ"

မောင်ဇော်က စိုးရိမ်ပူပန်စွာ အလောလေးပြောလိုက်မိသည်။ အစ်ကိုဘဆွေက အသိရခက်စွာ တချက်ပြုံးလိုက်ပြီး

"ငါ အခု သူတို့အဖွဲ့ထဲက လူတစ်ယောက်ကို ခြေရာခံမိထားတယ်၊ ခဏနေကြရင် အဲဒီလူ ဟိုရှေ့ကလမ်းထဲက ထွက်လာလိမ့်မယ်၊ 'ဟော ပြောရင်းဆိုရင်း ဟိုမှာလာနေပြီ"

ရှေ့ကလမ်းချိုးလေးအတိုင်း လျှောက်လာနေသော လူတစ်



ယောက်ကို တွေ့လိုက်ရသည်။ လူက အရပ်မြင့်မြင့်၊ ပိန်ပိန်ပါးပါးနှင့် မျက်လုံးတွေက ကျီးကန်းတစ်ကောင်ရဲ့ မျက်လုံးတွေလို ဂဏာမငြိမ် ရှိလှသည်။

သူ့ပုခုံးတွင် လွယ်အိတ်တစ်အိတ်ကို လွယ်ထားသည်။ လွယ်အိတ်ထဲတွင် ဘာတွေထည့်ထားမှန်း မသိ ဖောင်းကား၍ နေ၏။

"သူက ဘယ်သူလဲ"

"လှမြင့်တဲ့ ဦးရာဇက်ရဲ့ အလုပ်သမားတစ်ယောက်ပဲ၊ လာ သူ့နောက်လိုက်ရအောင်"

အစ်ကိုဘဆွေက လဖက်ရည်ဖိုး ကပျာကယာရှင်း၍ ဟိုလူ့နောက်က မသိမသာနှင့် လိုက်လာခဲ့သည်။ လှမြင့်ဆိုသော လူသည် သူ့နောက်က တစ်ယောက်ယောက်လိုက်နေသည်ကို သိသွားပုံရကာ ခြေလှမ်းကို ခပ်သွက်သွက်လှမ်းနေ၏။

အစ်ကိုဘဆွေက ခြေလှမ်းကို ပိုသွက်လိုက်ကာ တရကြမ်း လိုက်၏။

"အစ်ကို... ခဏနေဦး"

မောင်ဇော်က အစ်ကိုဘဆွေကို လှမ်းတားလိုက်သည်။

"ဘာလဲ မောင်ဇော်ရ"

စိတ်မရှည်သံဖြင့်မေး၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်စိတ်ထဲ တစ်မျိုးကြီးဖြစ်လာတယ်၊ အန္တရာယ် အငွေ့အသက်ကို ခံစားနေရသလိုပဲ၊ သူ့နောက်ကို ဆက်မ လိုက်ပါနဲ့တော့လား"

အစ်ကိုဘဆွေက မယုံကြည်ဟန်ဖြင့် ကျွတ်ခနဲ စုပ်တချက် သပ်သည်။ အလိုမကျဟန်ဖြင့် မျက်မှောင်ကုတ်ကာ ကြည့်သည်။

"မင်းနေချင်ရင်နေခဲ့ ငါတော့ ဆက်လိုက်မယ်"

ပြောပြီး အစ်ကိုဘဆွေ လှမ်းထွက်သွားသည်။ မောင်ဇော် လည်း စိတ်မချ၍ သူ့နောက်မှ ပြေးလိုက်ရတော့သည်။

လှမြင့်သည် လမ်းချိုးလေးတစ်ခုထဲသို့ ဝင်သွားသည်ကို တွေ့ရသည်။ သူတို့နှစ်ယောက် ထိုနေရာသို့ ရောက်လာခဲ့၏။ သို့သော် လှမြင့်ကို တစ်ယောက်တည်း တွေ့ရသည်တော့မဟုတ်။ လှမြင့်နှင့် အတူ လူငါးယောက်သည် လက်ထဲတွင် တုတ်တွေကိုင်ထားကာ မောင်ဇော်တို့အား စူးစူးဝါးဝါးကြည့်သည်။

"ဟိတ်ကောင်တွေ ကိုယ်နဲ့မဆိုင်ပဲ ဝင်ရှုပ်ချင်တဲ့ကောင်တွေ ကို ပညာပေးလိုက်စမ်းကွာ"

ပြောပြီး မောင်ဇော်တို့အား တုတ်တွေနှင့် အတင်းဝင်ရိုက် သည်။ တက်စွမ်းသလောက် ခုခံပါသော်လည်း အင်အားချင်းမမျှ၍ မောင်ဇော်တို့မှာ အလူးအလိမ့် ခံနေရသည်။ ခွပ်ခနဲဟူသော အသံကြီး



ကြားလိုက်ရပြီး အစ်ကိုဘဆွေ လဲကျသွားသည်ကို မျက်ဝန်းထောင့် မှ မြင်လိုက်ရသည်။

ထိုစဉ် လမ်းမတစ်လျှောက် ညာသံပေး အော်ဟစ်၍ ပြေး လာနေသော လူများကိုတွေ့လိုက်ရသည်။

လူအုပ်ကြီးပြေးလာသောအခါ မောင်ဇော်တို့အား ရိုက်နှက် သော လူစုမှာ လစ်ကနဲ ထွက်ပြေးရှောင်တိမ်းသွားကြတော့သည်။

မောင်ဇော်သည် အစ်ကိုဘဆွေကို ပြေးပွေ့လိုက်မိသည်။ အစ်ကိုဘဆွေကား သွေးအိုင်ထဲတွင် သတိလစ်လဲကျနေပြီတည်း။

ဇာတ်သိမ်း

www.burmeseclassic.com

## အခန်း (၁၉)

"အစ်ကို သက်သာရဲ့လား"

ပက်တီးဖြူဖြူအောက်မှ ဒဏ်ရာဒဏ်ချက် အဖွေးသားနှင့် မျက်နှာကို ငုံ့မိုးကြည့်ရင်း သူမေးမိသည်။

အစ်ကိုဘဆွေက ခပ်ယဲ့ယဲ့ပြုံးလိုက်ပြီး ခေါင်းကိုအသာညိတ်သည်။

"မင်းရော ဘာဖြစ်သွားသေးလဲ"

ဟု စိုးရိမ်တကြီး ပြန်မေး၏။

"နည်းနည်းပါးပါး ထိခိုက်မိတာပဲရှိတယ်၊ ဒဏ်ရာကြီး ကြီးမားမားတော့ မရှိပါဘူး"

အစိုးရိမ်သက်သာစေရန် ညာပြောလိုက်တာဖြစ်သည်။ အမှန်



တော့ သူညာဘက်လက်တစ်ဖက်မှာ ရူးရူးဝါးဝါးအောင့်နေသည်။ တုတ်ရိုက်ချက်တွေကို ညာဘက်လက်နဲ့ချည်း ကာကွယ်မိခဲ့တာ မဟုတ်လား။

"ငါ မင်းစကားနားထောင်ခဲ့မိရင် အကောင်းသားနော်"

နောင်တရသလိုဆို၏။

"အဲဒီတုန်းက ကျွန်တော့်စိတ်ထဲ ဘယ်လိုဖြစ်တယ်မသိဘူး မကြာခင် အန္တရာယ်တစ်ခုနဲ့ ကြုံတော့မယ်လို့ ကြိုသိနေမိသလိုပဲ၊ စိတ်ထဲလေးနေတာလေ"

"မင်းစကားကို နားမထောင်ခဲ့မိတော့ အခုလို ဆေးရုံတက်ရဖို့ ဖြစ်လာရပြီပေါ့၊ တော်သေးတာပေါ့ မင်းဘာမှမဖြစ်တာ၊ နို့မို့ ငါနောင်တရလို့ ဆုံးမှမဟုတ်တော့ဘူး"

မောင်ဇော်က ဟန်ဆောင်ကာ ပြုံးလိုက်မိသည်။ သူ့ ညာဘက်လက်အကြောင်း မပြောတော့ဘူးလို့လဲ စိတ်ဆုံးဖြတ်လိုက်မိ၏။

"ဟော အစ်ကိုဇော် ရောက်နေတာကိုး"

အသံကြား၍ နောက်သို့ လှည့်ကြည့်မိသည်။ ခင်မမက ဆွဲခြင်းကြီးတစ်လုံးဆွဲကာ ဝင်လာသည်။

"ဟုတ်တယ်ခင်၊ ကျွန်တော် ခုလေးတင်ပဲ ရောက်လာတာ"

www.burmeseclassic.com

www.burmeseclassic.com



"သြော်… ဟုတ်လား၊ ခင်တောင်နည်းနည်းနောက်ကျသွားတယ်၊ အစ်ကိုကြီးဆာနေပြီလားဟင်"

ခင်မမက ပြောလည်းပြောရင်း ကုတင်ဘေးရှိ စားပွဲခုံပေါ်သို့ ဆွဲခြင်းထဲမှ ထမင်းချိုင့်ကိုထုတ်ကာ လှမ်းတင်လိုက်သည်။

"ဆာပြီပေါ့ကွ"

"အို… ဆောရီးပါကွယ် ညီမလေး မနက်ကဈေးသွားတာ နောက်ကျသွားတယ်၊ ထမင်းဟင်းတွေ ကမန်းကတန်းချက်ပြီး ထွက်လာခဲ့တာ အစ်ကိုကြီး ဆာနေလောက်ပြီလို့ထင်တော့ ထင်သား၊ ဒီကြားထဲ ဘော်ဘီတို့ကလဲ သူတို့ကို အစာမကျွေးလို့ သောင်းကျန်းနေတာ၊ ညီမလေးလဲ တစ်ယောက်တည်း ခေါင်ချာကိုစိုင်းနေတော့တာပဲ"

ပါးစပ်မှလည်းပြောရင်း လက်မှလည်း ချိုင့်ကို စိုးစိုးဇက်ဇက်ဖြင့်ဖွင့်ကာ ထမင်းပွဲအသင့်ပြင်လိုက်သည်။

"အစ်ကိုကြီး စားတော့မလား"

"အင်း စားမယ်လေ… သြော် မောင်ဇော် မင်းပါတစ်ခါတည်း ဝင်စားလိုက်ပါလားကွ"

အစ်ကိုဘဆွေက မောင်ဇော်ကို လှမ်းကြည့်ပြီးပြောသည်။

"ဟုတ်သားပဲ အစ်ကိုဇော်ပါ တစ်ခါတည်း စားလိုက်တော့



ခင်ထမင်းတွေ ဟင်းတွေ အများကြီးထည့်လာတယ်သိလား"

ခင်မမကလည်း ဖော်ရွေစွာ လှမ်းခေါ်သည်။ မောင်ဇော်ငြင်းလိုက်မိသည်။

"မစားတော့ပါဘူး ကျွန်တော် ခုပဲစားလာလို့ပါ"

"ဘာလဲ အစ်ကိုဇော်က ခင်တို့ကို အားနာနေတာမှတ်လား"

"မဟုတ်ရပါဘူးဗျာ ကျွန်တော် တကယ်ပဲစားလာတာပါ"

ဧည့်သည်ကို ရှေ့ထားပြီး ထမင်းစားရမည်ကို ဝန်လေးကြသော မြန်မာလူမျိုးတို့၏ စိတ်ရင်းမှန်ကိုသိသူပီပီ မောင်ဇော်သည် အလိုက်တသိပင် ပြန်ရန်ပြင်တော့သည်။

"ကျွန်တော်ပြန်လိုက်ပါဦးမယ်၊ နောက်နေ့မှပဲ တစ်ခေါက်ထပ်လာခဲ့မယ်နော်"

မောင်နှမနှစ်ဦးကို အပြုံးဖြင့် နှုတ်ဆက်ရင်း ထွက်လာခဲ့မိသည်။

ပြီးပါပြီ

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၀)

ဆေးရုံအတွင်းသို့ လှမ်းဝင်လိုက်သည်နှင့် ဆေးရုံနံ့ကို ရှူရှိုက်ရသည်။

ခုတင်များထက်တွင် ဝေဒနာသည်များက အမျိုးမျိုးပင်။ ပြုံးသူကပြုံးနေသည်။ မှိန်းသူက မှိန်းနေသည်။ ညည်းသူက ညည်းနေသည်။ ငိုသူက ငိုနေကြသည်။

ထိုလူများကို တစ်ယောက်ချင်း လိုက်ကြည့်မိရင်း မောင်ဇော် ခပ်ဖြည်းဖြည်း လျှောက်လာသည်။

လူမစည်ကားအပ်သော အရပ်များတွင် ဆေးရုံလည်း အပါအဝင်ဖြစ်သည်။ သို့သော်လည်း လူပြည်တွင် လူကလေးများ အသစ်



သစ်တိုးလာသည်နှင့်အမျှ ဆေးရုံများတွင်လည်း အိုကြ၊ နာကြသော အရွယ်ပေါင်းစုံ လူများနှင့် စည်ကားသည်ထက် စည်ကားလာသည်။

"ဟော.. အစ်ကိုဇော် အစောကြီး ရောက်လာတာလား"

တွေးတွေးငေးငေးဖြင့် လျှောက်လာမိရာ ရှေ့မှ လာနေသော ခင်မမကိုပင် မမြင်မိ။ အနားရောက်လာပြီး နှုတ်ဆက်တော့မှ သိတော့သည်။

"ဪ... ခင်"

"ဘာတွေ ငေးနေတာတုန်း ခင်လျှောက်လာတာ မြင်တောင် မမြင်မိဘူး"

မောင်ဇော်က ခေါင်းကုတ်ကာ ရယ်လိုက်ရင်း ...

"လူနာတွေကို ငေးလာမိတာလေ၊ ဝေဒနာခံစားနေရတဲ့ လူတွေကို ကိုယ်ချင်းစာမိတယ်၊ ဒီနေရာကို ဘယ်သူရောက်လာချင်မှာလဲနော်၊ ဒါပေမဲ့လည်း ရောက်စရာအကြောင်းက ကြုံလာတော့ ရောက်လာရတာပဲလေ"

"ဟုတ်တယ် အစ်ကိုဇော်ရေ အစ်ကိုကြီးဆို ဆေးရုံကဆင်းချင်ပြီ ဆင်းချင်ပြီနဲ့ တညည်းထဲ ညည်းနေတော့တာပဲ"

"အစ်ကို... ဆေးရုံက ဘယ်တော့ဆင်းရမှာလဲ"

"နောက်နှစ်ရက်လောက်ဆို ဆင်းရတော့မယ်လို့တော့ ပြောတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



စကားတပြောပြောနှင့် လျှောက်လာကြရင်း အစ်ကိုဘဆွေ၏ ကုတင်သို့ပင် ရောက်လာသည်။

"ဟာ မောင်ဖော်ပါ ပါလာတာကိုး"

အစ်ကိုဘဆွေက လှမ်းနှုတ်ဆက်သည်။ သူက ထူထူထောင်ထောင်ပင် ဖြစ်နေပြီး လန်းလို့ရွှင်လို့။

"အစ်ကို နေကောင်းရဲ့လား"

မောင်ဖော်က ကုတင်ဘေးရှိခုံတွင် ဝင်ထိုင်လိုက်ရင်း မေးမိသည်။

"အေး ကောင်းပါတယ်ကွာ၊ ငါတော့ ဆေးရုံက အမြန်ဆင်းချင်နေပြီဟေ့၊ တစ်နေ့ တစ်နေ့ ဘာအလုပ်မှမလုပ်ရတော့ ပျင်းလိုက်တာကွာ၊ ငါ့ညီမလည်း ဆေးရုံကိုသွားလိုက်လာလိုက်နဲ့ အတော်ပင်ပန်းနေရှာပြီ၊ မင်းအားရင် သူ့ကို ဟိုနားဒီနားလေး လိုက်ပို့ပေးစမ်းပါ၊ စိတ်အပန်းပြေလေး ဖြစ်သွားအောင်လို့လေ"

အစ်ကိုဘဆွေ သူ့ညီမကို သနားဟန်ဖြင့် မောင်ဖော်ကို အကူအညီတောင်းသလို ပြော၏။

"အို... အစ်ကိုကြီးကလဲ အစ်ကိုဖော်ကို အားနာစရာ"

ခင်မမက အားတုံ့အားနာဟန်ဖြင့် ဝင်ပြော၏။



"ဩော်... ရပါတယ်... အားနာစရာ မလိုပါဘူး ခင်ရယ်ခင်သွားချင်တဲ့နေရာသာပြော ကျွန်တော်လိုက်ပို့ပေးပါမယ်"

လောကွတ်စကားမဟုတ်ပါဘူး။ သူ့ရင်ထဲက စေတနာစကားသက်သက်ရယ်ပါ။ တကယ်တော့ ကျွန်တော်ဟာ...

... ခင့်အနားမှာ ရှိနေခွင့်ရတဲ့ အချိန်လေးတွေကိုပဲ ကျေနပ်နေရသူပါလေ။

www.burmeseclassic.com

## အခန်း (၂၁)

နောက်နေ့ နေ့လယ်မှာ ကမ်းနားဘက်ဆီသို့ မောင်ဇော်တို့ နှစ်ယောက် ရောက်လာခဲ့ကြသည်။

ခင်မမက သဲသောင်ပြင်ပေါ် လမ်းလျှောက်ရင်း လေညှင်းခံချင်တယ်ဟု ပြောသဖြင့် ထိုနေရာသို့ ရောက်လာခဲ့ကြခြင်းဖြစ်သည်။

ပင်လယ်ကမ်းစပ်ရှိ သဲနုံဖွေးဖွေးပေါ်၌ မောင်ဇော်တို့ ဟိုငေးဒီငေးဖြင့် လျှောက်လာခဲ့ကြသည်။

ပင်လယ်ပြင်မှ တိုက်ခတ်လာသည့် အေးမြသောလေ၊ ပြာလဲ့သော ကောင်းကင်နှင့် လွင့်မျောနေသော တိမ်ဖွေးဖွေးများ၊ ချစ်ရသော မိန်းကလေးနှင့် တူယှဉ်တွဲကာ လျှောက်လာရသည့်အဖြစ်ကြောင့် အခုန်



မြန်နေသည့် ရင်ခုန်သံတို့ကြောင့် တဖြည်းဖြည်း ဖြစ်ပေါ်လာသည့်က ကျွန်တော့်ရင်ထဲ ကြည်နူးငြိမ်းချမ်းမှု အရသာတွေ ပြည့်လျှမ်းလာခြင်း ဖြစ်သည်။

''သိပ်လိုက်တဲ့ စုံတွဲပဲနော်''

ခပ်လှမ်းလှမ်း ရေစပ်တွင် ပိုက်ကွန်မှ ငါးများဖြုတ်နေကြသော တံငါသည်တစ်စုမှ ပြောလာသည့် အသံကို သူတို့နှစ်ယောက်စလုံး ကြားလိုက်ရ၏။

မောင်ဇော်သည် ကြည်ကြည်နူးနူး တွေးနေမိသည်။ အတွေးတို့ပြတ်ကျသွားကာ မျက်နှာပူပူဖြင့် ခင်မမကို လှည့်ကြည့်မိသည်။

ခင်မမက ခေါင်းငုံ့ကာ ရှက်ပြုံးလေး ပြုံးနေသည်ကို တွေ့ရသည်။ ဖြူနုသော မျက်နှာလေးမှာ အနည်းငယ် နီမြန်းနေ၏။ လည်ပင်းတွင် စည်းထားသော ပုဝါစလေးမှာ လေရှိန်ကြောင့် တလွင့်လွင့်ဖြစ်နေသည်။ သူမက မျက်လုံးနက်နက်ကလေး ထောင့်ကပ်ကာ မောင်ဇော်ကို စွေကြည့်သည်။

မောင်ဇော်က စိုက်ကြည့်နေသဖြင့် မျက်ဝန်းချင်းဆုံသွားကာ ရှက်ကိုးရှက်ကန်းဖြစ်သွား၏။

မျက်လွှာကို အသာချသည်။ မျက်မှောင်တွန့်၏ နှုတ်ခမ်းများ နူးညံ့စွာ ပြုံးလာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်ဇော်က ခင်မမအနေခက်မည်စိုး၍ အကြည့်လွှဲဖယ်ကာပင် ဘယ်ဘက်သို့ မျက်နှာမူလိုက်သည်။ ခင်မမလဲ သူကြည့်ရာဘက်သို့ လိုက်ကြည့်နေသည်ကို မျက်ဝန်းထောင့်စွန်းမှ မြင်နေရသည်။

"ဟယ်... ဟိုမှာ ကျွန်းကလေးတစ်ခုပဲ"

ခင်မမ မြစ်လယ်မှ ကျွန်းလေးတစ်ကျွန်းကို လက်ညှိုးထိုးကာပြော၏။

"အစ်ကိုဇော်"

မောင်ဇော်က ခင်မမကို ငဲ့ကြည့်သည်။

"အဲဒီကျွန်းလေးဆီ သွားချင်တယ်၊ လိုက်ပို့ပါလား"

ကလေးတစ်ယောက်လို ပူဆာ၏။ မောင်ဇော် ကျွန်းလေးဆီလှမ်းကြည့်မိသည်။ ကမ်းစပ်နှင့်တကွ သိပ်မဝေးလှ။ ခပ်လှမ်းလှမ်းရေစပ်တွင် လှေတစ်စင်း ချည်ထားသည်ကို တွေ့ရသည်။

မောင်ဇော် ခေါင်းအလိုလို ညိတ်မိသွားသည်။

"ခင်သွားချင်တယ်ဆိုမှတော့ လိုက်ပို့ပေးရမှာပေါ့"

ဘာလိုလိုစကားဆိုမိသည်။ ပြီးမှ ကိုယ့်စကားကိုယ် မလုံမလဲဖြစ်ကာ ရှက်သွားသည်။

ခင်မမက အလိုလိုက်ခံလိုက်ရသော ကလေးတစ်ယောက်လိုမြူးတူးသွား၏။ သွားတန်းဖြူဖြူလေးများပေါ်အောင် ရယ်သည်။



အသင့်တွေ့သော လှေကိုလှော်ကာ ကျွန်းကလေးဆီသို့ရောက်လာခဲ့ကြသည်။ ပင်လယ်လှိုင်းလေးများ တလိမ့်လိမ့်နှင့် ပြေးလာပြီး ရိုက်ခတ်နေသော ကမ်းခြေလေးပေါ်တွင် သူတို့ လမ်းလျှောက်ကြသည်။

ကျောက်စိုင် ကျောက်သားများကို ရိုက်ခတ်လာသော လှိုင်းပုတ်သံ တဝုန်းဝုန်းကိုး နားထောင်ရင်း လက်ဆတ်သော ပင်လယ်လေကို ရှူရှိုက်မိကြသည်။

ရေလှိုင်းဖွေးဖွေးလေးများ ကမ်းစပ်သို့ တလိမ့်လိမ့်နှင့် ပြေးတက်လာသည်နှင့် ခင်မမက သူ့ခြေထောက်လေးများ ရေမစိုအောင် ကမ်းပေါ်သို့ တက်ပြေးသည်။

ထို့နောက် ရေလှိုင်းများ သယ်လာ၍ ကမ်းစပ်ပေါ်တွင် တင်ကျန်ရစ်သော ခရုကမာကောင်လေးများကို လိုက်ကောက်သည်။

ဤသို့ ရေလှိုင်းလာရင် ကမ်းပေါ်တက်ပြေးလိုက်၊ ရေလှိုင်းကျသွားရင် ခရုကောက်လိုက်နှင့် သူမမှာ ပျော်မဆုံးနိုင်အောင် ရှိနေသည်။

"ခင် ပျော်လားဟင်"

www.burmeseclassic.com

www.burmeseclassic.com



"အို... သိပ်ပျော်တာပေါ့၊ ဒီလိုပင်လယ်အလှအပကို မခံစားရတာ ကြာပြီရှင့်၊ ရောက်တုန်း ရောက်ခိုက် အဝပျော်ပစ်လိုက်ဦးမယ်"

ခင်မမက သွက်လက်မြူးတူးစွာ ဆိုလိုက်သည်။ မောင်ဇော်သည် ခင်မမ၏ အရယ်အပြုံး၊ အပြုအမူတို့ကို ဘေးမှ အသာငေးရင်း ကျေနပ်ပီတိ ဖြစ်နေမိသည်။

တဖြည်းဖြည်းနှင့် ညနေစောင်းလာ၏။

"ခင်... နေလည်းစောင်းနေပြီ ပြန်ကြရအောင်နော်"

မောင်ဇော်က ခင်မမကို သတိလှမ်းပေးလိုက်၏။ ခင်မမက ပင်လယ်တွင်းသို့ ဝင်ရောက်စပြုနေပြီး နေလုံးကို ငေးနေရင်းမှ မောင်ဇော်ကို လှည့်ကြည့်လာ၏။

"ပြန်တော့မှာလား"

"အင်းလေ ပြန်ကြရအောင် တော်ကြာ မှောင်လာတော့မှာ"

ခင်မမက ပြန်ချင်သေးပုံမပေါ်သော်လည်း သူ့စကားနားထောင်ဟန်ဖြင့် ခေါင်းညိတ်လက်ခံ၏။

လှေရပ်ခဲ့သည့်နေရာသို့ ရောက်လာခဲ့သော် သူတို့ခေါင်းနပန်းကြီးသွားကြသည်။



"ဟင် လှေမရှိတော့ဘူး"

မောင်ဇော်က အလန့်တကြား ရေရွတ်ရင်း သူနဖူးသူရိုက်မိ၏။

"ဟာ ခုမှသတိရတယ် လာတုန်းကလှေကို ကြိုးမချည်ထားခဲ့မိဘူး"

"ဟောတော့ ဒါဆို လှေဘယ်မျောသွားပြီလဲ"

ပင်လယ်ဘက်ကြည့်မိတော့ လှေ၏အရိပ်အယောင်ကိုသော်မှ မမြင်ရတော့ပေ။ မောင်ဇော် စိတ်ပျက်သွားသည်။ ဒီပုံဆို ဘယ်လိုပြန်ကြရတော့မလဲ။ လူသူမရှိတဲ့ ကျွန်းပေါ်မှာ သူတို့နှစ်ယောက်တည်း။

ခင်မမကို လှမ်းကြည့်မိသည်။ သူမက ဘာကိုမှ တွေ့မှုပုံမရပဲ အေးအေးဆေးဆေး ရှိနေသည်။

တဖြည်းဖြည်း မှောင်းစပျိုးလာပြီ။ ခဏကြာတော့ ပိုးစုန်းကြူး ကလေးများ ဟိုတစ်ကောင် သည်တစ်ကောင် ပျံတက်လာကြသည်။ နောက်တော့ အများအပြားဖြစ်လာသည်။

ခင်မမက ပိုးစုန်းကြူးကောင်လေးများကို လိုက်ဖမ်းနေ၏။ သူမပျော်နေပုံရသည်။ မောင်ဇော်မှာသာ စိတ်အညစ်ကြီးညစ်ကာ စိတ်ပျက်လက်ပျက်ထိုင်နေမိသည်။

"အစ်ကိုဇော်... စိတ်ညစ်နေတာလား"

www.burmeseclassic.com

www.burmeseclassic.com



ခင်မမက သူထိုင်နေရာ ကျောက်ဆောင်နှင့် မလှမ်းမကမ်းတွင် ဝင်ထိုင်ရင်းမေး၏။ သူသက်ပြင်းကိုသာ မှုဉ်းမှုဉ်းချလိုက်မိ၏။

"ခင်နဲ့ ခုလိုထွက်လာတာကို နောင်တရနေတာလား"

သူ ဘာမှမဖြေမိ။ ခေါင်းကိုသာ ရမ်းပြမိသည်။

"အစ်ကိုဇော်က ခင့်ကိုရှောင်သလို အမြဲလုပ်နေတာကို ခင်သတိထားမိပါတယ်၊ အဲဒါ ဘာဖြစ်လို့လဲဟင်"

သူ ခေါင်းကိုငုံ့လိုက်မိသည်။ သက်ပြင်းကိုသာ ဆောင့်ခနဲချ၏။ အကြောင်းရှိလို့ပေါ့ ခင်ရယ်ဟု စိတ်ထဲက တီးတိုးပြောမိသည်။

"အဲဒါ အစ်ကို့ရဲ့ ဟောကိန်းကြောင့်များလား"

ရင်ထဲ ထိတ်ခနဲ ဖြစ်သွားကာ ခင်မမကို တအံ့တသြကြည့်လိုက်မိသည်။

ဒီလိုမျိုး ဖွင့်မေးလိမ့်မည်ဟု သူ မထင်ခဲ့မိ၍လည်း ရုတ်တရက် အံ့အားသင့်သလို ဖြစ်သွားသည်။

"ဘာလဲ အစ်ကိုက တစ်ခုခုကို ကြောက်နေတာလား"

"ဟို... မဟုတ်ဘူး စိုးရိမ်တာ"

ပါးစပ်မှ လွှတ်ခနဲ ထွက်သွား၏။

"စိုးရိမ်တာ ဘာကိုစိုးရိမ်တာလဲ"

ဟု သူမက နားမလည်သလိုမေး၏။



"ကျွန်တော်... ကျွန်တော်"

ထစ်တီးထစ်အဖြစ်နေပြီး ပြောသင့်မပြောသင့် စဉ်းစားနေမိသည်။

"သြော်... ခင် သဘောပေါက်ပြီ၊ ကိုဇော်က ဟောထားတဲ့အတိုင်း အမှန်တကယ် ဖြစ်လာမှာကို စိုးရိမ်နေတာပေါ့ ဟုတ်လား"

ခင်မမက လိုရာဆွဲတွေး၍ပြော၏။ မောင်ဇော်က ပျာပျာသလဲ ဖြစ်သွားကာ

"မဟုတ်ဘူး အဲဒီလိုမဟုတ်ဘူး ကျွန်တော်က အဲဒီလိုမဖြစ်လာမှာကို စိုးရိမ်နေတာ ကျွန်တော် ခင့်ကို ချစ်နေတာကြာပြီ ခင်ငြင်းမှာကိုကြောက်ပြီး ဖွင့်မပြောရဲတာပါ၊ ကျွန်တော့်ကို မငြင်းပါနဲ့နော် ခင်နော်"

ကလေးတစ်ယောက်လို မရမကပူဆာလိုက်မိသည်။ မောင်ဇော်သည် သူ့အဖြစ်ကိုသူ သတိမထားမိပဲ ခင်မမ အထင်လွဲသွားမှာစိုးရိမ်ပြီး ပြောချင်ရာ ဖွတ်ပြောနေ၏။

"ဟင်... ဖွင့်မပြောရဲလို့သာပဲ၊ တစ်ခါတည်းကို အဖြေတောင်းနေပါလား"

ခင်မမပြောတော့မှ မောင်ဇော် သူ့အဖြစ်ကို သတိထားမိသွားကာ ရှက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ"

မျက်လုံးပြူးကာ နှုတ်ခမ်းကို လက်ဝါးနှင့် အသာကာ၏။

"မထူးတော့ပါဘူး ခင်ရယ်၊ ကျွန်တော့်ကို တစ်ခါတည်း သာ အဖြေပေးလိုက်ပါတော့၊ ခင် ကျွန်တော့်ကို ချစ်တယ် မဟုတ်လားဟင်"

ခင်မမက အရှက်သည်းစွာ အမူပိုချင်နေသေးသော်လည်း မောင်ဇော်က မရမက အတင်းမေးနေ၍ မငြင်းသာတော့ပဲ ခေါင်းညိတ် လိုက်မိသည်။

"ခင်လဲ အစ်ကို့ကို ချစ်ပါတယ်"

သူတို့နှစ်ဦး၏ ရင်ခုန်သံများ လှိုင်းပုတ်သံနှင့်အပြိုင် ဆူညံ သွားကြသည်။ အချစ်တည်းဟူသော အရာအောက်၌ ဘာကိုမှသတိမရ နိုင်ကြတော့ပေ။

အဝေးဆီမှ တလက်လက်နှင့် မီးအလင်းရောင်လေးကို တွေ့လိုက်ရပြီး လှေတစ်စီး သူတို့ရှိရာ ကမ်းဆီသို့ ဦးတည်လာနေ သည်ကို တွေ့ရသည်။

ကမ်းစပ်သို့ ဆိုက်လာတော့ လှေပေါ်တွင် နေ့လည်ကတွေ့ ခဲ့ရသည့် တံငါသည်အုပ်စုကို တွေ့လိုက်ရ၏။

"မင်းတို့ ဒီကျွန်းကိုထွက်သွားတာ တွေ့လိုက်ပြီး ပြန်မလာ



လို့ စိတ်ပူပြီး ငါတို့လိုက်လာတာ"

တံငါသည်တွေကပြော၏။

"ကျွန်တော်တို့လည်း ဒီမှာ ပြန်မလို့ဟာ အခက်တွေ့နေတာ နဲ့၊ လာတုန်းက စီးလာတဲ့လှေကို ကြိုးမချည်ခဲ့တော့ ဘယ် မျောသွားမှန်း မသိလိုက်ဘူး"

မောင်ဇော်က ရှင်းပြလိုက်သောအခါ တံငါသည်များမှာ ပြုံး စိစိဖြစ်သွားကြ၏။ မနေနိုင်သူ တစ်ဦးက ပြောလာ၏။

"မင်းတို့စုံတွဲကလဲ ချိန်းတွေ့တာနဲ့ ဘာကိုမှ သတိမထား နိုင်တော့ဘူးလား"

အားလုံး ဝိုင်းရယ်ကြသည်။ မောင်ဇော်လည်း အရှက်ပြေ ရယ်ရင်း

"ဒီကိုလာတုန်းကတော့ ကျွန်တော်တို့က စုံတွဲမဟုတ်ပါ ဘူး"

"ဟင်... မင်းတို့က စုံတွဲမဟုတ်ဘူးလား"

တံငါသည်တွေကအားလုံး အံ့အားသင့်ဖြင့် အလန့်တကြား မေးကြသည်။ မောင်ဇော်က ပြုံးလိုက်ပြီး ခင်မမကို လှမ်းကြည့်လိုက် ၏။

"ခုတော့ စုံတွဲဖြစ်သွားပါပြီ"

www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကြောင့် ကြောင်အမ်းအမ်းဖြစ်သွားသော တံငါသည်များသည် မျက်မှောင်တွန့် သူတို့ ခေါင်းကုတ်သူကုတ်နှင့် ဖြစ်သွားကြသည်။

ခင်မမက အရှက်သည်းစွာ ပြုံးနေလေ၏။

## အခန်း (၂၂)

ဆေးရုံကဆင်းဆင်းချင်း သူ့ကိုတွေ့ချင်သည်ဆိုတာနှင့် အစ်ကိုဘဆွေတို့အိမ်သို့ မောင်ဇော် ရောက်လာခဲ့ရသည်။

သူ့ကိုမြင်တော့ အစ်ကိုဘဆွေက

"လာကွာ မောင်ဇော် ငါမင်းနဲ့အရေးတကြီး တိုင်ပင်စရာရှိတယ်"

"ဘာများလဲ အစ်ကို"

ညှော်ခန်းရှိ ထိုင်ခုံတွင် ဝင်ထိုင်ရင်း သူပြောမိသည်။

"ဟိုတစ်ခါသေသွားတဲ့ အလုပ်သမားတွေရဲ့ ကိစ္စပဲပေါ့"

"သြော်… အဲဒါ ဘာထူးလို့လဲ"

"ငါ အဲဒီခြံပိုင်ရှင် ဦးရာဇက်ကို မသင်္ကာဘူးကွ ဘာလို့လဲ

www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ မင်းဟောထားတဲ့ တရားခံရဲ့ အချက်အလက်တွေနဲ့ ကိုက်ညီနေတယ်ကွ''

''ဟုတ်လား ကျွန်တော် အဲဒီလူကြီးကို မြင်ဖူးရင် ကောင်းမှာပဲ''

အစ်ကိုဘဆွေက ခေါင်းကို အသာရမ်းသည်။

''အဲဒီလူကြီးကို တွေ့ဖို့မလွယ်ဘူး၊ သူက မြို့နှာမျက်ဖုံးကြီး၊ ပြီးတော့ ဘုရင်ခံအထိတောင် ပေါက်ရောက်တယ်''

''ဒါဆို သူက ဘာလို့ အလုပ်သမားတွေကို ပြန်သတ်တာလဲ မသိဘူးနော်''

မောင်ဇော် မစဉ်းစားတတ်အောင် ဖြစ်သွားသည်။ အစ်ကိုဘဆွေက တလေးတစိုက် စဉ်းစားနေဟန်ဖြင့် ငြိမ်သွားသည်။ မေးစေ့ကို ပွတ်နေ၏။

''ငါထင်တာ ပြောရရင် အလုပ်သမားတွေက သူ့ဆီက ပစ္စည်းခုခိုးဖို့ ကြိုးစားပုံပဲ၊ ဒါကြောင့် မသေခင် သူတို့လက်တွေကို တော်တော်ပြင်းပြင်းထန်ထန် ရိုက်ပြီး နှိပ်စက်ထားတာ တွေ့တယ်၊ တခြားသူတွေ နောက်မလုပ်ရဲပဲ နောင်ကျဉ်အောင် သတိပေးလိုက်တဲ့ သဘောပေါ့၊ ဒါပေမဲ့ သူတို့ ခိုးတဲ့ ပစ္စည်းကလဲ အပြင်လူသိမခံဝံ့တဲ့ ပစ္စည်းဖြစ်ပုံရတယ်၊ ဒါကြောင့် သူတို့ကို တစ်ခါထဲ အပြတ်ရှင်းလိုက်တာ ဖြစ်



မယ်၊ ငါအဲဒီလူကြီးရဲ့ ခြံဝန်းထဲကို ခိုးဝင်ချင်တယ်ကွာ သူ့မှာ မြေတိုက်ခန်းရှိတယ်လို့ သဲလွန်စရထားတယ်၊ အဲဒီမြေတိုက်ခန်းထဲမှာ သက်သေပစ္စည်းတစ်ခုခုတော့ တွေ့မှာပဲ''

''နေပါဦး အစ်ကို အရမ်းရမ်းမလုပ်နဲ့ဦး ကျွန်တော် ဒီကိစ္စကို ဘာတွေထူးခြားမလဲလို့ အာရုံခံကြည့်ပေးမယ်၊ အစ်ကို ဆန္ဒမစောနဲ့ဦး''

မောင်ဇော်က သတိပေးတားထားလိုက်၏။ အစ်ကိုဘဆွေက သဘောတူလက်ခံဟန်ဖြင့် ခေါင်းညိတ်ပြလေ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

နောက်နေ့မနက်၌ မျက်နှာမသာမယာဖြင့် မောင်ဇော် ရောက်လာ၏။ သူ့ကို မြင်တော့ အစ်ကိုဘဆွေမျက်နှာ ဝင်းသွားသည်။

"ဟာ… စောစောစီးစီး ရောက်လာပါလား၊ ညီမလေးတောင် အခုမှ ဈေးသွားတုန်းရှိသေးတာ"

ရယ်ရယ်မောမောဖြင့် ဆီးကြိုနှုတ်ဆက်လိုက်သော်လည်း မောင်ဇော် မျက်နှာမကောင်းသည်ကို သတိထားမိသွားတော့ အစ်ကိုဘဆွေက မျက်မှောင်ကြုတ်လိုက်သည်။

"ဘာဖြစ်လာတာ မောင်ဇော်"

မောင်ဇော် သက်ပြင်းကို ဟင်းကနဲချလိုက်၏။ အစ်ကိုဘဆွေကို မဝံ့မရဲကြည့်သည်။



"အစ်ကို မနေ့ကပြောတဲ့ကိစ္စကို လက်လျှော့လိုက်ဖို့ ကျွန်တော်ပြောချင်တယ်"

မောင်ဇော်စကားကြောင့် အစ်ကိုဘဆွေက အံ့အားသင့်သွားဟန်ဖြင့်

"ဘာလို့လဲ"

"အသက်အန္တရာယ်ရှိတယ် အစ်ကို"

"ငါ့အတွက် အသက်အန္တရာယ်ရှိတယ်လို့ ပြောတာလား"

မောင်ဇော်က သက်ပြင်းကို ဟင်းခနဲချမိပြန်သည်။

"ဘာပဲဖြစ်ဖြစ် ငါကတော့ လုပ်စရာရှိတဲ့ အလုပ်ကို ဆက်လုပ်ရမှာပဲ"

အစ်ကိုဘဆွေက ခေါင်းမာစွာဆိုနေသည်။

"ကျွန်တော်ကတော့ မလုပ်ပါနဲ့လို့ပဲ တိုက်တွန်းချင်ပါတယ်"

အစ်ကိုဘဆွေ နှုတ်ခမ်း၌ မဲ့ပြုံးတစ်ခုဖြစ်ထွန်းသွား၏။

"မလုပ်လို့ မဖြစ်ဘူး၊ သေချင်သေပါစေ ငါဂရုမစိုက်ဘူး ငါက လုပ်မယ်ဆိုရင် လုပ်ရမှ ကျေနပ်တဲ့သူမျိုးကွ မောင်ဇော်ရ"

ပြတ်သားသော စကားကို ရဲရဲဝံ့ဝံ့ဆိုကာ ဆုံးဖြတ်ချက်ကို

www.burmeseclassic.com

www.burmeseclassic.com



မပြင်နိုင်တော့ဟန်ကို အစ်ကိုဘဆွေ၏ မျက်နှာထက်တွင် မြင်လိုက်ရသည်။

"ကျွန်တော် တောင်းပန်ပါတယ်၊ အစ်ကို အဲဒီကို မသွားပါနဲ့"

မောင်ဖော်က အပြင်းအထန် တားဆီးကန့်ကွက်မိပြန်၏။ အစ်ကိုဘဆွေက မောင်ဖော်မျက်ဝန်းများကို တည့်တည့်စိုက်ကြည့်လာပြီး...။

"ဘာလဲ မင်းကကြောက်လို့လား၊ ရတယ်လေ မင်းမကူညီချင်ရင်နေပေါ့"

"ကျွန်တော်ရှင်းပြပါရစေ"

"ရပါတယ်ကွာ ငါက မင်းဆီက ရှင်းပြတာတွေ မလိုချင်ဘူး၊ ငါ အသက်အန္တရာယ်ရှိတယ်ဆိုတာတောင် ငါမမှုတာ တခြားဟာတွေ ဘာဂရုစိုက်စရာလိုဦးမှာလဲ၊ မရှင်းပြနဲ့တော့"

မောင်ဖော်သည် ပင့်သက်ရှိုက်လိုက်ပြီး နေရာမှ ထလိုက်သည်။

အစ်ကို ဘဆွေကို ဆွေးဆွေးမြည့်မြည့်ကြည့်လိုက်၏။ ပြီးနောက် စိတ်မသက်သာဟန်ဖြင့် ခေါင်းရမ်းလိုက်ပြီး ချာခနဲ လှည့်ထွက်ခဲ့၏။



အစ်ကိုဘဆွေက သူ့ကို ကြောက်ဟု အထင်သေးသော မျက်ဝန်းများဖြင့် စိုက်ကြည့်နေလိမ့်မည်ကိုကား မကြည့်ပဲနှင့် သိနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၄)

လူတစ်ယောက်က သူ့ကိုတွေ့ချင်နေတယ်ဟု အလုပ်သမား ကောင်းလေးလာပြောတော့ ဘယ်သူများပါလိမ့်ဟု အပြေးအလွှား စဉ်းစားရင်း ထွက်လာခဲ့မိသည်။

ဆပ်ကပ်ရုံရှေ့တွင် ရပ်စောင့်နေသူကို မြင်လိုက်ရစဉ်မှာတော့ သူ့ရင်သည် ဒိတ်ခနဲခုန်သွားရ၏။

ခင်ပါလား။

"ခင်… တစ်ယောက်တည်းလား"

ကျောပေးကာရပ်နေသော ခင်သည် ဖျပ်ခနဲလှည့်ကြည့်လာ၏။ သူမ မျက်ဝန်းထဲတွင် စိုးရိမ်ထိတ်လန့်နေမှု အရိပ်အသွင်များ ထင်းခနဲ မြင်လိုက်ရသည်။



"ကိုဇော်"

"ဘာဖြစ်လို့လဲ ခင်… ဘာဖြစ်တာလဲ"

"အစ်ကိုကြီး အိမ်ပြန်မလာတာ တစ်ပတ်ရှိပြီ၊ အဲဒါ အစ်ကို စီ ရောက်လာသေးလားဟင်"

ဟင်… မထင်မှတ်ထားသော စကားမို့ ခေါင်းနပန်းကြီး သွားသည်။

"ရောက်မလာဘူး ခင်ရဲ့"

"ဟင် ဒါဆိုရင် အစ်ကိုကြီးပျောက်နေတာပေါ့"

ထိတ်လန့်စကားနှင့် တုန်လှုပ်နေသော အမူအရာဖြင့် ခင်ကို တွေ့လိုက်ရ၍ သူ စိတ်မကောင်းဖြစ်သွားသည်။

"အစ်ကိုကြီး ဘယ်မှာရှိသလဲဆိုတာ မသိဘူးလားဟင်"

သူက ခေါင်းခါပြလိုက်၏။

ခင် မျက်ဝန်း၌ မျက်ရည်စတစ်ချို့ တွေ့လိုက်ရ၏။ စိုးရိမ် ထိတ်ပျာသွားဟန်ဖြင့် သူ့ကို အမောတကောပြောသည်။

"ခင့်ကို ကူညီပါဦး ကိုဇော်ရယ်၊ ခင်တစ်ယောက်တည်း ဘယ်လိုက်ရှာလို့ ရှာရမှန်းလဲ မသိဘူး"

သူ မလှုပ်မယှက် တောင့်တောင့်ကြီးရပ်ကာ ခင့်ကို စိုက်ကြည့်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုဇော်... ခင်ပြောတာ ကြားရဲ့လား"

"အင်... ဟင် ကြားပါတယ်"

သတိလက်လွတ်နေသူ တစ်ယောက်ကို တွေဝေထုံထိုင်းနေသော သူ့ကို ခင်က အလောတကြီးမေးသည်။

"ကိုဇော်... ခင့်ကိုချစ်တယ်ဆိုရင် အစ်ကိုကြီးကို တွေ့အောင်ရှာပေးပါနော်"

မျက်ရည်တွင်တွင်ကျလျက် တောင်းဆိုလာသော စကား။ ခင်ရယ် ကိုယ် ဘယ်လိုပြောပြရက်တော့မှာလဲ။

သို့သော် ခင့်ကို စေ့စေ့ကြည့်ရင်း စကားတစ်ခွန်းကိုတော့ သေသေချာချာ သူပြောပြခဲ့မိသည်။

"ကိုယ် ခင့်ကို ချစ်ပါတယ်၊ ချစ်လို့လဲ အရာရာကို ရင်ဆိုင်ဖို့ ဆုံးဖြတ်လိုက်ပြီ၊ စိတ်မပူပါနဲ့တော့ ခင်ရယ် အစ်ကိုဘဆွေကို တွေ့အောင်ရှာခဲ့ပေးပါမယ်"

## အခန်း (၂၅)

မှောင်မဲသောအခန်းတစ်ခုထဲ၌ ရောက်နေသည်ကို ဆာဂျင်ဘဆွေ သိလိုက်သည်။ သူ့လက်ကို နောက်ပြန်ကြိုးတုတ်ထားသဖြင့် လှုပ်မရ။ ဦးခေါင်းတစ်ခုလုံး အုံ့ခဲကာ တဆစ်ဆစ်ကိုက်နေ၏။

မာကျောသော အရာတစ်ခုဖြင့် ရိုက်နှက်ခံထားရခြင်းဖြစ်သည်။ သူ့ရှေ့ကြီး ဦးရာဇက်၏ခြံတွင်းသို့ သူ နိုးဝင်လာမိသည်ကို အမှတ်ရသည်။ ထို့နောက် သူ့ခေါင်းကို တစ်ယောက်ယောက်က ရိုက်နှက်လိုက်သဖြင့် သူ့သတိလစ်မေ့မျောသွားခဲ့သည်။

သူသတိပြန်ရလာတော့ အခန်းတစ်ခုထဲ၌ ဖမ်းချုပ်ထားရသည်။ အခန်းတွင်း၌ မဲမဲမှောင်နေသည်။ ဘာဆိုဘာမှ မမြင်ရ။

www.burmeseclassic.com

www.burmeseclassic.com



အမှောင်ထဲသို့ စူးစိုက်ကြည့်နေမိသည်။

အပေါ်ဘက်မှ စကားပြောသံများကို ကြားလိုက်ရပြီး မီးရောင်တစ်ခု လက်ကနဲလင်းလာသည်။

မီးရောင်အောက်တွင် မြင်လိုက်ရသည်က လှေကားတစ်ခု။ ဒါဆို သူရောက်နေတာ မြေတိုက်ခန်းတစ်ခုဟု သိလိုက်သည်။ လှေကားအတိုင်း လူတစ်စုဆင်းလာနေသည်ကို တွေ့ရသည်။ သူ့အနီးတွင် ဝိုင်းလိုက်ကြပြီး သူ့ကို စူးစူးဝါးဝါးကြည့်ကြသည်။

“သတ္တိရှင်ကြီး သတိရလာပြီလား”

ခနဲ့တဲ့တဲ့ လေသံဖြင့် နှုတ်ခမ်းမွေး မုတ်ဆိတ်မွေး ဗရပျစ်နှင့်လူက မေး၏။

“မင်းတို့က ဘယ်သူတွေလဲ ငါ့ကို ဒီမှာဘာလို့ ဖမ်းထားတာလဲ”

“အံမယ်… သူခိုးကများ ပြန်ဟစ်နေသေးတယ်၊ မင်း ဒီခြံထဲ ခိုးဝင်လာတာတွေ့လို့ ဆုံးမဖို့ ဖမ်းထားတာ”

တစ်ယောက်က ဝင်ဟောက်၏။ ဆာဂျင်ဘဆွေက ထိုသူများကို ခပ်စူးစူးကြည့်ကာ မေးလိုက်၏။

“မင်းတို့က ဦးရာဇက်ရဲ့ တပည့်တွေလား”

“ဟုတ်တယ် ငါတို့အလုပ်ကို ဝင်ရှုပ်ချင်တဲ့ မင်းကို ဆုံးမရမယ်လို့ ဆရာကြီး ပြောထားတယ်၊ ဘယ်လိုဆုံးမလဲဆိုတာ



တော့ ငါတို့မသိသေးဘူး၊ ဆရာကြီးလာမှ စီရင်လိမ့်မယ်၊ သေချာတာတော့ မင်းအတွက် ပြန်လမ်းမရှိတော့ဘူး သိရဲ့လား”

“ဟိုတစ်ခါတုန်းကတည်းက အပြတ်ရှင်းမလို့ဟာ ကံကောင်းချင်တော့ လွတ်သွားတယ် ဒီတစ်ခါတော့ မင်းမလွတ်တော့ပါဘူး ပုလိပ်စုတ်ရာ”

အသားများ တဆတ်ဆတ်တုန်လာသည်အထိ ဆာဂျင်ဘဆွေ ဒေါသထွက်နေမိသည်။ အံတင်းတင်းကြိတ်ရင်း စူးစူးဝါးဝါးကြည့်သည်။

“မင်းတို့တွေ ရှေးဟောင်းပစ္စည်းတွေ ခိုးထုတ်ရောင်းနေတာ ငါသိထားတယ်၊ အဲဒီအပြစ်ကြောင့် မင်းတို့လည်း မကြာခင် ဇာတ်သိမ်းမလှ ဖြစ်တော့မှာပါ သိပ်လည်း သွေးနားထင်ရောက်မနေကြနဲ့ကွ”

ဆာဂျင်ဘဆွေက ပြန်လည်အော်ဟစ်ကြိမ်းဝါးလိုက်၏။ ဟိုတစ်စု ကြိတ်မနိုင်ခဲမရ ဒေါသထွက်သွားကြသည်။ တောက်ခေါက်သူခေါက်။ အံကြိတ်သူကြိတ်နှင့်

“ဟိတ်ကောင် ပုလိပ်စုတ် မင်း ငါတို့လက်ထဲမှာရောက်နေတယ်ဆိုတာလဲ သတိထားပါအုံး ဘာ အာကျယ်တာလဲ လုပ်လိုက်ရ သေတော့မယ်”

www.burmeseclassic.com

"ကြာတယ် အာကျယ်ချင်တဲ့ ပုလိပ်စုတ်ကို ဆုံးမလိုက်ကြကွာ"

ပြောပြောဆိုဆိုဖြင့် လက်သီးများ တရစပ် ပြေးဝင်လာ၏။

တဗုန်းဗုန်း တဒုန်းဒုန်းနှင့် ရိုက်ချက်များအောက်၌ ဆာဂျင်ဘခွေမှာ အလူးအလိမ့်။

ရန့်လို ဒေါသကြီးနေသော လူစုမှာ ဒေါသတရား၏ ဖျောဆော်မှုကြောင့် ဘာကိုမှ မမြင်တော့ပေ။

## အခန်း (၂၆)

မခံမရပ်နိုင်အောင် နာကျင်လွန်းလှခြင်းကြောင့် တကျွတ်ကျွတ်ညည်းညူရင်း သူသတိရလာသည်။

ငါ... မသေဘူးပဲ ဟိုလူတစ်စု၏ လက်ချက်ဖြင့် သူ့ကိုယ်သူ သေလူဟု သတ်မှတ်ထားခဲ့မိသည်။ ခုတော့ အသက်နှင့်ခန္ဓာ တပူးတတွဲတည်း ရှိနေသေးသည့် အဖြစ်ကြောင့် ဝမ်းသာဝမ်းနည်းစိတ်ကို တပြိုင်တည်း ခံစားလိုက်ရ၏။

ဒီဘဝက သူ ဘယ်တော့များ လွတ်မြောက်မှာပါလိမ့်၊ ဒီလိုပဲ သူတစ်ပါးရဲ့ နှိပ်စက်ခြင်းကို ခံနေရဦးမှာပဲလား။

စိတ်မသက်သာစွာတွေးရင်း သက်ပြင်းမောကို မှုတ်ထုတ်မိသည်။ ထိုအခိုက် တီးတိုးခြေသံတစ်စုံနှင့်အတူ မီးခြစ်ဆံမီးနှင့်လက်

www.burmeseclassic.com

www.burmeseclassic.com



သွားသော မီးရောင်တစ်ခုကို မြင်လိုက်ရ၏။

ထိတ်ခနဲတုန်သွားကာ အလန့်တကြား စိုက်ကြည့်မိသည်။ မီးရောင်သည် ဟုတ်ခနဲ တောက်လာပြီး ဟုတ်ခနဲ ပြန်မှိန်သွားသည်။ ဘယ်သူ ဘယ်ဝါမှန်း မသဲကွဲလိုက်။ ခြေသံတစ်ခု သူ့အနားသို့ တိုးကပ်လာ၏။

"အစ်ကို"

ရင်းနှီးသော အသံကို ကြားရသည်။

"မောင်ဇော်လား"

"ဟုတ်တယ်… ကျွန်တော် အစ်ကို့ကို လာကယ်တာ"

"ငါ့လက်မှာ ကြိုးချည်ထားတယ် ဖြုတ်ပေးပါဦး"

မောင်ဇော်က သူ့လက်မှကြိုးကို ဓါးဖြင့် အလျင်အမြန်ဖြတ်လိုက်၏။

လူရိပ်လူခြည်ကြည့်ပြီး သူတို့ထွက်လာခဲ့ကြသည်။ ဆာကျင်ဘဆွေက သက်သေခံပစ္စည်းအဖြစ် မြေတိုက်ခန်းထဲတွင် ဝှက်ထားသော ရှေးဟောင်းပစ္စည်း ဘုရား ရုပ်တုတစ်ခုကို ယူလာ ခဲ့လိုက်၏။

အခန်းတစ်ခုအတွင်း၌ လူတစ်စု သောက်စားမူးယစ်နေကြသည်။ ထိုလူစုမမြင်အောင် ရှောင်ကွင်း၍ သူတို့ အပြင်သို့ ရောက်အောင် ထွက်လာခဲ့ကြသည်။



ခြံပြင်တွင် အစောင့်အရှောက် တစ်ယောက်တစ်လေမျှပင် မရှိ ခြံဝင်းခတ်ထားသော အုတ်တံတိုင်းကို ကျော်နိုင်လျှင် အပြင်သို့ ရောက်တော့မည်။ ဒါဆို သူတို့ လွတ်ပြီ။

မောင်ဇော်နှင့် ဆာကျင်ဘဆွေတို့ တစ်ယောက်ကို တစ်ယောက် အချက်ပြလိုက်၏။ အုတ်တံတိုင်းပေါ်သို့ ခုန်တက်လိုက်ကြ၏။

ထိုစဉ် သူတို့အား ဦးရာဇက်တို့ လူစုမြင်သွားကြသည်။

"ဟာ… ဟိုမှာ ပြေးပြီကွ"

ရုတ်ရုတ်သဲသဲအသံများ ကြားလိုက်ရပြီး ပြေးလိုက်လာသော လူစုကိုမြင်လိုက်ရသည်။

"ဒီကောင်တွေ လွတ်သွားလို့ မဖြစ်ဘူး"

ဦးရာဇက်၏ အသံကြီးဟိန်းတက်လာ၏။ ဆာကျင်ဘဆွေမှာ အုတ်တံတိုင်းပေါ်သို့ ရောက်နေပြီး မောင်ဇော်မှာ မရောက်သေး။

"မြန်မြန်တက်ကွ"

ဆာကျင်ဘဆွေက မောင်ဇော်လက်ကို လှမ်းဆွဲလိုက်တော့မှ အုတ်တံတိုင်းပေါ်ရောက်သည်။ အုတ်တံတိုင်းပေါ်က ခုန်းဆင်းပြီး သူတို့ဆက်ပြေးကြသည်။

နောက်မှ လူစုမှာလည်း ထပ်ကြပ်မကွာလိုက်၏။ မနိုင်မှန်း

www.burmeseclassic.com

www.burmeseclassic.com



သိတော့ သေနတ်နဲ့ လှမ်းပစ်သည်။

'အ'

မောင်ဇော် အော်သံကြား၍ ရှေ့မှပြေးနေသော ဆာဂျင်ဘဆွေ လှည့်ကြည့်သည်။

"ဟာ မောင်ဇော်"

"ကျွန်တော့်ကို ထိသွားပြီ အစ်ကို"

မောင်ဇော် လဲကျသွားသည်။ ဆာဂျင်ဘဆွေက ပြေးပွေ့လိုက်၏။

"ကျွန်တော့်ကို ထားခဲ့ အစ်ကိုဆက်ပြေးတော့"

"ဟာ ဘာလို့ထားခဲ့ရမှာလဲ မင်းကို ငါပွေ့သွားမယ်၊ အားတင်းထားနော် မောင်ဇော်"

"ကျွန်တော့်ကံကြမ္မာကို ကျွန်တော်သိပါပြီ၊ ကျွန်တော်မနေရတော့ဘူး၊ အစ်ကိုထားခဲ့ပါတော့၊ ခင့်ကိုလဲ ပြောလိုက်ပါ ကျွန်တော် အရမ်းချစ်ပါတယ်လို့ အစ်ကိုသွားပါတော့"

နောက်မှ လူစုကြီး တဖြည်းဖြည်း နီးလာနေပြီ။ မောင်ဇော်က ဆာဂျင်ဘဆွေကို အတင်းတွန်းလွှတ်နေ၏။

"မသွားဘူးကွာ မင်းကိုထားပြီး ငါမသွားဘူး"

ပြောပြီး မောင်ဇော်ကို ပွေ့ယူ၍ ပုခုံးတွင်ထမ်းပြီး ဆက်ပြေး



သည်။ လမ်းချိုးလေးပြတ်ပြေးလာခဲ့ပြီး လမ်းမပေါ်သို့ရောက်လာ၏။ လော်ရီကားကြီးတစ်စီး လာနေသည်ကိုတွေ့၍ အတင်းဖမ်းတားလိုက်သည်။

ကားသမားက ရပ်ပေး၏။ ကားပေါ်သို့ မောင်ဇော်ကို ကားသမားက ဆွဲတင်ပေးသည်။

"အမြန်မောင်းပေးပါ"

ဆာဂျင်ဘဆွေက ကားသမားကို လောဆော်လိုက်၏။ နောက်သို့လည်း အထိတ်တလန့်ကြည့်သည်။ နီးကပ်လုပြီဖြစ်သော လူစုမှာ လက်မလေးတင် လွတ်သွား၍ မချီတင်ကဲဖြစ်ကာ ကျန်ခဲ့၏။

"ငါတို့လွတ်ပြီကွ မောင်ဇော်ရ"

လမ်းပေါ်တွင် တရိပ်ရိပ်ပြေးနေသော လော်ရီကားကြီးပေါ်တွင် လိုက်ပါလာရင်း ဆာဂျင်ဘဆွေက ဝမ်းသာအားရပြော၏။

မောင်ဇော်ထံမှ အသံမကြား၍ လှည့်ကြည့်မိသည်။

"မောင်ဇော်"

နှုတ်ခမ်းထောင့်တွင် သွေးစီးကြောင်းတစ်ခုနှင့် ငြိမ်သက်နေသော မောင်ဇော်။ လှုပ်ကြည့်သည် မလှုပ်။ သွေးခုန်နှုန်းစမ်းကြည့်သည် မခုန်တော့။

www.burmeseclassic.com

www.burmeseclassic.com



"ဟာကွာ မောင်ဇော်ရာ"

မချိုတင်ကဲ ရေရွတ်လိုက်ကာ မောင်ဇော်ကိုယ်လေးကို ခပ်တင်းတင်းပွေ့ဖက်လိုက်၏။

အသက်ဝိညာဉ်ကင်းမဲ့သော ခန္ဓာကိုယ်လေးမှာ သူ့ရင်ခွင်ထဲ၌ ငြိမ်သက်စွာ ပျော့ခွေလျက်။

## အခန်း (၂၇)

အသစ်စက်စက် အုတ်ဂူဖြူဖြူလေးဘေးတွင် လူနှစ်ယောက် ရပ်နေသည်။ ပရိဒေဝမီး အကြီးအကျယ် လောင်မြိုက်ခြင်းခံနေရသည့် ဝမ်းနည်းကြေကွဲသည့် မျက်ဝန်းအစုံဖြင့် အုတ်ဂူပေါ်ရှိ စာတန်းလေးကို စိုက်ကြည့်နေကြသည်။

မောင်ဇော်

အသက် (၂၅) နှစ်။

"ဒါကြောင့် သူတားခဲ့ကိုး၊ သူ့ကံကြမ္မာကို ကြိုသိလို့ ငါ့ကို မသွားဖို့တားခဲ့တာ၊ မောင်ဇော်ရာ မင်းစကားကို ငါနားမထောင်မိခဲ့ဘူး၊ မင်းဒီလိုဖြစ်မှန်းသိရင် ငါဘယ်လုပ်ပါ့မလဲ ခုတော့... ခုတော့"

ဆို့နစ်ကြေကွဲစွာဖြင့် အသံတို့ တိုးတိမ်ဝင်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



အံတင်းတင်းကြိတ်ကာ ဆက်ပြော၏။

"မင်းကြောင့်သာ ကိုယ့်တိုင်းပြည်က ရှေးဟောင်းပစ္စည်းတွေကို ခိုးထုတ်နေတဲ့ ဂိုဏ်းကြီးကို ဖြိုးခွင်းနိုင်ခဲ့တာ၊ မင်းရဲ့ ကျေးဇူးကို တို့တွေအမြဲ အောက်မေ့ဂုဏ်ပြုနေမှာပါ၊ မင်းရဲ့ အမည်ဟာ ကမ္ဘည်းတွင်ရစ်ခဲ့မှာပါကွာ၊ ငါပြောနိုင်တာ တစ်ခုတော့ရှိတယ်၊ သည်လိုအဖြစ်၊ သည်လိုအခိုက်အတန့် မျိုးကို ငါတို့ဘယ်လို ရှောင်ရှားလို့မရဘူးဆိုတာပဲ၊ မင်းလို ပဲ ငါတို့လဲ မလွဲမရှောင်သာ ကြုံတွေ့လာရဦးမှာပဲ၊ တစ်ကြိမ်မဟုတ် တစ်ကြိမ်ပေါ့၊ ဘာပဲဖြစ်ဖြစ် အသက်ရှင်စဉ် အခိုက်အတန့်လေးမှာ အကျိုးရှိရှိနဲ့ အကောင်းဆုံးလုပ်နိုင်ခဲ့ တဲ့ မင်းကို ငါချီးကျူးပါတယ်ကွာ၊ မင်းကောင်းရာသုဂတိ လားပါစေ"

ဆာဂျင်ဘဆွေက ကြိတ်၍ရှိုက်လိုက်သည်။

"အစ်ကိုကြီး ညီမလေးကိုရော အစ်ကိုဇော် ဘာမှာသွားသေး လဲ"

ခင်မမက မျက်ရည်များအိုင်ထွန်းနေသော မျက်ဝန်းဖြင့် လှမ်း ကြည့်ကာ မေး၏။

"သူမှာသွားပါတယ်"

ဆာဂျင်ဘဆွေ သက်ပြင်းမောကို ရှူရှိုက်ရင်း ဆောင့်ခနဲ



မှုတ်ထုတ်လိုက်၏။

"နင့်ကို သူ အရမ်းချစ်ပါတယ်တဲ့"

ခင်မမ နှုတ်ခမ်းလေးဟကာ မျက်ဝန်းအစုံသည် ပို၍ ညှိုး ရိဖျော့တော့သွားသည်။ မျက်ဝန်းအိမ်မှ မျက်ရည်များက တားမရ ဆီးမရ။

"အစ်ကိုဇော်ရယ်"

အက်ကွဲလှိုက်လှဲစွာ ရေရွတ်သည်။ ထို့နောက် အုတ်ဂူဖြူလေး ပေါ်တွင် မျက်နှာအပ်ကာ ရှိုက်ကြီးတငင် ငိုကြွေးလေတော့၏။

အုတ်ဂူဖြူလေးပေါ်သို့ သစ်ရွက်စိမ်းလေးတစ်ရွက် ဝဲလွင့် ကြွေကျလာသည်။ သစ်ပင်ပေါ်မှ ငှက်တစ်ကောင်က ထိုးဆိတ်ခြွေ ချလိုက်တာ ဖြစ်သည်။

ရော်ရွက်ဝါအဖြစ် ဘဝမပြောင်းသေးပဲ ကြွေခဲ့ရသော သစ် ရွက်လေးသည် သူ့ဘဝကို နှမြောတသစိတ်ဖြင့် သူနေထိုင်ခဲ့ရာ သစ် ပင်ကြီးကိုမျှော်ငေး ကြည့်နေလေ၏။

သဘာဝကြောင့်ကြွေချင်ကြွေ၊ တစ်စုံတစ်ရာ အကြောင်းတစ် ခုခုကြောင့် ကြွေချင်ကြွေ။ ဘာကြောင့်ပဲ ကြွေကြွေ၊ ကြွေချိန်တန်တော့ လဲ ကြွေရတာပါပဲလေ။

ဒဿကျော်စွာ

www.burmeseclassic.com